www.burmeseclassic.com

# ခေါင်းဆောင်ကောင်းမှ ခေါင်းဆောင်ကောင်း



ကနီအောင် (ရမ္မာဝတီ)

(ရေးသားပြုစုသည်)

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | - ၃၁၀၂၁၇၀၇၁၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - ၃၁၀၂၂၇၀၈၁၂ |
| ပုံနှိပ်ခြင်း | - ပထမအကြိမ် <br> မတ်လ၊ ၂၀၁၄ |
| အုပ်ရေ | - ၅၀၀ |
| တန်ဖိုး | - ၁၀၀၀ ကျပ် |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | - ဦးအောင်သန်းစိုး <br> လှိုင်ရောင်စုံပုံနှိပ်တိုက် (မြဲ-၀၇၉၂၆) <br> အမှတ်-၂၇၃၊ ၃၉-လမ်း <br> ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ <br> ဖုန်း- ၂၅၃၄၁၈ |
| ထုတ်ဝေသူ | - ဒေါ်သင်းသင်းမွန် <br> သင်းစာပေ (မြဲ-၀၄၂၃၂) <br> အမှတ်-၁၀၊ ရတနာမြိုင်လမ်း၊ <br> ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ |
| စီစဉ်သူ | - အောင်ရွှေစံ <br> (ရွက်ကျပင်ပေါက်စာစဉ်ဖြန့်ချိရေး) <br> ဖုန်း ၈၅၅၁၀၉၀ |

CIP- ၉၂၃.၁

ဓာနီအောင်(ရမ္မာဝတီ)

ခေါင်းဆောင်ကောင်းမှ ခေါင်းဆောင်ကောင်း

သင်းစာပေ၊ ၂၀၁၄

၁၂၈-စာ၊ ၁၀.၅×၁၆ စင်တီ။

(၁) ခေါင်းဆောင်ကောင်းမှ ခေါင်းဆောင်ကောင်း

**ဓာနီအောင် (ရမ္မာဝတီ)**

(ရေးသားပြုစုသည်)

# ခေါင်းဆောင်ကောင်းမှ ခေါင်းဆောင်ကောင်း

ပြည်လုံးကျွတ်ဖြန့်ချိရေး

ရွက်ကျပင်ပေါက်စာစဉ်ဖြန့်ချိရေး

အမှတ်-၃၃၆၊ ၇-လမ်းသွယ်၊ ပဟိုရ်လမ်းမ-အပိုင်း(၄)

ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၈၅၅၁၀၉၀

www.burmeseclassic.com

www.burmeseclassic.com




**Marilyn Monroe**

ရှင့်မှာ မျက်နှာနှစ်ခုရှိနေရင်
တောင် အနည်းဆုံးတစ်ခုကို
လှနေအောင်လုပ်ရမှာပဲလေ။

—— မပြုံင်နဲ့ ——

ဂရိဥပဒေပညာရှင် လီကူး (၉-၈ ဘီစီ) ကို စပါတန်မြို့သူမြို့သားများက ဗိုင်းမေးကြသည်၊ "ကျွန်တော်တို့ကို တိမ်နီးချင်းနိုင်ငံတွေက ဝင်မတိုက်ရအောင် ဘာလုပ်ရမလဲဟင်"

"ဆင်းဆင်းရဲရဲဆက်နေ၊ တိမ်နီးချင်းထက် ချမ်းသာအောင် ဘယ်တော့မှမကြိုးစားနဲ့" ဟု ၎င်းက ပြန်ပြောသည်။




**Johnny Deep**

ကျွန်တော်ထင်တာကတော့ လုပ်ရမယ့်အရာဆိုတာ ခင်ဗျားတို့ပျော်ပျော်ရွှင်ရွှင်လုပ်ကိုင်နေတဲ့ အရာပဲဗျ။

# မာတိကာ


◆ စာညွှန်း

◆ (အမှာစာ)

၁။ ခေါင်းဆောင်ဗိုလ်ချုပ် ဗိုလ်ချုပ်ခေါင်းဆောင် ၁

၂။ ရဲခေါင်ပြောက်ကျား ချေဗွေဗားရားသို့ ၁၄

၃။ ခေါင်းဆောင်ကောင်းမှ ခေါင်းဆောင်ကောင်း ၂၂

၄။ ခေါင်းဆောင်မှုဆိုသည့်အရာ ၃၉

၅။ ဆင်ပေါ်ကဆင်းလိုက်ပါသူငယ်ချင်း ၅၃

၆။ ခေါင်းဆောင်ဆရာစံ ၅၆

၇။ အနာဂတ်ဆရာခေါ်ရာလမ်း
(သခင်မြသန်းရုပ်ပုံလွှာ) ၆၇

၈။ ကြင်နာသူရေ(သို့မဟုတ်) မကွာင်လေ ၈၀

၉။ ရှေ့သွားခေါင်းဆောင် ၁၀၇


○○○ ○○○ ○○○

www.burmeseclassic.com

www.burmeseclassic.com



**တချွန်း**

ကျွန်ုပ်တို့ရဲ့ သည်းခံနိုင်စွမ်းက ကျွန်ုပ်တို့ရဲ့ အင်အားထက် ပိုပြီး အောင်မြင်ပြီးစီးအောင် ဆောင်ကျဉ်းပေးပါလိမ့်မယ်။

***Ednwd Burke***

*(နိုင်ငံရေးတွေးခေါ်ပညာရှင်)*

လူ့ပင်ကိုယ်အရည်အသွေးဟာ အထီးကျန်တစ်ကိုယ်တည်း ဖြစ်နေချိန်မှာ ကြီးထွားဖွံ့ဖြိုးတယ်…

ပုဂ္ဂိုလ်စရိုက်ဟာ ကမ္ဘာလောကရဲ့ မုန်တိုင်းထန်တဲ့ သုခ ဒုက္ခလှိုင်းလုံးကြားမှာ ပုံပေါ်တယ်…။

*Goethe Torquato Tasso*

*(လျာမန်တွေးခေါ်ပညာရှင်)*

တော်လှန်ရေးတွေဟာ လုပ်လို့ဖြစ်ပေါ်လာတာမဟုတ်ဘူး…။ အလိုလိုရောက်လာကြတာ…။

*(ဝင်းဒဲလ်ဖီလစ်စာရေးဆရာ)*

ရိုးကျူးသြဘာထောပနာပြုသံဟာ မြင့်မြတ်တဲ့စိတ်ဓာတ် ရှိသူတွေအတွက် နှိုးဆွပေးသံသာဖြစ်တယ်…။

စိတ်ဓာတ်နုံချာသူတွေအတွက်တော့ ရည်ရွယ်မျှော်မှန်းချက်ဖြစ်တယ်…။

*(Charles Collor)*

**** **** ****

# (အမှာစာ)

ခေါင်းဆောင်တွေအတွက် ဝိသုဒ္ဓါရုံရွှေကျောင်းသာသနာပိုင် မြောင်းမြ ဆရာတော်ဘုရားကြီးက 'ခေါင်းဆောင်လုပ်မယ့်သူဟာ ဘယ်နေရာမှာမှ ပေါ့ပေါ့လျော့လျော့ မရှိစေရဘူး။ အမြဲ သတိရှိရမယ်။ မှတ်သားရမယ်။ မျက်စိနားကို အမြဲဖွင့်ထားရမယ်'လို့ ဩဝါဒ မိန့်ကြားတော်မူလို့ ထားခဲ့ပါတယ်။

ပြီး… ဆရာတော် ဦးဇောတိက (မဟာမြိုင်တောရ)ကလဲ…

'ခေါင်းဆောင်ဖြစ်မယ့်သူဟာ အပြစ်ပုံချတာကို မလုပ်သင့်ပါ'လို့ မိန့်ကြားတော်မူခဲ့ပါတယ်။

ပြီး… စက်ဘုဝန်ကြီးချုပ်(ဟောင်း) လီကွမ်ယုရဲ့ အောင်မြင်တဲ့ ခေါင်းဆောင်မှုရဲ့ အဓိကအချက်မှာ သူ့ရဲ့နံဘေးမှာ နည်းပညာ၊ အတတ်ပညာမှာ အထူးချွန်ဆုံးပုဂ္ဂိုလ်တွေကို သိုင်းဝိုင်းထားခဲ့တာကြောင့်ပဲ ဖြစ်ပါတယ် ဆိုပါတယ်။

ပြီးတော့ အပြင်ဝန်ထမ်းတွေရဲ့ စွမ်းဆောင်ရည် ထက်မြက်မှု အတွက်လဲ အထူးဂရုစိုက် စောင့်ရှောက်ခဲ့တာပဲ ဖြစ်ပါတယ်။

ခေါင်းဆောင်တွေက အဲဒီအချက်တွေကို အမြဲသတိပြုပြီးတော့ ထူးချွန်ထက်မြက်တဲ့ ပညာရှင်တွေကို မိမိရဲ့ နံဘေးနားမှာ ထားပြီး စီမံ ကွပ်ကဲခေါင်းဆောင်သွားကြရမှာပဲ ဖြစ်တယ် ဆိုထားခဲ့ပါတယ်။

မိမိဒီစာစုတွေကို ကောင်းနိုးရာရာ စုစည်းတင်ပြ ဖော်ကျူး ထားခဲ့တာပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ရသဘက်ကို အလေးကဲဖို့ ကြိုးစားထားပါတယ်။ ကဗျာ၊ စာတန်း၊ ပုံပြင်၊ အက်ဆေးတွေ နှယ်ကောင်းနှယ်နေမှာပါ . . .။

ကဗျာတွေ၊ ပြီး . . သတ္တိရှိတဲ့ ပြောင်မြောက်တဲ့စာပေထိပ်ခေါင်တွေရဲ့ စွမ်းဆောင်ရည်တွေကို သိစေလိုလို့လဲပဲ ဖြစ်ပါတယ်။ မျှဝေခံစားကြဖို့ရာပါ . . .။

<u>ဝိပ္ပတ္တိ(ခေတ်ပွဲ)</u>

ကာလနှယ်ဆိုးပါဘိ . .၊ သူခိုးကလူလူ အလေ့ပေါက်မင်းမူတယ်။ အိမ်သူကိုဧည့်ဆောင်း . . သူကောင်းကို အပြစ်တင်တယ် . . တောင်ယာရှင်မျောက်တွေကမောင်း . . လေးတစ်ရာဆီအခြ ရေနံလောက်မကောင်း . . စိတ်အနေ ရုပ်ပြောင်းလို့ ချောင်းကိုပ မြစ်ထင် . . တူရိယာ နတ်စည်ဆောင်းရယ်နှင့် . . သူတောင်းစားချင်းကတဲ့ အသွင် . . ဝါးလုံးခေါင်း လသာချင်တယ် . .၊ အိမ်ထဲတွင် ကင်းလှည့်လို့ ခင်မတဲ့ မုန်းဇာတ်ချိ . . စုန်းမှတ်ခဲ့ပြီ . . ခုများဖြင့် မုသားညီတယ် လူ့ဘုရားတည် မိန်နှမ်းခဲ့လေး . . .

*(အချုပ်တန်းဆရာစေ)*

<u>မျက်နှာဖြူဘုရင်ခံပွဲ</u>

ထီးဖြူရဲ့ ပြာသာဒ်နှင့် မအပ်တဲ့မရာ လဒ်ဆိုတဲ့မိစ္ဆာ ပိတ်ရှာပြီ . . ဇိဝိ ဖုန်းမဟာန် ဖုန်းတန်ကြ ဆုံးရုပ်နာမ် အားရဝိစိမင်းတုတု ချေးသေသေတယ်။ သွေးတွေ တွေယိုဘိ လဒ်ရန်ကို ဆဒ္ဒန်ဖိ နတ်ဖန်သို့ ဖုန်းတော်ကျွန်းစကားမှုတလွှားမှာ ရွှေထားသွားသတ်ရလိမ့်နော် . . လေ့ကားဆက်အပေါ်မှာ ထီးဖြူတော်နှစ်လက်ကြောင့် သင့်အသက်ထွက်လွယ်စေ . . ထားနှစ်ချက်မွှေ လေးလက်ဖြင့် လေးချက်မွှေမယ် ဘေးသက်သေ လက်ငင်းပါလေး . . .။



<u>ဝိပ္ပတ္တိခေတ်ပွဲ</u>

မောင်ဖို့ရာ လမ်းမရှိပါဘု . .၊ မုန်းကဝိဆုပ်ကွာ ဆန်းကလိယုတ်အခါမှာ မဟုတ်တာပွင့်လင်း သဘောဖြောင့်ရေလိုက်ကြံရင်ငွေဓိုက်ဆဲ ရှားတဲ့ခေတ်တွင်း မုသားကို အပြောသန်သည် မနောကံပျက်ယွင်း . . လောကစံစက်ကွင်းမှာ လက်ငင်းခုမသေ့ ပြုမဲ့ဆို မပြောက်ဖြားပါဘု . . တစ်ယောက်သားလဲလို့ သေသေ . . မထောက်ထားဆိုးဝါးချေသည် မိုးခါးရေ . . အကုန်သောက်တာမို့ ယုံလောက်ဖို့ ဘယ်သူလူလောကမဖြူ . . ကောသလစက်ပျော်သူရယ် . . မက်တော်မူ ကိန်းထင်လေး . .။

(ငှင်း)

<u>ငွေဝှထ်ပွဲ</u>

ခေါင်းမော်လျှင် ခေါင်းပေါ်ခွစေတော့ . . ပေါင်းဖော်ရကြည်ညှိနှုတ်လို့ သူလက်တိုစေ . . ယူဖက်ကိုမငြင်း . . ငွေရှိလို့ ဒင်္ဂါးကြွယ်လျှင်မင်းလားကျွယ် ဆွဲလိမ့်အတင်း ပိုးပုဆိုးနှင့် မြော်မြင်ယူတယ် . .၊ ခေါ်ချင်သူထင်လင်း ဘုရားဒကာ ကြွပါမင်းရယ်လို့ ခဝပ်စင်း ရှိသေ . .၊ ဘယ်လောက်ပင် ပညာဖိုးသော်လဲ နင်ဘာတုန်းမေးတဲ့ခေတ်လေ . .၊ သမီးနှင့် ပြီးမသွေ . . ဓနီးချေမဖြူရပါဟု ငြူစငွေမျက်နှာ လိုက်တဲ့ခေတ်ပါ . . ငွေစကားနှင့်တင်စားလာလျှင် မင်းပညာ ဘာပြုလိမ့်ပေး . . .

(ငှင်း)

ခေါင်းဆောင်ပညာကို သင်ယူလို့ မရနိုင်တဲ့ထဲမှာ ပါဝင်နေပါတယ်။ ခေါင်းဆောင်မှုပညာမှာ မွေးရာပါ အရည်အချင်း (ဗီဇ) သုံးပုံတစ်ပုံနဲ့၊ ကိုယ်တိုင်လေ့လာဖြည့်ဆည်း ဆည်းပူးရတဲ့ ဗဟုသုတသုံးပုံတစ်ပုံနဲ့၊ သင်ယူပြီး တတ်မြောက်တာ သုံးပုံတစ်ပုံ ပါဝင်လို့ နေတယ် လို့

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်တချို့ ယူဆခဲ့ကြပါတယ်။

ခေါင်းဆောင်တစ်ဦးမှာ အဓိကမရှိမဖြစ် လိုအပ်တဲ့ အရည်အချင်းမှာ ကိုယ်ကျင့်တရားကောင်းတာပဲ ဖြစ်ပါတယ်။ ကိုယ်ကျင့်တရားရှိမှပဲ တရားသဖြင့် လုပ်ကိုင်ဆောင်ရွက်ပြီး မတရားမှုကို လုံး၀ဆောင်ရွက်နိုင်းမှာ မဟုတ်တာဘဲ ဖြစ်ပါတယ်။

ခေါင်းဆောင်တစ်ယောက်ရဲ့ အောင်မြင်မှုဟာ ကိုယ်ကျင့်တရားပေါ်မှာ အခြေတည်နေပါတယ်။

ကိုယ်ကျင့်တရား စင်လုံးချော ကောင်းမယ်တော့ မမျှော်လင့်အပ်ပါဘူး။ အကောင်းနဲ့အဆိုး ဒွန်တွဲနေတတ်ပါတယ်။ အကောင်းများပြီး အကျိုးကျေးဇူးများဖို့ရာပဲ အရေးကြီးပါတယ်။

ခေါင်းဆောင်ဟာ လူကြီးလူကောင်းဖြစ်ရပါမယ်။ စိတ်ဓာတ်တည်ကြည်ရပါမယ်။ မှန်တဲ့စကား ဆိုရပါမယ်။ တစ်ဖက်သားကို မတရားပြုမူရက်နိုင်တတ်ရပါမယ်။

ပြီး.. ကိုယ့်သိက္ခာကိုယ် စောင့်စည်းတာ၊ သေးသေးနုတ်နုတ်မလုပ်တတ်တာ၊ အကြံဉာဏ်ကြီးမားတာ၊ ပြီး.. သနားကြင်နာတတ်တာ၊ ကိုယ်ချင်းတရားထားရှိတတ်တာ စတာတွေ ရှိရပါတယ်။

အဓိကမှာ စိတ်နေမြင့်မြတ်ပြီး စိတ်သဘောထား ပြည့်၀ရတာပဲ ဖြစ်ပါတယ်။ ဒါတွေအတွက် မိမိ တတ်အားသမျှ စံနမူနာအဖြစ် တင်ပြထားချက်ပါ။

*လေးစားစွာ*

*(စာရေးသူ)*

**** **** ****

# ၁။ ခေါင်းဆောင်မိုလ်ချုပ် ဗိုလ်ချုပ်ခေါင်းဆောင်

အချင်းချင်း သဘောကွဲလွဲမှုမျိုး ဆိုတာကတော့ နည်းနည်းပါးပါးတော့ ရှိမှာပဲ.. ဒါပေမဲ့ သူတစ်ပါးနိုင်ငံက ကိုယ့်နိုင်ငံကို လာရောက်စော်ကားလို့ အသက်စွန့်ပြီး မလျှော့တန်း ကာကွယ်တိုက်နိုက်တာကသာ အားလုံးနဲ့ သက်ဆိုင်တဲ့ အလုပ်မျိုးဖြစ်တာပဲ...။

*(၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၁)ရက်နေ့ည*

*ပင်လုံစော်ဘွားများ ထမင်းစားပွဲမှာ မြွက်ကြားခဲ့ချက်)မှ*

**ဗိုလ်ချုပ်အောင်ဆန်းဆိုတာ ဗိုလ်ချုပ်အောင်ဆန်း**

(၁၉၁၅-၁၉၄၇)အသက် (၃၂)နှစ်

သူကျွန်မခံလိုတဲ့ ဦးမင်းရောင်ရဲ့မြေးပဲ ဖြစ်ပါတယ်။

နတ်မောက်မြို့နေ ရှေ့နေကြီး အဖ ဦးဖာ၊ အမိ ဒေါ်စုတို့ရဲ့ သားထွေးပဲ ဖြစ်ပါတယ်။

ငယ်မည်မှာ ထိန်လင်းလို့ ခေါ်ပြီးတော့ အစ်ကိုအောင်သန်း အမည်နဲ့ လိုက်အောင် အောင်ဆန်းလို့ ခေါ်တွင်အမည်တပ်ခဲ့ပါတယ်။

**ဘုန်းကြီးကျောင်းသားအောင်ဆန်း**

၁၉၂၂-ခုနှစ် အသက် (၇)နှစ်မှာ နတ်မောက်မြို့နယ် ဆရာတော် ဦးသောဘိတကျောင်းမှာ နေခဲ့ပါတယ်။

၁၉၂၈-ခုနှစ် အသက်(၁၃)နှစ်မှာ ရေနံချောင်းမြို့ အမျိုးသား အထက်တန်းကျောင်းသို့ ပြောင်းပြီးနေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၃၂-ခုနှစ်မှာ ရေနံချောင်းမြို့ အမျိုးသားအထက်တန်းကျောင်းက (၁၀)တန်းစာမေးပွဲ အောင်ခဲ့ပါတယ်။

**တက္ကသိုလ်ကျောင်းသားကိုအောင်ဆန်း**

၁၉၃၂ ခုနှစ်မှာ ရန်ကုန် တက္ကသိုလ်သို့ ရောက်ပါတယ်။ ၁၉၃၅-၃၆ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် သမဂ္ဂအမှုဆောင်ဝင်နဲ့ အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့ ပါတယ်။

အဲဒီလိုဆောင်ရွက်နေစဉ်မှာပဲ အိုးဝေမဂ္ဂဇင်းမှာ ပါရှိတဲ့ (Hell Hound at Large) ခွေးသရမ်းကြီး လွတ်နေတယ် ဆောင်းပါးရေးသူကို ထုတ်ဖော်မပြောလို့ တက္ကသိုလ်ကျောင်းက ထုတ်ပယ်တာခံခဲ့ရပါတယ်။

၁၉၃၆ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၅)ရက်နေ့မှာ တက္ကသိုလ်ကျောင်း သပိတ်ကြီး မှောက်ပါတယ်။

တက္ကသိုလ်သပိတ်မှောက်ရတဲ့ အရေးကြီးတဲ့ အကြောင်းရင်းမှာ ကိုအောင်ဆန်းကို ကျောင်းက ထုတ်ပစ်တာကြောင့်ပဲ ဖြစ်ပါတယ်။ ၁၉၃၇ ခုနှစ်မှာ ဝိဇ္ဇာတန်း အောင်မြင်ပါတယ်။ ၁၉၃၇ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ် ပဲခူးဆောင် သဟာယနဲ့ စာဖတ်အသင်း ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါတယ်။

၁၉၃၇-၁၉၃၈ ခုနှစ်မှာ တက္ကသိုလ်သမဂ္ဂ ဒု-ဥက္ကဋ္ဌ အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

၁၉၃၇-၃၈ ခုနှစ်မှာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

၁၉၃၈ ခုနှစ်မှာ ကိုအောင်ဆန်း ခေါင်းဆောင်တဲ့ကျောင်းသား ကိုယ်စားလှယ်အဖွဲ့တစ်ခု အိန္ဒိယပြည်သို့ သွားခဲ့ပါတယ်။



၁၉၃၈-ခုနှစ်မှာ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဥက္ကဋ္ဌအဖြစ်က နုတ်ထွက်ခဲ့ပါတယ်။

၁၉၃၈ ခု ဝထမဆုံး တက္ကသိုလ်ကျောင်းသားကိုယ်စားလှယ် တက္ကသိုလ်ကောင်စီဝင်အဖြစ် တင်မြှောက်တာခံခဲ့ရပါတယ်။

**သခင်အောင်ဆန်း**

၁၉၃၈-ခုနှစ်မှာ တို့ဗမာအစည်းအရုံး အထွေထွေအတွင်းရေးမှူး အဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

၁၃၀၀ ပြည့် အရေးတော်ပုံကို အားပေးကူညီခဲ့ပါတယ်။

၁၉၃၉ ခုနှစ် မော်လမြိုင်မြို့မှာ ကျင်းပတဲ့ တို့ဗမာအစည်းအရုံး ညီလာခံက စစ်အတွင်းမှာ ဗြိတိသျှကို မကူစတမ်း အဆိုတင်ခဲ့ပါတယ်။

၁၉၄၀ ပြည့်နှစ် ဗမာ့ထွက်ရပ်ဂိုဏ်းကြီး ဖွဲ့စည်းတည်ထောင်ရာမှာ အထွေထွေအတွင်းရေးမှူးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

၁၉၄၀ ပြည့်နှစ် ဟာသ်ာတခရိုင်ဝန်က ဆုတော်ငွေ(၅)ကျပ်နဲ့ သခင်အောင်ဆန်းကို ဖမ်းဝရမ်းထုတ်ခဲ့ပါတယ်။ ဝရန်းရဲ့ဆုငွေမှာ လူထု ခေါင်းဆောင်တစ်ဦးကို စော်ကားတာပဲ ဖြစ်ပါတယ်။ ဒါကြောင့် တပြည်လုံးက ရှုတ်ချခဲ့ကြပါတယ်။ ၁၉၄၀ ပြည့်နှစ်မှာ ဝရန်းပြေးနေစဉ် တက္ကသိုလ်ကောင်စီဝင်လူကြီးအဖြစ်က နုတ်ထွက်ခဲ့ပါတယ်။

**မြေအောက်တော်လှန်ရေးခေါင်းဆောင်**

ဗမာ့လွတ်လပ်ရေးအတွက် နိုင်ငံခြားအကူအညီရှာဖို့မှာ သခင်မြ တို့နဲ့အတူ ပြည်သူ့အရေးတော်ပုံပါတီကို ဖွဲ့စည်းခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြည်ပတော်လှန်ရေးအဖွဲ့ခေါင်းဆောင်အဖြစ် သခင်အောင်ဆန်းက တာဝန်ယူခဲ့ပါတယ်။ ပြည်တွင်းတော်လှန်ရေးခေါင်းဆောင်အဖြစ် သခင်မြက တာဝန်ယူခဲ့ပါတယ်။

၁၉၄၀ ပြည့်နှစ်၊ ဩဂုတ်လ (၈)ရက်နေ့မှာ ဟိုင်လီအမည်ရှိတဲ့ သင်္ဘောနဲ့ အရှေ့သို့ လျှို့ဝှက်စွာ ခရီးထွက်ခဲ့ပါတယ်။

၁၉၄၀မှာ ဂျပန်သို့ ရောက်ရှိခဲ့ပါတယ်။ ၁၉၄၁-ခုနှစ်မှာ ဗမာ့လွတ်လပ်ရေးအတွက် စီမံကိန်းတစ်ခု ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ရေးဆွဲခဲ့ပါတယ်။

၁၉၄၁ ခု မတ်လ (၃)ရက်နေ့မှာ သွားအတုတပ်ကာ ရုပ်ဖျက်ပြီးတော့ မြန်မာနိုင်ငံသို့ ခေတ္တ ပြန်လာခဲ့ပါတယ်။

၁၉၄၁ ခုနှစ်မှာ ရဲဘော်သုံးကျိပ်ဝင်တွေကို စည်းရုံးစုဆောင်းပြီးတော့ ဂျပန်ပြည်သို့ ခေါ်ဆောင်သွားခဲ့ပါတယ်။

၁၉၄၁ ခုနှစ်မှာ ယိုင်နန်ကျွန်းမှာ ရဲဘော်သုံးကျိပ်ကို ခေါင်းဆောင်ပြီး စစ်ပညာကို သင်ကြားယူခဲ့ပါတယ်။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ (၈)ရက်နေ့မှာ အရှေ့အာရှစစ်ကြီး စတင်ဖြစ်ခဲ့ပါတယ်။

၁၉၄၁-ခု ဒီဇင်ဘာလ (၂၆)ရက်နေ့မှာ ယိုးဒယားပြည် (ထိုင်းနိုင်ငံ) ဘန်ကောက်မြို့မှာ ရဲဘော်သုံးကျိပ်နဲ့အတူ ဗမာ့လွတ်လပ်ရေးတပ်မတော် ဘီအိုင်အေကို ဖွဲ့စည်းခဲ့ပါတယ်။

ရဲဘော်သုံးကျိပ်နဲ့အတူ လက်မောင်းသွေးဖောက်ပြီး သွေးသောက်ခဲ့ကြပါတယ်။

ဗမာ့လွတ်လပ်ရေးတပ်မတော် ဖွဲ့စည်းတဲ့အခါ ဗိုလ်ချုပ်အောင်ဆန်းဟာ ဗိုလ်တေဇအမည်ခံယူခဲ့ပါတယ်။



၁၉၄၂ ခုနှစ် နှစ်ဦးပိုင်းမှာ ဂျပန်တွေနဲ့ ပူးပေါင်းပြီး ဗိုလ်တေဇ ခေါင်းဆောင်တဲ့ ဗမာ့လွတ်လပ်ရေး တပ်မတော်ဟာ မြန်မာနိုင်ငံကို ချီတက်တိုက်ခိုက်ခဲ့ပါတယ်။

၁၉၄၂ ခုနှစ်၊ မတ်လ (၈)ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဘီအိုင်အေတပ်မတော်ကြီး ဘီအိုင်အေအလံကို လွှင့်ထူပြီး ရန်ကုန်မြို့ကို သိမ်းပိုက်ခဲ့ပါတယ်။

**ဗမာ့ကာကွယ်ရေး တပ်မတော်စစ်သေနာပတိ ဗိုလ်ချုပ်အောင်ဆန်း၊**

၁၉၄၂ ခု ဇူလိုင်လမှာ ဗိုလ်မှူးကြီးရာထူးနဲ့ ဗမာ့ကာကွယ်ရေး တပ်မတော် စစ်သေနာပတိအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

**အိမ်ထောင်ပြုတဲ့ဗိုလ်ချုပ်အောင်ဆန်း...**

၁၉၄၂ ခု စက်တင်ဘာလ (၆)ရက်နေ့မှာ ဒေါ်ခင်ကြည်နဲ့ လက်ထပ်ခဲ့ပါတယ်။

**စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း...**

၁၉၄၃ ခုနှစ်၊ မတ်လ (၁၇)ရက်နေ့မှာ ဒေါက်တာဘမော်၊ ဒေါက်တာသိမ်းမောင်၊ သခင်မြတို့နဲ့အတူ ဗမာ့လွတ်လပ်ရေးအတွက် ဆွေးနွေးရန် ဂျပန်ပြည်သို့ သွားခဲ့ပါတယ်။

၁၉၄၃ မတ်လ (၂၂)ရက်နေ့မှာ ဂျပန်ဘုရင်ရဲ့ ဆုတံဆိပ် ချီးမြှင့်တာ ခံခဲ့ရပါတယ်။

၁၉၄၃ ခု၊ ဩဂုတ်လ (၁)ရက်နေ့မှာ ဒေါက်တာဘမော် အစိုးရအဖွဲ့မှာ စစ်ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၃ ခုနှစ်မှာ အိန္ဒိယပြည်ရှိ မဟာမိတ်စစ်ဌာနချုပ်နဲ့ လှို့ဝှက်စွာ ဆက်သွယ်ခဲ့ပါတယ်။

၁၉၄၄-ခု ဩဂုတ်လမှာ ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကြီးကို လှို့ဝှက်စွာ ဖွဲ့စည်းခဲ့ပါတယ်။

၁၉၄၄ ခုနှစ်၊ စက်တင်ဘာလ (၄)ရက်နေ့မှာ ရန်ကုန်မြို့မှာ ဂျပန်ဘုရင်ရဲ့ ဆုတံဆိပ် ထပ်မံချီးမြှင့်တာ ခံခဲ့ရပါတယ်။

**တော်လှန်ရေးသားမား ဗိုလ်ချုပ်အောင်ဆန်း...**

၁၉၄၅-ခု၊ မတ်လ (၁၇)ရက်နေ့မှာ ရန်သူကိုတိုက်ခိုက်ဖို့ရန်အတွက် တပ်မတော်ကို ဦးဆောင်ပြီးတော့ စစ်မြေပြင်သို့ ထွက်ခဲ့ပါတယ်။

၁၉၄၅-ခု၊ မတ်လ (၂၇)ရက်နေ့မှာတော့ ဖက်ဆစ်ဂျပန်ကို တော်လှန်ခဲ့ပါတယ်။

၁၉၄၅ ခု၊ ဩဂုတ်လ (၁၉)ရက်နေ့မှာ နေသူရိန်အစည်းအဝေးကြီးမှာ သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဗမာ့လွတ်လပ်ရေး တောင်းဆိုခဲ့ပါတယ်။

၁၉၄၆-ခု၊ ဇန်နဝါရီလမှာ ရွှေတိဂုံအလယ်ပစ္စယံမှာ ကျင်းပတဲ့ ပြည်လုံးကျွတ် ဖဆပလညီလာခံကို ဦးစီးခဲ့ပါတယ်။

၁၉၄၆-ခု၊ စက်တင်ဘာလမှာ အစိုးရအမှုထမ်းတွေကို သပိတ်မှောက်စေခဲ့ပြီး ဗြိတိသျှအစိုးရအပေါ် အန်တုခဲ့ပါတယ်။

၁၉၄၆ ခု၊ စက်တင်ဘာလ (၂၆)ရက်နေ့မှာ ဘုရင်ခံရဲ့ အမှုဆောင်ကောင်စီမှာ ဒုတိယသဘာပတိအဖြစ် ရာထူးလက်ခံခဲ့ပါတယ်။

၁၉၄၇-ခုနှစ်၊ ဇန်နဝါရီလမှာ မြန်မာနိုင်ငံရဲ့ ကိုယ်စားလှယ်



အဖွဲ့ကို ဦးစီးပြီးတော့ အင်္ဂလန်ပြည် လန်ဒန်မြို့မှာ အောင်ဆန်းအက်တလီစာချုပ် ချုပ်ဆိုခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂)ရက်နေ့မှာ တိုင်းရင်းသားသွေးစည်းရေးဖြစ်တဲ့ ပင်လုံညီလာခံကို ဦးစီးကျင်းပခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ မေလ (၁၉)ရက်နေ့မှာ ဂျူဗလီဟောမှာ ကျင်းပတဲ့ ဖဆပလ ပဏာမ ပြင်ဆင်မှုညီလာခံရဲ့ သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ပါတယ်။

၁၉၄၇ ခုနှစ်၊ ဇွန်လ (၁၆)ရက်နေ့မှာ ပထမတိုင်းပြုပြည်ပြုလွှတ်တော်မှာ အချုပ်အခြာ အာဏာပိုင်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းရန် အဆိုတင်ခဲ့ပါတယ်။

၁၉၄၇-ခုနှစ်၊ ဇူလိုင်လ (၁၃)ရက်နေ့မှာ မြို့တော်ခန်းမမှာ အရေးအကြီးဆုံးသော မိန့်ခွန်းမြွက်ကြားခဲ့ပါတယ်။

(အဲဒီမိန့်ခွန်းဟာ ဗိုလ်ချုပ်နောက်ဆုံး မြွက်ကြားခဲ့တဲ့ မိန့်ခွန်းပဲဖြစ်ပါတယ်။)

၁၉၄၇-ခု၊ ဇူလိုင်လ (၁၉)ရက် စနေနေ့နံနက် (၁၀)နာရီ (၃၇)မိနစ် အချိန်မှာ နယ်ချဲ့လက်ပါးစေတွေရဲ့ လုပ်ကြံတာကို ခံခဲ့ရပါတယ်။

ဇနီးဒေါ်ခင်ကြည် (ယခင် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး) (ကွယ်လွန်)နဲ့ သားအောင်ဆန်းဦး၊ အောင်ဆန်းလင်း(ကွယ်လွန်)နဲ့ သမီးဒေါ်အောင်ဆန်းစုကြည်တို့ ကျန်ရစ်ခဲ့ပါတယ်။ ဗိုလ်ချုပ်စီးခဲ့တဲ့ ကားနံပါတ်မှာ RC 2874 ဖြစ်ပါတယ်။

ကိုယ့်အမျိုးအကျိုးကို လာထိတဲ့ လူတွေကိုတော့ အတွင်းကလူဖြစ်ဖြစ် အပြင်ကလူဖြစ်ဖြစ် တိုက်ခိုက်နှိမ်နင်းရမှာပေါ့ . . ။ ဒါက ငါတို့

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးရဲ့ ရန်သူအဖြစ်ဖြင့်သာ နှိမ်နင်းခြင်းဖြစ်သည်။ ဘယ်လူမျိုး ဘယ်သူ ဘယ်ဝါဆိုပြီး နှိမ်နင်းတာ မဟုတ်ဘူး'

*(၁၉၄၄ ခု၊ ဧပြီလ (၁၁)ရက်နေ့မှာ ကျင်းပတဲ့ ဗမာ့တပ်မတော် ရွှေလျှပ်တပ် ဗိုလ်သင်တန်းကျောင်းဆင်း ကျောင်းသားတွေရဲ့ တွဲနှစ်ရ သဘင်ပွဲမှာ မြွက်ကြားတဲ့ ဩဝါဒမိန့်ခွန်း)မှ*

အများသင်ကြားခဲ့ကြဘူးတဲ့ စကားပြေတစ်ပုဒ်ရှိပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခေါင်းဆောင်အင်္ဂါရပ်တွေပဲ ဖြစ်ပါတယ်။

အဲဒီထဲက ခေါင်းဆောင်နဲ့ ပတ်သက်တဲ့ အချက်နှစ်ချက်ဟာ စွဲမြဲမှတ်သားလောက်ပါတယ်။

'ခေါင်းဆောင်ဆိုတာဟာ အလုပ်ကို ပိုလုပ်ရပြီးတော့ အကျိုးကို လျှော့ပြီး ခံစားရမယ်' ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။

'ခေါင်းဆောင်ဆိုသူဟာ အိမ်ထောင်စုတစ်စုကနေ အသင်းအဖွဲ့ တစ်ခု နိုင်ငံတစ်နိုင်ငံအထိ အရေးပါတဲ့ အခန်းကဏ္ဍမှာ ရှိပါတယ်' ဆိုတာပါ။

ခေါင်းဆောင်နဲ့ ပတ်သက်တဲ့ အဆိုအမိန့်တွေကို စာဖတ်သူတို့ ရင်းအိလို့နေအောင်ပဲ ကြားဖူးဖတ်ဖူးကြပြီးသားတွေပဲ ဖြစ်ကြပါတယ်။

အဲဒီထဲကမှ··

ခေါင်းဆောင်ကောင်းမှ နောက်လိုက်ကောင်းမယ်။ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့်သွားမှ နောက်နွားတစ်သိုက် ဖြောင့်ဖြောင့်လိုက်တယ် ဆိုတာတွေပါပဲ···။

ခေါင်းဆောင်ဗိုလ်ချုပ် ဆိုသူဟာ ထည်ထည်ဝါဝါ မနေပါဘူး။ ပြီး·· ဘာအဆောင်အယောင်မှလဲ မရှိပါဘူး။



ဖြစ်သလိုနဲ့ တင်းတိမ်ရောင့်ရဲစွာနဲ့ပဲ နေထိုင်ခဲ့တဲ့ ဗိုလ်ချုပ် အောင်ဆန်းဟာ ဒီကနေ့ထိ စံနမူနာတင်စရာပြယုဂ်ပါပဲ···။

ဗိုလ်ချုပ်မှာ နိုင်ငံနဲ့ လူမျိုးကို ချစ်စိတ်သာပဲ ရှိပါတယ်။ ဗိုလ်ချုပ်ရဲ့ မြတ်နိုးမှုကတော့ လွတ်လပ်ရေးပဲ ဖြစ်ပါတယ်။ ဗိုလ်ချုပ်နဲ့ ပတ်သက်ပြီး အများနည်းတူ ချစ်ရ၊ လွမ်းရ၊ နှမြောရမှန်း လူတိုင်းလိုလိုပဲ ခံစားအသိရှိနေကြရဆဲပဲလဲ ဖြစ်ကြပါတယ်။

ဗိုလ်ချုပ်ဟာ အများတွက်တာ ဘယ်လောက်တန်ဖိုးထား လေးစား ကြည်ညိုစရာ ကောင်းတာကိုတော့ ဗိုလ်ချုပ်နဲ့ အနီးကပ်နေဖူးတဲ့သူက သာမန်လူတွေထက်တော့ ထိုသူဟာ ပိုသိခဲ့ရတာပဲ ဖြစ်မှာပါ။ အောက်ပါဖော်ပြချက် တစ်ခုမှာပါ···။

အဲဒီထဲမှာ ဗိုလ်ချုပ်က···

'တစ်တိုင်းပြည်လုံး ကြီးပွားစေချင်ရင် လူအားငွေအား ပစ္စည်းအားနဲ့ စုပေါင်းပြီး အင်တိုက်အားတိုက် လုပ်နိုင်မှ အကျိုးခံစားခွင့်ရှိကြမှာပဲ··၊ ဗမာကတစ်မျိုး၊ ကရင်ကတစ်ဖုံ၊ ကချင် ချင်းတို့က တခြား၊ အကွဲကွဲ အပြားပြား လုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး။ စုပေါင်းလုပ်ကြမှသာ အကျိုးရှိနိုင်မယ်။ လုပ်ကြည့်မှလဲ အကျိုးရှိကြောင်း သိနိုင်တယ်' လို့ ပြောခဲ့ပါတယ်။ (ဒါ·· စီးပွားရေးနဲ့ ပတ်သက်တာ)

တစ်ခါ 'အမျိုးသားညီညွတ်ရေးဆိုတာဟာ ခေါင်းဆောင်တွေများသာ ညီညွတ်တာကို မဆိုလို···။ လူမျိုးဘာသာ ယောကျ်ားမိန်းမ တန်းတူ မရွေး တစ်နိုင်ငံလုံး ပြည်သူပြည်သား လူထုတစ်ခုလုံး အပြောသာမဟုတ် အလုပ်နှင့်တကွ အမျိုးသားတို့၏ လုပ်ငန်းများတွင် သောင်းသောင်း ဖျဖျ စိတ်ရောကိုယ်ပါ ညီညွတ်ကြသည်ကို ဆိုလိုသည်' လို့ ပြောခဲ့ပါတယ်။ လေးစားဖွယ်ရာပါ···။

www.burmeseclassic.com

www.burmeseclassic.com



ဒါဟာ နှုတ်နဲ့ ပြောဆိုခဲ့တာပါ။ အပြုအမူ အနေအထိုင်နဲ့ ပတ်သက်လို့ကတော့ လက်တွေ့အပြုအမူကိုတော့ ဗိုလ်ချုပ်နဲ့အတူ နေခဲ့ဖူးတဲ့ ဗိုလ်ချုပ်ရဲ့ အပါးတော်မြဲ အတွင်းဝန်ဖြစ်ရုံသာမက စာရေးဆရာတစ်ဦးလဲဖြစ်လို့ နေခဲ့သူပဲဖြစ်ပါတယ်။

သူဟာ စာရေးဆရာတက္ကသိုလ်နေဝင်းပဲ ဖြစ်ပါတယ်။

ဗိုလ်ချုပ်နဲ့ ပတ်သက်ပြီး အသေးစိတ် သိနိုင်သူမို့ လူအများမသိသေးတဲ့ ဗိုလ်ချုပ်ရဲ့ လေးစားကြည်ညိုဖွယ်ရာ ကိစ္စလေးတွေကို ရေးခဲ့တဲ့ထဲက ၁၉၉၄ ခုထုတ် မဂ္ဂဇင်းတစ်စောင်မှာပါ။ ငါးမူးတန်းက ရုပ်ရှင်ကြည့်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းဆောင်းပါးကို ဖတ်ခွင့်ကြုံခဲ့လိုက်ရပါတယ်။

ဗိုလ်ချုပ်ကို အထူးလေးစားမြတ်နိုး ဦးညွှတ်ခဲ့ရပြန်ပါတယ်။

ဒီလိုနဲ့ ဒုတိယကမ္ဘာစစ် အပြီးမှာ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ဝန်ကြီးချုပ် အာဏာရရှိခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ ကိုယ်ကျင့်တရားနဲ့ ပတ်သက်ပြီး ဘယ်သူနဲ့မှ မယှဉ်နိုင်အောင် ကြည်ညိုလေးစားဖွယ်ရာကောင်းတဲ့ ပုဂ္ဂိုလ်မြတ်ကြီးတစ်ဦးပဲ ဖြစ်ခဲ့ပါတယ် ဆိုတာပါ...။

သူဟာ အသေးအဖွဲ့ ကိစ္စလေးတွေမှာလဲ သတိကြီးကြီး ထားသူပဲဖြစ်ခဲ့ပါတယ်။

တစ်နေ့ အလုပ်ရှင်းတဲ့ နေ့တစ်နေ့မှာပဲ ဖြစ်ပါတယ်။ ဗိုလ်ချုပ်ဟာ သူ့ရဲ့ အပါးတော်မြဲ အဲတွင်းဝန်နဲ့အတူ ပလေဒီယံ ရုပ်ရှင်ရုံက အင်္ဂလိပ်ကားကို ကြည့်လိုခဲ့ကြပါတယ်။

ရုပ်ရှင်ကြည့်မယ့်ကိစ္စအတွက် ဗိုလ်ချုပ်ရဲ့ အတွင်းဝန်က ရုပ်ရှင်ရုံမန်နေဂျာထံ ကြိုတင်ဖုန်းဆက်မယ့်ကိစ္စကို ဗိုလ်ချုပ်က ခပ်ဆတ်ဆတ်နဲ့ ဟန့်တားခဲ့တယ် ဆိုပါတယ်။



ဒါဟာ မေတ္တာလက်မှတ်နဲ့ မကြည့်ချင်သူဘဲ ဖြစ်တယ်။ ဒါကြောင့် ဗိုလ်ချုပ်ရဲ့ အတွင်းဝန်ထံမှာ ရှိနေတဲ့ ငွေသုံးကျပ်အနက်က ငွေတစ်ကျပ်နဲ့ ငါးမူးတန်းလက်မှတ်နှစ်စောင် ဝယ်ပြီး ရုပ်ရှင်ကြည့်ခဲ့ကြတယ် ဆိုပါတယ်။

အဲဒီလို ဗိုလ်ချုပ်တို့ ငါးမူးတန်းမှာ ရုပ်ရှင်ကြည့်နေကြစဉ်မှာ ဗိုလ်ချုပ်ရဲ့အတွင်းဝန်ကို ရုပ်ရှင်ရုံမန်နေဂျာက ဒီစီခေါ်တဲ့ အပေါ်ထပ်နှစ်ကျပ်တန်းသို့ တက်ကြည့်ဖို့ရာ ဖိတ်ခေါ်လို့ တက်ကြည့်ခဲ့ကြရတယ် ဆိုထားခဲ့ပါတယ်။

ဒါပေမဲ့ ဗိုလ်ချုပ်ဟာ အဲဒီ ဒီစီတန်းမှာ ကြည့်ရတဲ့အတွက် ကြည်လင်ရွှင်လန်း မရှိခဲ့ပါဘူး ဆိုခဲ့ပါတယ်။ ဒါကြောင့် သူ့အတွင်းဝန်ကို...

'မင်းသိတဲ့အတိုင်း ငါတို့က ရုပ်ရှင်ကို မေတ္တာလက်မှတ်တောင်းပြီးမှ အလကားကြည့်တာမဟုတ်ဘူး..၊ ငါးမူးတန်းက လက်မှတ်နှစ်စောင်ဝယ်ကြည့်တယ်။ နောက်မှ မင်းသူငယ်ချင်း မန်နေဂျာက အတင်းလာခေါ်ပြီး အပေါ်ဆပ် တက်ကြည့်ဖို့ ခေါ်တော့ သူ့အမကြီးကိုလဲ အားနာလို့ တက်ကြည်ခဲ့ရတာပဲ' လို့ ရေးထားခဲ့ပါတယ်။

အံ့ဖွယ်ခေါင်းဆောင်ပါ။ ဒါကြောင့် သူ့သီလနဲ့ သိက္ခာမှာတော့ တကယ့် စံတင်လောက်ခဲ့ပါတယ်လေ...။

နောက်ပြီးတော့...

'ဟေ့ကောင်.. ဒီနေ့ကစပြီး ငါဟာ အစိုးရအဖွဲ့ ခေါင်းဆောင်ဝန်ကြီး ဖြစ်လာပြီ...။ မင်းကလဲ ငါ့ရဲ့ ပီအေ (အပါးတော်မြဲအတွင်းဝန်) အဖြစ်နဲ့ တစ်ရက်နှစ်ရက်အတွင်း ပြန်တမ်းထွက်လာလိမ့်မယ်။ အစိုးရအဖွဲ့အနေနဲ့ ငါတို့မှာ အဆောင်အယောင် အခွင့်အရေးတွေလဲ ရလာလိမ့်မယ်။ ငါအခု ပြောနေတာကို မင်းမြဲမြဲမှတ်ထားစမ်း...။ အာဏာရလာယ်ဆိုရင်ပဲ မင်းနဲ့ ပတ်သက်တဲ့ အပေါင်းအသင်းတွေ အားလုံး ဘယ်သူ့ကိုမှ မတရား

www.burmeseclassic.com

www.burmeseclassic.com



အခွင့်အရေး မပေးရဘူး။ သူတို့ အကူအညီတောင်းတာကို လုပ်မပေးရဘူး။ မင်းတို့ငါတို့ကလဲ ဘယ်သူ့ဆီကမှ အကူအညီ မယူရဘူး။ အဲဒါ အိမ်မှာ အားလုံး ပြောထားလိုက်…၊ ငါ့အခု ပြောတဲ့အတိုင်း မလိုက်နာရင် မင်းနဲ့ငါ အသိပဲ…'

ဗိုလ်ချုပ်ဟာ အဲဒီလို ပြောခဲ့ပါတယ်တဲ့…။

အံ့မှယ်ခေါင်းဆောင်ပါပဲ…။

ဖတ်ရှုမှတ်သားခံစားရင်း လေးစားကြည်ညိုမဆုံး ဖြစ်ရပါတယ်။

ဒါထက်မက ပြောသလိုလုပ်တတ်ပြီး လုပ်သလိုပါ ပြောတတ်တဲ့ ဗိုလ်ချုပ်ကို လေးစားမဆုံးလဲ ရှိခဲ့ရပါတယ်။

တစ်ခါ ၂၆-၉-၄၆ နေ့က ဘုရင်ခံအိမ်တော်ကအပြန် သူ့ကို ညွှန်ကြားချက်ပေးပြီးတဲ့ နောက်မှာတော့ Remember that practise what preach လို့ အင်္ဂလိပ်လို အဆုံးသတ်ခဲ့ပါတယ် ဆိုပါတယ်။

အဓိပ္ပါယ်ကတော့ 'ငါဟာ ငါ့တပည့်တွေနဲ့ ရဲဘော်တွေကို သွန်သင်သလို ငါကိုယ်တိုင်လဲ လိုက်နာတယ်ဆိုတာ မှတ်ထားပါ' ဆိုတာပဲ ဖြစ်ပါတယ်။

မိမိကို ခေါင်းဆောင်ဆိုတာ ဘာလဲလို့ တစ်စုံတစ်ယောက်က မေးခဲ့ရင် ခေါင်းဆောင်ဆိုတာ အဲဒါပဲ ဖြေမိမှာ အမှန်ပဲ ဖြစ်ပါတယ်။

'သင်ဘယ်လိုလူလဲဆိုတာ သိချင်ရင်…

သင်နဲ့ သင့်ပတ်ဝန်းကျင်က လူတွေရဲ့ ဆက်ဆံရေးကို အကဲခတ်ပါ။

ကိုယ့်ရဲ့ ဆက်ဆံရေးဟာ ကိုယ်ဘယ်လိုလူလဲဆိုတာကို ဖော်ပြနေတယ်'

*(ဆရာတော်ဦးဇောတိက)*



<u>အာဇာနည်ရုပ်တု</u>

ကျောင်းအားရက်မှာ‥ အလည်သွားတော့‥
တောင်ကုန်းနားက မြေပြင်မှာ‥
အာဇာနည်ကို ဂုဏ်ပြုထားတဲ့‥
တို့များဗိုလ်ချုပ် ရုပ်တုပါ‥
လက်တွဲညီညာ ရန်ကာစုလို့‥
ဦးနှိမ်မှုနှင့် လေးပြုကာ‥
ဗမာပြည်မှာ လွတ်လပ်ရေးတွက်‥
အသက်ပေးလို့ စတေးသူပါ‥
ဗိုလ်ချုပ်ဆိုတာ ဦးအောင်ဆန်းက‥
ကမ္ဘာတစ်ဝှမ်း လွှမ်းကျော်လာ‥
သူချမှတ်ရာ လမ်းစဉ်များကို
တို့တိုင်းရင်းသား နားစိုက်ကာ‥
ဗမာပြည်ဟာ အနာဂတ်တွက်‥
တအားတက်ဖို့တို့ ဝန်တာ‥
ဗိုလ်ချုပ်ရှေ့မှာ မိဋ္ဌာန်ပြုနို့‥
ပြည်သူ့အကျိုး ဆောင်ဖို့ရာ‥
ညီကြပါ‥ ညီကြပါ…

နုယဉ်

*(ဝန်းနှင့်ပြိုးကြောကလေးကဗျာများမှ)*

**** **** ****

www.burmeseclassic.com

## ၂။ ရဲခေါင်ပြောက်ကျား ချေဂွေဗားရားသို့

*ရေး-၁၉.၁၂.၁၉၉၁*

❖ တို့ကယ်တော့(ချေ)ဟာ..
ခွဲစိတ်မှာထူးချွန်
တကယ့်ခွဲစိတ်ဆရာဝန်တစ်ယောက်ပါပဲဗျာ..
သူတတ်ထားရာ ဆေးပညာနဲ့..
လူ့ရွာလူ့အသက် ခန္ဓာဖျက်ပိုး
ရောဂါဆိုးကို ဆေးထိုးကာပြန်
တော်လှန်ခွဲစိတ် ရင်းအမြစ်ပါ..
တိုက်ဖျက်နှိမ်နင်း.. ဖြိုခွင်းကြဲနိုင်
နိုင်နိုင်ပေမယ့်ရယ်လေ...။

❖ ခင်ဗျားတို့တွေ ကျူပ်တို့တွေမို့
ချေရဲ့စိတ်ဓာတ် သူ့လုပ်ရပ်ကား
ပြတ်ပြတ်သား.. အားမာန်ဆော်နိုး
တစ်ဆင့်တိုးဖို့ ဆေးထိုးအပ်များ ခွဲစိတ်ဓားကို
ချထားချန်ရစ် လောကသစ်ထဲ.. ဆင်နွှဲဝင်ရောက်
ရဲရဲတောက်လေ.. အို.. ပြောက်ကျားစစ်ဆင်
ဖျူပဟာသွင်နဲ့ ဖောက်တဲ့ပြန်တဲ့ ယုတ်ညံ့တဲ့..
ညစ်တဲ့ပတ်တဲ့ စုတ်ပဲ့တဲ့.. လူနဲ့လူချင်း မသွင်းလူရာ
ယုတ်မာလွန်းအင်.. အရင်းရှင်တွေ နယ်ချဲ့တွေရဲ့





တကယ့်ဖောက်ပြန်ညာဥ် စရိုက်ညာဥ်ကို
သုတ်သင်အာခံ တော်လှန်ခွဲစိတ်ပစ်ခဲ့တယ်...။

❖ ခင်ဗျားတို့တွေ ကျူပ်တို့တွေရဲ့ တကယ့်မြင်းမိုရ်ကဲထက်ပို
ကြည်ညိုစဖွယ် ရဲဘော်ချေရဲ့ တကယ့်ထွန်းခေါင်
မိုးထိအောင် စွမ်းဆောင်ချက်က အံ့ဖွယ်ပ..
(အို) ဘွဲ့ရပညာခွဲစိတ်ကုဆရာဝန်ထက် ဆင့်ကဲတက်တယ်..
ကဲမောက်တယ်.. ဟယ်.. နယ်ချဲ့ဆိုး အယုတ်တမာ
ကမ္ဘာဖျက်ရန် ဝါးမျိုရန်တွက်.. ကြံကြီးကြံ ..
ခါးသီးစွာသော ရောဂါကျင့်တန် ဆိုးရွားရန် ..
အန္တရာယ်ရယ် နယ်ချဲ့ဝါဒ နိုးမထရန် သမိုင်းဝန်ကို
စံပြအဖြစ် တော်လှန်ပစ်တဲ့ ပြောက်ကျားစစ်ဆရာဝန်
လုပ်ဆောင်ဟန်ရယ် ဝင့်ဝင့်ထည်ပြီး သမိုင်းဘီးမယ်..
အို.. ချေဟာပိုပြီး ကြီးကျယ်မွန်မြတ်တယ်လေ..
ဘယ်သူပြိုင်းနိုင်မလဲ ကဲ.. ကဲ.. ကဲ....။

*(မှတ်ချက်-၁၉၇၃ ခု၊ အောက်တိုဘာလထုတ် ရှပ်ရှင်ပဒေသာ မဂ္ဂဇင်းမှာ တစ်ခါဖော်ပြခဲ့ပြီး ၁၉၈၀ထုတ် ကိုယ်ချစ်တဲ့ဘင်္ဂလားအော်နဲ့ အခြားကဗျာစုမှာ မဖော်ပြထပ်မံ ဖြစ်ခဲ့တာကို ထပ်ဆင့်ဖော်ပြထားခဲ့လိုက်တာပဲ ဖြစ်ပါတယ်)*

မိမိဟာ အဲဒီလို ကဗျာတစ်ပုဒ် ရေးသားခဲ့ဖူးပါတယ်။ ခေတ်စနစ်တွေ ပြောင်းပေမယ့် သူ့ရဲ့ ဂုဏ်ရည်ဟာ ယုတ်လျော့လို့ သွားခဲ့သေးပါဘူး။ အားလုံးက အားကျ အလေးအမြတ်ပြုနေကြရဆဲသာပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့ လုပ်ဆောင်မှုစိတ်ဓာတ်ရေအလျဉ်ဟာ ရပ်တန့်မနေ ရှင်သန်နေဆဲပဲလဲ ဖြစ်နေခဲ့ပါသေးတယ် ဆိုတာပါပဲ…။

သမိုင်းကြောင်းမှာတော့ ဒီလိုပါ…။

ကမ္ဘာ့သမိုင်းမှာပါ။ လက်တင်အမေရိကနိုင်ငံပေါင်း (၂၀)တို့ဟာ မိမိတို့ အာရှအာဖရိက တိုင်းပြည်တွေနည်းတူပဲ (၁၆)ရာစုအခါက စပြီးတော့ တိုင်းတစ်ပါးရဲ့ လက်အောက်ခံ ကျွန်နိုင်ငံတွေအဖြစ်သို့ ကျရောက်ခဲ့ကြရခဲ့ရပါတယ်။

ဒီလိုနဲ့ အဲဒီနိုင်ငံတွေက သန်းပေါင်းများစွာသော လုပ်သားပြည်သူတွေဟာလဲ (၁၉)ရာစု နှစ်တိုင်ပါပဲ…။ စပိန်၊ ပေါ်တူဂီနဲ့ ပြင်သစ် ကိုလိုနီအရှင်သခင်တွေရဲ့ လူစိတ်ကင်းမဲ့တဲ့ ညှဉ်းပန်းနှိပ်စက်မှုတို့အောက်မှာ သားကောင်တွေ ဖြစ်ခဲ့ကြရပါတယ်။

ဒါဟာ သမိုင်းနောက်ခံကားချပ်ပဲ ဖြစ်ပါတယ်။ တိုင်းပြည်နဲ့လူမျိုးတိုင်းဟာ မိမိတို့ရဲ့ အမျိုးသားလွတ်မြောက်ရေးအတွက် အမြတ်တနိုးအသက်ပေးပြီး တန်ဖိုးစားနားပေးဆပ်ခဲ့ကြရတာဟာ ဓမ္မတာပဲ ဖြစ်ခဲ့ပါတယ် ဆိုတာပါ။

ဒါကြောင့် လွတ်လပ်ရေးပြန်လည် ရယူဖို့ရာအတွက် လက်တင်အမေရိက ပြည်သူတို့ဟာလဲ အသက်သွေးနဲ့ လဲလှယ်ပြီး မုန်ကန်တော်လှန်ခဲ့ကြတာကြောင့် လွတ်လပ်တဲ့တိုင်းပြည်တွေ ဘဝသို့ ပြန်လည်ရောက်ရှိလို့ လာခဲ့ကြရတာပဲ ဖြစ်ခဲ့ပါတယ်။

ဒါပေမဲ့လဲ အတော်တိုင်ထိပါပဲ…။ ကျွန်ဘားပြည်ကလွဲပြီးတော့ကျွန်နိုင်ငံတွေဟာ နိုင်ငံကြီးတစ်နိုင်ငံရဲ့ ခေတ်သစ်နယ်ချဲ့သမားတွေရဲ့



လက်နက်နဲ့ ဒေါ်လာ၊ ဩဇာအောက်မှာ ဆက်လက်ပြီး သွေးစုပ်ချယ်လှယ်ခံနေရဆဲ ကိုလိုနီတစ်ပိုင်း နိုင်ငံတွေဘဝမှာပဲ သောင်မတင်ရေမကျ အတော်ကြာ ရှိနေကြရခဲ့ပါသေးတယ်။

အဲဒီလိုနဲ့ အဲဒီနယ်ချဲ့ ဩဇာခံပြည်တွင်း ဖောက်ပြန်ရေးအစိုးရတွေဟာလဲ လုပ်သားပြည်သူတွေရဲ့အပေါ် အကြင်နာကင်းမဲ့စွာနဲ့ အကြမ်းဖက်ပြီးတော့ အနိုင်အထက် အုပ်စိုးနေမှုတွေကြောင့် လက်တင်အမေရိကန်နိုင်ငံတွေမှာ နှစ်အတော်ကြာကတည်းကပဲ ပြင်းထန်တဲ့ ပြည်သူ့တိုက်ပွဲပုံစံမျိုးစုံနဲ့အတူ ဒီဖိနှိပ်မှုကို ခုခံသူတို့က ခုခံ တော်လှန်မှုအသွင်အမျိုးမျိုးနဲ့ မငြိမ်မသက် ဆူပွက်လှုပ်ရှားနေခဲ့တာရည်ကြာနေ...ကြပါတော့တယ်။

အဲဒီအခါမှာတော့ ကိုလိုနီနယ်ချဲ့ စစ်တပ်တွေဟာ အရှက်ကင်းမဲ့စွာနဲ့ပဲ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ဖျက်ဆီးခဲ့ကြပြန်ပါတော့တယ် ဆိုပါတယ်။

လက်တင်အမေရိကနိုင်ငံတွေအနက်က အာဂျင်တီးနား နိုင်ငံဟာ ရှေးအဆက်ဆက် တော်လှန်ရေးသမိုင်း အစဉ်လာရှိခဲ့တဲ့ နိုင်ငံတစ်နိုင်ငံပဲ ဖြစ်ပါတယ်။

အဲဒီနိုင်ငံမှာ ဒုတိယကမ္ဘာစစ်ကြီးအပြီး ၁၉၄၆ က စပြီးတော့ ဖက်ဆစ်အာဏာရှင်ပီရွန်းဟာ တသွေးတသံ တမိန့်နဲ့ ပြည်သူတွေရဲ့ အပေါ် အစွမ်းကုန် ဖိနှိပ်ညှဉ်းပန်းခဲ့ပါတယ်။ အထူးသဖြင့်တော့ အာဏာရှင်ပီရွန်းဟာ ဟစ်တလာကို ဘုရားတဆူ ပူတလုံးပမာ ကိုးကွယ်သူဖြစ်တဲ့အတိုင်း စစ်ရှုံး ဂျာမနီက ထွက်ပြေးတိမ်းရှောင်လို့ လာခဲ့ကြတဲ့ နာဇီစစ်ရာဇဝတ်ကောင် အမြောက်အများတွေကို လက်ခံကာကွယ် ပေးပြီးတော့

www.burmeseclassic.com



ဟစ်တလာနည်းနာတွေကို ဆက်လက်အမွေခံ ကျင့်သုံးနေခဲ့သူလဲပဲ ဖြစ်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ပီရွန်းအစိုးရဟာ အမေရိကန်နယ်ချဲ့တို့ရဲ့ အသုံးတော်ခံ လက်ကိုင်တုတ်လဲ ဖြစ်ခဲ့ပါတယ်။

အဲဒီ အာဂျင်တီးနားနိုင်ငံ ရိုဆာရီယိုမြို့မှာ ၁၉၂၈ ခုနှစ်၊ ဇွန်လ (၁၄)ရက်နေ့မှာတော့ နောင်အခါမှာ တောင်အမေရိကတိုက်မှာသာ မကပါဘူး။ တစ်ကမ္ဘာလုံးက လေးစားဂုဏ်ပြုအပ်တဲ့ တော်လှန်ရေး သူရဲကောင်းကြီး ချေဂွေဗားရားကို လူလတ်တန်းစား မိသားစုက မွေးဖွားပေးလိုက်ခဲ့ပါတယ်။

ချေဟာ ငယ်စဉ်က ကျန်းမာရေး ချို့တဲ့တဲ့ ပန်းနာရောဂါသည် ကလေးသာ ဖြစ်ခဲ့ပါတယ်။

သူဟာ အခြားသော ကလေးသူငယ်တွေကဲ့သို့ပဲ လှုပ်ရှား ကစားမှု နည်းပါးခဲ့ပါတယ်။

ဒါပေမဲ့ သူဟာ အိမ်မှာပဲဖြစ်ဖြစ်၊ ကျောင်းမှာပဲဖြစ်ဖြစ်၊ တော်လှန်ရေးကဗျာနဲ့ သမိုင်းစာပေတွေကို အထူးလေ့လာမှုမှာ ဝါသနာထုံခဲ့သူပဲ ဖြစ်ပါတယ်။

ပြီး… နိုင်ငံရေးစိတ်ဓာတ် ပြင်းပြသူတစ်ဦးလဲပဲ ဖြစ်ခဲ့ပါတယ်။

ပညာရေးမှာ ထူးချွန်ခဲ့ပြီးတော့ ၁၉၅၃ ခုနှစ်ကနေ သူ့အသက် (၂၅)နှစ်အရွယ်မှာတော့ ခွဲစိတ်ဆရာဝန် ဖြစ်ခဲ့ပါတယ်။

ချေဟာ လက်တင်အမေရိကနိုင်ငံ အများအပြားတွေသို့ တစ်ကိုယ်တည်း လှည့်လည်သွားရောက်လေ့လာရာကနေ ပြည်သူအပေါင်း



တွေရဲ့ ဆင်းရဲနှိပ်စက်ခံနေကြရတဲ့အဖြစ်ဆိုးတွေကို တွေ့ရလေတော့ ဆတ်ဆတ်ခါ ဒေါသထွက် ခံပြင်းခဲ့ရပါတော့တယ်။

အဲဒီလို လူ့ဘဝ ဆုံးရှုံးနေကြရတဲ့ ကြောင်းရင်းဇာစ်မြစ်ကိုလည်း အစဉ်စူးစမ်းရှာကြံနေတဲ့ သူတစ်ဦးလဲ ဖြစ်ခဲ့ပါတယ်။

လူ့သမိုင်းဖြစ်ပေါ် တိုးတက်မှု ဥပဒေသတွေနဲ့ အတူပဲ ခေတ်နဲ့ စနစ်ပြောင်းလဲမှု သဘောတရားကို မန့်စ်တကျ ရှာဖွေရင်းနဲ့ မာကစ်လီနင် စတာလင်ကျမ်းတွေကို လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဒီလိုနဲ့ ချေဟာ ကွန်မြူနစ်ဝါဒ လက်ခံယုံကြည်တဲ့ တော်လှန် ရေးသမားတစ်ဦးအဖြစ် နောက်ဆုံးရောက်လာခဲ့တာပဲ ဖြစ်ပါတယ်။

သဘောတရားက တစ်ဆင့် လက်တွေ့အကောင်အထည်ဖော်ဖို့ရာ မနေမနား ဆက်လက် ကြိုးပမ်းခဲ့ပြန်ပါတော့တယ်။ ချေရဲ့ ဘဝအတွေ့ အကြုံဖြာဘွအရ လူနဲ့လူချင်း ဖိနှိပ်ညှဉ်းပန်း သတ်ဖြတ်နေရတဲ့ အဓမ္မ စနစ်ဆိုးတွေကို ဖယ်ရှားပစ်ဖို့ရာ လက်နက်ကိုင် တော်လှန်ရေးမှတစ်ပါး အခြားနည်းလမ်းမရှိနိုင်တော့ဆိုတဲ့ ဒီအယူအဆကို စွဲစွဲမြဲမြဲ ဆုပ်ကိုင်ထားရှိ မိလေပါတော့တယ်။

အဲဒီလို လက်နက်ကိုင်တော်လှန်မှုမှာ ပြောက်ကျားစစ် ပရိယာယ် ကသာ အကောင်းဆုံးပုံစံအဖြစ် ရွေးချယ်မိခဲ့ပြန်ခဲ့ပါပေတော့တယ်။

ဒီလိုနဲ့ သူ့ရဲ့ ဘဝတစ်ခုကို ပြည်သူလွတ်မြောက်ရေးအတွက် စွန့်လွှတ်ပေးအပ်ပြီးတော့ အသက်ပေး အလုပ်အကျွေးပြုသွားဖို့ရာ စိတ်ကို ပိုင်းဖြတ်လိုက်ခဲ့မိတာပဲ ဖြစ်ပါတော့တယ်။

အဲဒီလက်တင်အမေရိက နိုင်ငံတွေအနက် ယခုလတ်တလော ပေါက်ကွဲလုဆဲ ကျူးဘားပြည်မှာ ပထမဆုံး တော်လှန်ရေးလက်နက်နဲ့ နယ်ချဲ့ဖောက်ပြန်ရေး ကွင်းဆက်တွေကို ဖြတ်တောက်ပစ်ဖို့ရာ ချေဟာ

www.burmeseclassic.com

www.burmeseclassic.com



ဌာတီ မာလာနဲ့ မက်ဆီကို တိုင်းပြည်တွေကတစ်ဆင့် ကျူးဘားတော်လှန်ရေးကြီးကို မီးရှူးသန့်စင်ဖွားမြင်မှုနဲ့ အောင်ပွဲခံလိုက်ကြလေတော့တယ် ဆိုပါတယ်။

အဲဒီလို ကျူးဘားတော်လှန်ရေးတာဝန်ကြီးတစ်ရပ်ကို ကိုယ်ကျိုးမဲ့အသက်ပေး ထမ်းဆောင်ပြီးတဲ့ နောက်မှာတော့ ချေရဲ့ သူ့ရဲကောင်းပီသတဲ့တော်လှန်ရေးအရည်အချင်းကောင်းတွေကို တစ်ဆင့်တက် အသုံးချဖို့ရာအတွက် ဘိုလီးဗီးယား တိုင်းပြည်သို့ ပြောင်းရွှေ့လို့ သွားရောက်ခဲ့ပြန်ပါတော့တယ်။

အဲဒီလိုနဲ့ ဘိုလီးဗီးယား တော်လှန်ရေးလက်နက်ကိုင် စစ်ပွဲအတွင်းမှာပဲ ချေဂွေဗားရားဟာ နောက်ဆုံးဖောက်ပြန်ရေး အစိုးရတပ်တွေရဲ့ လက်တွင်းသို့ ဒဏ်ရာတွေနဲ့ ကျရောက်သွားခဲ့ရပါတော့တယ်။

၁၉၆၇ ခု၊ အောက်တိုဘာလ (၉)ရက်နေ့မှာတော့ သူဟာ မရှုမလှ လုပ်ကြံသတ်ဖြတ်တာ ခံလိုက်ရပါတော့တယ်။

'ချေဂွေဗားရား ကျဆုံးမှုနဲ့ ပတ်သက်ပြီး အတူတကွ အသက်ပေး ထမ်းဆောင်ခဲ့တဲ့ သူ့ရဲဘော် ကျူးဘားတော်လှန်ရေးခေါင်းဆောင်ကြီး ဖီဒယ်ကတ်စထရိုက 'ချေလို လက်တင်အမေရိက ပြည်သူတစ်ရပ်လုံးအတွက် ပြိုင်ဖက်ကင်းတဲ့ တကယ့်စံပြ တော်လှန်ရေးသူရဲကောင်းကြီးတစ်ဦး ကျဆုံးသွားရတဲ့အတွက် အစားထိုးဖို့ ခက်ခဲလှတယ်။ သူဟာ တစ်သက်တာ ကိုယ်ကျိုးစွန့်ပြီး ရက်ရောစွာ အသက်ပေးလှူမှုနဲ့ ပြောင်မြောက်စွာ တိုက်ပွဲဝင်ခဲ့မှုတွေနဲ့ အဖိနှိပ်ခံ လူမျိုးစုတွေ သွေးစည်းရေးနဲ့ ပစ္စည်းမဲ့တော်လှန်ရေးကြီးအတွက် တကယ့်မြင့်မြတ်လှတဲ့ သူ့ရဲ့လုပ်ရပ်ဖြစ်တဲ့



စိတ်ဓာတ်ကို သူမတူအောင် ဖော်ထုတ်ပြသပေးလှူသွားရှာခဲ့သူပဲ ဖြစ်ပါတယ်'လို့ ပြောဆိုချီးကျူးခဲ့ပါတယ်။

ဒါကြောင့် ချေဂွေဗားရားရဲ့ သူ့ရဲကောင်းပီသစွာနဲ့ သူ့ရဲ့မြင့်မြတ်တဲ့တော်လှန်ရေးစိတ်ဓာတ်နဲ့ လမ်းညွှန်စံပြခဲ့မှုကို မြတ်နိုးဂုဏ်ပြုတဲ့အနေနဲ့ ချေဂွေဗားရာကျဆုံးတဲ့ (၈-၁၀-၆၇)နေ့ကို အမှတ်တရ သတိရ ဖော်ကျူးမိခဲ့ဝ ၊ပဲ ဖြစ်ပါတယ်။

သူဟာ အဖိနှိပ်ခံပြည်သူတွေကို တကယ်ချစ်ခဲ့သူပဲ ဖြစ်ပါတယ်။

အဲဒါနဲ့ ပတ်သက်ပြီးတော့ ဆရာတော်ဦးဇောတိကက…

'ဆုံးရှုံးမှုတွေကို လက်ခံနိုင်တာဟာ အောင်မြင်တဲ့ဘဝကို နေနိုင်ရေးမှာ အရေးပါတဲ့ အရည်အချင်းတစ်ခု ဖြစ်ပါတယ်'

ပြီး.. ဆရာတော်က…

'ကိုယ်ဘာကို လုပ်ချင်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း ပြတ်ပြတ်သားသား သိပါ…။ ပြီးတော့ လုပ်သင့်တာကို နေ့စဉ်လုပ်နေပါ။ အဲဒီလိုဆိုရင် တစ်နေ့ဝင်တိုင်း ကိုယ့်ရည်မှန်းချက်နဲ့ ပိုပြီး နီးလာတာ တွေ့ရမယ်' ဆိုပါတယ်။

မိမိတို့ဟွေ ဘာ ချေရဲ့ ရည်မှန်းချက်ပန်းတိုင်နဲ့ နေ့စဉ်နေ့တိုင်း နီးနီးသွားနိုင်ကြပါစေလေ….။

**** **** ****

www.burmeseclassic.com

www.burmeseclassic.com

# ၃။ ခေါင်းဆောင်ကောင်းမှ ခေါင်းဆောင်ကောင်း

မဖြစ်မနေ လုပ်မယ်ဆိုတဲ့ ဆုံးဖြတ်ချက်ဟာ..
အောင်မြင်မှုအတွက် အဓိကလိုအပ်ချက်ဖြစ်တယ်...။

*(ဆရာတော်ဦးဓော်ဂိတ)*

ဟိုရှေးရှေးတုန်းက ဖြစ်ပါတယ်။

ဂရိလူမျိုးတွေသည် ထရိုဂျင်လူမျိုးတွေနှင့် မကြာခဏ ဆိုသလိုပဲ စစ်မက်တွေ ဖြစ်ပွားလေ့ရှိခဲ့ကြသည် ဆိုပါသည်။

အဲဒီ ထရိုဂျင်တို့၏ မြို့တော် ထရိုင်းမြို့သည် ဂရိပြည်နယ်နှင့် ပင်လယ်တစ်ခုခြားလို့ နေသည်ဆိုပါသည်။

သို့မို့ကြောင့် ဂရိပြည်က လှေသင်္ဘောတို့နှင့် လာမှသာပဲ ရောက်နိုင်သည် ဆိုပါသည်။

သည်လိုနှင့် တစ်နေ့မှာတော့ ဂရိပြည်မှာ ရှိသမျှ အတော်ဆုံး ရဲစွမ်းသတ္တိအရှိဆုံး မျိုးချစ်ပုဂ္ဂိုလ် အာဇာနည်တွေသည် ရေတပ်မတော်ကြီး တစ်တပ်ကို ဖွဲ့စည်းပြီးတော့မှ ထရိုင်းမြို့ကို တိုက်ဖို့ရာ သင်္ဘောကို ရွက်လွှင့်လို့ လာခဲ့ကြပါသည်။

သူတို့သည် ကိုးနှစ်လုံးလုံး မြို့တော်ကို ဝိုင်းပြီး ပိတ်ဆို့လို့ ထားခဲ့ကြသည် ဆိုပါသည်။

မြို့တွင်းသို့ ဝင်နိုင်အောင်လဲ အမျိုးမျိုး ထိုးစစ်ဆင်ခဲ့ကြပါသည်။

သို့ပေမဲ့ သတ္တိခဲ ထရိုဂျင်တွေသည် မြို့ထဲက နေပြီးတော့ ကြံ့ကြံ့ခံ ခုခံမှုကြောင့် မြို့ကို ရန်သူတွေ မသိမ်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။





'ဟာ.. မလွယ်ဘူး...'

နောက်ဆုံး ဂရိတွေသည် ပရိယာယ်နှင့် သိမ်းဖို့ရာ ဆုံးဖြတ်ချက်ချလိုက်ကြပါသည်။

သို့ကြောင့် တစ်ညမှာ ထရိုဂျင်တွေသည် ရန်သူတို့၏ သင်္ဘောတွေအားလုံးကို ပြန်သွားကြပြီအထင်နှင့် စိတ်ချလက်ချ အိပ်၍ အိပ်မောကျလို့နေသည့် အခိုက်မှာပဲလဲ ဖြစ်ပါသည်။

မြို့တွင်းကို သူတို့ဂရိစစ်သားတွေ ဝင်ရောက်လာကြပါသည်။

အဲဒီလို ရန်သူတွေ ဝင်လာသည့်အချိန်မှာ ထရိုဂျင်မြို့တော်က နန်းမဆောင်တစ်ခုမှာ အာဇာနည်လူငယ်တစ်ယောက် ရှိခဲ့ပါသည်။

သူ့အမည်ကတော့ အီးနီ ဆိုပါသည်။ သူသည် ထရိုင်းမြို့တော်ကို ရန်သူလက်ထဲ မကျရအောင် ရွပ်ရွပ်ချွန်ချွန် တိုက်ခိုက်ကယ်တင်ခဲ့ပါသည်။

'ရန်သူကို အရှုံးပေးလို့မရဘူး..'

'နောက်ဆုံးအချိန်အထိ ကာကွယ်ရမယ်..'

ဒီလိုနဲ့ အနိုင်တိုက်ပြီး ဘေးရန်ကင်းပြီအထင်နဲ့ စိတ်အေးလက်အေး အိပ်ပျော်လို့ နေခဲ့ပါသည်။

သို့ပေမဲ့ အပြင်ဘက်က ဆူဆူညံညံအသံတွေကြောင့် သူ ရုတ်တရက် နိုးလို့လာခဲ့ပါသည်။

'ဟင်...'

နိုးနိုးချင်း အိပ်ရာက ခုန်ထလိုက်ပါသည်။ နန်းတော်အပြင်ဘက် ထွက်ကြည့်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါမှာတော့ ထရှိုင်မြို့တော်တစ်မြို့လုံးမှာ ရန်သူဂရိတွေက အပိုင်စီးလို့ ထားနေခဲ့ကြပြီး ဖြစ်နေပါသည်။

နန်းတော်အနီးရှိ အိမ်တွေမှာရော နတ်နန်းဆောင်တွေမှာပါ ဂရိတွေသည် ထရိုဂျင်တို့ကို လုယက်ဖျက်ဆီးခဲ့ပြီးတော့ အိမ်တွေကို မီးရှို့ပြီးတော့ ထင်သလို နှိပ်စက်ပြုမူနေကြသည်ကို အီးနီ တွေ့ရပါတော့သည်။

သို့နှင့် အီးနီသည် ရသမျှ ထရိုဂျင်လူငယ်တွေကို စုပြီးတော့ တတ်နိုင်သမျှ မြို့ကို ကယ်တင်ဖို့ရာ ကြိုးစားပါတော့သည်။

သို့ပေမယ့် ရန်သူက လက်ဦးလို့ နေနေခဲ့ပါပြီ…။ ဒါကြောင့် သူ ဘာမှ မတတ်နိုင်တော့အတွက် နန်းတော်မှာ ကျန်ရစ်ခဲ့သည့် သူ့ဖခင်အိုကြီးဆီ အမြန်ပြေးခဲ့ပါသည်။

အီးနီ၏မယ်တော်သည် နတ်သမီးကြီး ဗီးနပ်စ်လို့ ပြောကြပါသည်။ ဂရိတွေ ကိုးကွယ်ကြသည့် ဘဝရေးဖန်တီးရှင် နတ်သမီးဖြစ်သည် ဆိုပါသည်။

သည်နတ်သမီးကြီးသည် ဂရိလူမျိုးတွေလိုပဲ သူတို့ကိုးကွယ်သည့် တခြားနတ်တွေလို တောင်ထိပ်တစ်ခုပေါ်က နတ်ဘုံမှာပဲ နေသည်ဆိုပါသည်။

အဲဒီခေတ်မှာ နတ်တွေကို ဂရိလူမျိုးတွေက အတော်ကို ကြည်ညို လေးစားကြပါသည်။ ဒီနတ်တွေသည် သူတို့ကို ဘေးမသီရန်မခ အေးကြည်ချမ်းမြေ့ရလေအောင် စောင့်ရှောက် ကယ်မသည်လို့ ယုံကြည်ကြပါသည်။

သူ့မိခင် ဗီးနပ်စ် နတ်သမီးကြီးက သူ့သားအနားမှာတော့ အမြဲ မနေနိုင်ခဲ့ပါလို့လည်း ဆိုပါသည်။

သို့ပေမယ့်လည်း သူ့သားဘေးအန္တရာယ် ရောက်သည့်အခါမှာ ဆိုရင် သူ့အမြဲ လာကူညီစောင့်ရှောက်လေ့ရှိသည်လို့ ဆိုပါသည်။



ခုလဲ အီးနီသည် နန်းတော်ပြန်လာနေသည့် အခိုက်မှာ လမ်းပေါ်မှာ ရုတ်တရက် အလင်းရောင်ကြီးတစ်ခု ဝင်းကနဲ ပေါ်လာသည်ကို တွေ့လိုက်ရသည် ဆိုပါသည်။

ဒီအလင်းရောင်၏ အလယ်မှာတော့ သူ့မိခင် ဖြစ်ခဲ့ဖူးသည့် ဗီးနပ်စ် နတ်သမီးကြီးကို တွေ့လိုက်ရသည် ဆိုပါသည်။

ထို့နောက် စကားပြောသံလဲ ကြားလိုက်ရသည် ဆိုပါသည်။

'သားရယ်… မင်းထရှိုင်းမြို့ကို မကယ်နိုင်တော့ပါဘူးကွယ်။ နတ်တွေကလဲ အရင်အရင်ကတည်းက ဒီမြို့ဟာ ကျရမယ်လို့ ပြောထားခဲ့ကြတယ်လေ…။ ဒါကြောင့် ငါ့သား နန်းတော်ကို မြန်မြန်ပြန်ပြီးတော့ ဖခင်အိုမင်းနဲ့ သားကလေးကို သွားကယ်ချေပါ…။ ပြီးရင် သူတို့ကို ထရှိုင်းမြို့ပြင်ဘက်က လုံခြုံတဲ့ နေရာတစ်နေရာမှာ သွားထားပါ။ အဲဒီကမှတစ်ဆင့် တခြားတစ်ပြည် ထွက်ပြေးပါတော့…'

ဆိုလိုက်ပါသည်။ ဒီလို စကားပြောသံလဲဆုံးရော နတ်သမီးကြီး ကွယ်ပျောက်သွားခဲ့ပါသည်။

သို့နှင့် အီးနီက ဟိုသီးဟိုယာနှင့် နန်းတော်ဆီ ပြန်ပြေးလို့ လာခဲ့ပါတယ်။ 'အဖေ မြန်မြန်လာခဲ့ပါတော့…၊ ထရှိုင်းမြို့ထဲမှာ ရန်သူတွေ ရောက်ကုန်ကြပြီ…၊ ကျွန်တော်တို့တော့ မြန်မြန်ပြေးနိုင်မှပဲ လွတ်နိုင်ကြတော့မှာ'

အဲဒီအခါမှာ ဖခင်အဘိုးကြီးက ခေါင်းမာမာနှင့် ခုလိုဆိုပါသည်။

'အေး… ငါတော့ ဒီမြို့က ဘယ်တော့မှ မခွာဘူးဟေ့' လို့ပြန်အော်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင်...'

သားမှာ အံ့သြသွားသည်။ ပြီးတော့မှ 'အို.. အဖေရယ်.. အခု ထန်းရှင်းမြို့ တစ်ဝက်မက ရန်သူလက်ထဲ ရောက်နေပြီပဲဟာ.. မီးတွေလဲ တဟုန်းဟုန်းတောက်လို့ အကုန်ပျက်စီးကုန်ခဲ့ပြီ..၊ ဒီမှာ နေလို့ ဘာထူးဦးမှာလဲဗျာ...'

ပြန်ပြောလိုက်ပါသည်။

အဲဒီလို အီးနိုက ပြန်ပြောလိုက်သည့် စကားလဲဆုံးရော ဖခင်အဘိုးကြီးက ကြည့်လိုက်တော့ သူ့မြေးငယ်၏ ခေါင်းပေါ်က မီးတောက်မီးလျှံတွေ ထွက်နေသည်ကို တွေ့လိုက်ရပါသည်။

မြေးငယ်ကလည်း သူ့အနားမှာ ကပ်တွယ်ပြီး ရပ်နေခဲ့ပါသည်။

ဒီမီးသည်လဲ ခဏလေးလောက် တောက်ပြီးတော့ ရုတ်တရက် အလိုလို ပြန်ငြိမ်းသွားခဲ့ပါတော့သည်။

'ဟင်..'

ဒီလို နိမိတ်ကောင်းကို မြင်လိုက်ရသည့် ဖခင်အဘိုးကြီးသည် အတော်လေး အားရဝမ်းသာဖြစ်လို့ သွားခဲ့ပါတယ်။ ဒါကြောင့်.. 'အေး.. အေး.. ငါလိုက်ခဲ့ပါ့မယ်..၊ ဒီနိမိတ်ဟာ နတ်တွေက ပြတဲ့ နိမိတ်ပဲ..၊ ငါ့မြေးကလေး ကောင်းစားဦးမှာပဲ..၊ သူ့အသက်ကို စောင့်ရှောက်ဖို့ တို့မှာ တာဝန်ရှိသေးတယ်။ ကိုင်း.. အခု မြို့တော်က ထွက်ကြစို့ရဲ့' ဆိုပြီးတော့ လုပ်ဆောင်ပါတော့သည်။

ဖခင်အဘိုးကြီးသည် ထွက်ပြေးဖို့ အားပါးတရရှိန်းဆော်လို့ နေခဲ့ပါသည် ဆိုပါသည်။



ဒီတော့ အီးနိုက ခုလိုပဲ အစေခံတွေဘက် လှည့်ပြီး ဒီလို အမိန့်ပေးပြန်ပါသည်။

'ကိုင်းဟေ့.. မြန်မြန်လုပ်ကြ..၊ တို့ကို မြို့ပြင်တစ်နေရာက စောင့်နေကြတော့..' ဒီလိုပြောဆိုပြီး စောင့်ရမည့်အရပ်ကို တိုးတိုးပဲ မှာကြားလိုက်ပါသည်။

အီးနိုသည် သူ့အဖေ ဖခင်အိုကြီးသည် အားအင်ချည့်နဲ့ပြီး ကောင်းကောင်း လမ်းမလျှောက်နိုင်သည့်အတွက် သူ့ကျောပေါ်မှာ တင်ပြီး ခေါ်ခဲ့ရပါသည် ဆိုပါသည်။

ပြီး... သူ့သားလေးကိုတော့ သူ့အနားက ပြေးလိုက်စေခဲ့ပါသည် ဆိုပါသည်။

ပြီး.. သူတို့၏ အစေခံတွေ စောင့်နေသည့်နေရာကို ရောက်လာခဲ့ကြပါသည်။

ရောက်သည့်အခါမှာတော့ ထရိုဂျင်လူတစ်အုပ်တို့သည် သူတို့နှင့်အတူ ထွက်ပြေးဖို့ အသင့်ရောက်နေခဲ့ကြပါသည်။

ဒီလိုနှင့် သူတို့အားလုံး သင်္ဘောတွေ အသင့်ဆိုက်ကပ်ထားသည့် ပင်လယ်ကမ်းနားဆီသို့ သွားခဲ့ကြပါသည်။

ဒီအချိန်ကစပြီး သူတို့၏ မြို့တော်ကို စွန့်ခွာလို့ လာခဲ့ကြပါတော့သည်။

အဲဒီလိုနှင့် ခုနစ်နှစ်လုံးလုံး အီးနိုတို့လူစုသည် ပင်လယ်ထဲမှာ ခရီးသွားလို့ နေကြရရှာပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့က လမ်းမှာလဲ တိုင်းသစ်ပြည်သစ်တွေကို အများအပြားပဲ တွေ့ခဲ့ကြရပါတယ်။

ဒီမှာ ထူးဆန်းသည့် လူတွေနှင့်လဲ ,တွေ့ခဲ့ကြရပါတယ်။

လမ်းခရီးတလျှောက်လုံးမှာလဲ ဒုက္ခဆင်းရဲ အမျိုးမျိုးကို ဖွဲကောင်းကောင်းနှင့် တွန်းလှန်အောင်မြင်ခဲ့ကြပါသည်။

ဒီလိုနှင့် အီးနိတို့လူစုသည် လေပြင်းမုန်တိုင်းအတွေ့ဒဏ်ကြောင့် သူတို့ စီးလာခဲ့သည့် သင်္ဘောအချို့ကို အစအနတောင် ရှာမတွေ့နိုင် ဖြစ်ခဲ့ကြရတော့သည် ဆိုပါသည်။

အီးနိတို့လူစုသည် တကွဲတပြားစီ ဖြစ်ကုန်ကြပြီး စိုးရိမ်ပူပန်ပြီး တော့မှပဲ စိတ်သောက ရောက်နေခဲ့ကြရပါတော့သည်။

ဒီလိုနှင့်ပဲ မပျက်စီးဘဲနှင့် ကျန်ရှိနေသေးသော သင်္ဘောတွေသည် တဖြည်းဖြည်းနှင့် ရှက်ကိုတင်၍ ခရီးဆက်လာခဲ့ကြပါသည်။ သည်မှာ မပျက်မစီးဘဲနှင့် ကျန်ရှိနေသေးသည့် သင်္ဘောတွေသည် တဖြည်းဖြည်းနှင့် ရှက်တိုက်ပြီး ခရီးဆက် ထွက်လာလို့နေခဲ့ကြပါသည်။

ဒီလိုနှင့် မကြာခင်မှာတော့ ထူးဆန်းသည့် နိုင်ငံတစ်ခုသို့ ရောက်ခဲ့ ကြပါသည်။

သူတို့၏ သင်္ဘောတွေကို ဆိပ်ကမ်းမှာ ဆိုက်ကပ်ထားပြီးတော့ ကုန်းပေါ်တက်ကြည့်ကြပါသည်။ လျှောက်သွားကြပါသည်။

အတော်လေး သွားမိကြသည့်အခါ မီးနပ်စ်နတ်သမီးကြီးသည် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာနှင့် ရှေ့မှာ ရပ်လို့နေတာ တွေ့လိုက် ရပါသည်။



ပြီးမှ နတ်သမီးက 'အခု နိုင်ငံမှာ ဘုရင်မဒေးဒိုး အုပ်စိုးလို့ နေပါတယ်။ မြို့တော်အရောက် သွားကြပြီးတော့ အဲဒီမြို့မှာပဲ ခဏလောက် ကည်းခိုပါရစေလို့ တောင်းပန်ကြချေပါ' ဆိုလိုက်ပါသည်။

အဲဒီလိုနှင့် မီးနပ်စ်က မှာကြားလိုက်ခဲ့ပါသည်။ ဒို့နောက် သူတို့လူစုကို ရန်သူတွေ မမြင်နိုင်အောင် အကာအကွယ်အဖြစ်နှင့် မီးခိုးလုံးတွေနှင့်ကို ဖုံးအုပ်ပေးခဲ့ပါသည်။

ထို့ကြောင့် သူတို့သည် ဘေးရန်မရှိဘဲနှင့် ဒေးဒိုး၏ နန်းတော်ကြီးသို့ အရောက်သွားခဲ့ကြပါသည်။

နန်းတော်ထဲ ရောက်သည့်အထိ သူတို့ကို ဘယ်သူကမှ မမြင်ရတော့ဘူးလို့ ဆိုပါသည်။

သူ တို့အတွင်းဆောင်သို့ ရောက်ခဲ့ကြပါသည်။

'ဟင်...'

ဒီမှာတော့ အံ့သြဖွယ်ရာက ပင်လယ်ထဲတွင် သင်္ဘောပျက်လို့ သေကုန်ခဲ့ပြီ ထင်ရသူတို့၏ နောက်လိုက်လူစုကို ဘုရင်မနှင့် စကားပြော နေသည်ကို တွေ့လိုက်ကြရပါသည်။

အံ့သြမဆုံး ဖြစ်ကြရပါသည်။

အီးနိတို့လူစုကို အဲဒီနန်းတော်ထဲက လူတွေသည် လုံးဝ မမြင်နိုင် ကြပါ ဆိုပါသည်။ သည်မှာ မြင်စေလိုက်ပြီးမှ...

ဒါကြောင့် သူတို့က ဘုရင်မကို 'အကျွန်ုပ်တို့ရဲ့ ခေါင်းဆောင် ကြီး သူ့ရဲကောင်းကြီး အီးနိဟာ ရေနစ်ပြီး သေဆုံးခဲ့ရပြီ ထင်ပါရဲ့... သူဟာ သိပ်ကို သဘောထားလဲ ပြည့်ဝပါတယ်။ ပြီး... သူဟာ

www.burmeseclassic.com

www.burmeseclassic.com



စိတ်စေတနာလဲ သိပ်ကိုကောင်းပါတယ်။ ပြီး… သူဟာ ဖြောင့်လဲ ဖြောင့်မတ်တဲ့အတွက် အထူးကိုပဲ နှမြောဖို့ ကောင်းလှပါတယ်ဘုရား…။ အကျွန်ုပ်တို့တွေဟာ သူ့ရဲ့အဖြစ်မှန်ကို သိချင်ကြပါတယ်။ စုံစမ်းသမျှ ပြုပေးပါလော့’ လို့ လျှောက်ထားသံတော်ဦးတင်လို့ နေခဲ့ကြပါတော့သည်။

ဒီတော့ ‘ကဲ… မစိုးရိမ်ကြပါနဲ့တော့…၊ မစိုးရိမ်ကြပါနဲ့ ကိုယ့်လူတွေဟာ အဲဒီသူတို့တွေ စီးတဲ့ သင်္ဘောကို လိုက်ရှာကြပါလိမ့်မယ်…။ သူတို့လဲ တစ်နေရာရာမှာ သောင်တင်ချင်လဲ တင်နေမှာပဲ ဘယ်သူမှတော့ အမှန်ကို မပြောနိုင် မသိနိုင်ကြပါဘူး’ လို့ ဆိုလိုက်ပါသည်။

အဲဒီလို အချီအချ ပြောနေနိုက်မှာပဲ အီးနိုတို့လူစု ဒီမီးနိုးလုံးတွေ ကြားက ထွက်ခဲ့ကြပြီးတော့ ကိုယ်ကို တင်ရားတွေ့နိုင်ခဲ့ကြပါတော့သည်။ ထို့ကြောင့် သူတို့၏ အဖော် ထရိုင်ဂျင်တွေက မြင်ပြီးတော့ အတော်ကို အံ့သြလို့ သွားခဲ့ကြပါသည်။

ပြီး… ဝမ်းသာအားရလဲ ဖြစ်သွားကြပါသည်။ ဘုရင်မကြီးသည် အီးနိုတို့လူစုကို ဖော်ဖော်ရွေရွေ ဧည့်ခံပါသည်။

သူတို့တွေ အားလုံးအတွက် ထမင်းစားပွဲကြီးလဲ ကျင်းပနေခဲ့ပါသည်။

ထို့နောက် ‘သူတို့နိုင်ငံမှာ ပျော်သလောက် နေနိုင်ပါတယ်’ လို့ ဆိုပြီး လောကဝတ်ကျေအောင် ဖိတ်ရှာပါသည်။

သို့နှင့် ထရိုဂျင်တို့လူစုမှာလဲ ပင်လယ်ထဲမှာ လှိုင်းလေနိပ်စက်သည့် ဒဏ်ကို အတော့်ကို ပြင်းပြင်းထန်ထန် ခံစားနေခဲ့ကြပါသည်။

ဒါကြောင့် အတိုးချပြီးတော့ နန်းတော်ပေါ်မှာ ပျော်ပျော်ကြီး



နေလိုက်ဦးမယ်ဟူ၍ စိတ်ကူးပြီးတော့ ဘုရင်မကြီး ဖိတ်သည်ကို လက်ခံလိုက်ခဲ့ကြပါသည်။

ဒီလို ပျော်ပျော်ပါးပါးနှင့် နေလာနေခဲ့ကြပါသည်။

ဒီလိုနှင့် ရက်တွေအတော် ကုန်လွန်ခဲ့ပါသည်။ နတ်တွေကလည်း အီးနိုတို့ လူစုကို စောင့်ရှောက်ဖို့ သတိရကြပါသည်။

ထို့ကြောင့် ထရိုဂျင်တို့နိုင်ငံသစ် ထူထောင်ဖို့ရာ နေရာသစ် ရှာထွက်ဖို့ အချိန်တန်ပြီလို့ နတ်သားတစ်ပါးက သတိလာပြီး ပေးလိုက်ပါသည်။

‘ဟင်…’

ဒီမှာ အီးနိုတို့လူစုမှာ ဘုရင်မကြီး၏ နန်းတော်ကြီးက ထွက်ခွာမသွားချင်ခဲ့ကြပါ။

သို့ပေမယ့် နတ်တွေရဲ့ အမိန့်ကို သူတို့ဟာ အမြဲပဲ နားထောင်ရမှာကို သိထားကြပါသည်။

ထို့ကြောင့် ညကျတော့ ဘုရင်မကြီး စက်တော်ခေါ်နေသည့် အချိန်မှာပဲ အီးနိုတို့နှင့် ထရိုဂျင်တို့ လူစုသည် မြို့တော်မှ ထွက်ခွာခဲ့ကြပါတော့သည်။

‘စိတ်ချရတဲ့ အခြေအနေဆိုတာ တကယ်တော့ မရှိပါဘူး။ အမြဲတမ်း နိုးနိုးကြားကြားနဲ့ လိုလိုမယ်မယ် ကြိုတင်ပြင်ဆင်ထားရမယ်’

*(ဆရာတော်ဦးဇောတိက)*

ဒီလိုနှင့် ဘုရင်မကြီး နိုးလာခဲ့ပါသည်။ သင်္ဘောတွေအားလုံး ထွက်သွားခဲ့သည့်အကြောင်း သိရပြီး ဝမ်းနည်းပက်လက် ကျန်ရစ်ခဲ့ရှာပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် မကြာခင်မှာဘဲ ထရိုဂျင်တို့သည် နိုင်ငံသစ်တစ်ခုဆီ ရောက်လာခဲ့ကြပြန်ပါသည်။

ဒီလိုနှင့် တပြည်ဝင်တပြည်ထွက်နှင့် သွားနေခဲ့ကြသည်။

ဒီမှာ ပါလာခဲ့သည့် မိန်းမသားတွေမှာ သိပ်ကို စိတ်ပျက်လို့ လာခဲ့ကြပါသည်။ ပြီး… သင်္ဘောပေါ်မှာ နေရသည့်ရက်တွေ ကြာခဲ့လို့လည်း ညည်းငွေ့စပြုလို့ လာခဲ့ကြပါတော့သည်။

သို့နှင့် သူတို့ချင်း တိတ်တဆိတ် တိုင်ပင်နီးနှောခဲ့ကြပါသည်။ 'ငါတို့ ဒီလိုအတိုင်းပဲ သွားနေကြရင် လေမုန်တိုင်းနဲ့ တစ်နေ့နေ့တော့ ထပ်တွေ့ချင်တွေ့ဦးမှာပဲ…။ ဒါကြောင့် ဒီသင်္ဘောတွေ ရှိနေသမျှ အမြဲမပြတ် ခရီးသွားနေရမှာမို့ ဒီသင်္ဘောတွေ မီးတင်ရှို့လိုက်ကြပါစို့ရဲ့ ဒီတော့မှသာ တို့တတွေဟာ ဒီသာယာတဲ့ နိုင်ငံသစ်မှာ အမြဲနေကြရတော့မှာပါ…'

ဒီလိုနဲ့ တညီတညွတ်တည်း ညှိနှိုင်းတိုင်ပင်ထားခဲ့ကြသည့်အတိုင်း တကယ်ပြုလုပ်ခဲ့ကြပါတော့သည်။

မိန်းမတွေသည် ယောကျ်ားတွေ ကုန်းပေါ်မှာ ကစားနေကြခိုက်မှာပဲ သင်္ဘောကို မီးတင်ရှို့ခဲ့ကြပါသည်။

'ဟာ..'

'အို…'

သင်္ဘောတွေဆီက မီးနီးလုံးကြီးတွေ တလူလူတက်လို့ လာခဲ့ကြသည်ကို အီးနီ တွေ့လိုက်ရပါသည်။

'ဟေ့… သင်္ဘောတွေ မီးလောင်ကုန်ပြီ…၊ လုပ်ကြပါဦး…၊ ဝိုင်းငြိမ်းသတ်ကြပါဦး' လို့ အသံကုန် အော်ပြီးတော့ သူလူတွေနှင့် ကမ်းစပ်ဆီ ဆင်းပြေးလာခဲ့ကြပါသည်။



မီးတွေကို ဝိုင်းပြီး ငြိမ်းပေးမယ့် မနိုင်မုန်းသိတော့ အီးနီက နတ်တွေကို 'ကူညီမှိုင်းမတော်မူကြပါ အရှင်နတ်များ' လို့ ဆိုပြီး တောင်းပန်လိုက်ပါသည်။

ဟော… ခဏမှာပဲ မိုးတွေ သဲသဲမဲမဲ ရွာချလိုက်ပါသည်။ ဒီတော့ မီးတွေ ငြိမ်းသွားခဲ့ပါသည်။

ကံအားလျော်စွာပါပဲ…၊ သင်္ဘောတွေသည် ခရီးမထွက်နိုင်လောက်အောင် ပျက်စီးခြင်း မရှိခဲ့ဘူးလို့ ဆိုပါသည်။

ထို့ကြောင့် အီးနီဟာ နည်းနည်းပါးပါး ပြုပြင်လိုက်တော့ ခရီးထွက်နိုင်ခဲ့ကြရပါသည်။

'သည်တစ်ခါ တို့ဘယ်အရပ်ကို သွားရပါလိမ့်မလဲ'

'ကိုယ့်ရဲ့ ကြီးပွားရေးတိုးတက်ရေး အသိဉာဏ်မြင့်မားရေးတို့ကို ကိုယ်ကိုယ်တိုင် ဆုံးဖြတ်တာ လုပ်နိုင်တာဟာ လွတ်လပ်မှုပဲ…'

***(ဆရာတော်ဦးဓမ္မဝိဓက)***

အဲဒီအခိုက်မှာပဲ သူ့အနားမှာ သူ့ဖခင်ကြီး ပေါ်လာတာကို တွေ့လိုက်ရပါသည်။

သူ့အဖေအိုကြီးမှာကတော့ ပင်လယ်ထဲမှာ ခရီးသွား နေခိုက်မှာ ဆုံးရှုံးသွားခဲ့ရလို့ နတ်ဖြစ်သွားခဲ့ရတယ်လဲ ဆိုပါသည်။

အခုတော့ သူ့သားကို 'ဘာလုပ်ရင်ကောင်းမယ်' ဆိုတာ အကြံဉာဏ်လာပေးရင်း ခေတ္တရောက်လာခဲ့တာပဲ ဖြစ်ပါသည်။

'မိန်းမနဲ့ ကလေးတွေကို ဒီအရပ်မှာပဲ ခေတ္တထားခဲ့ပါဦး…

www.burmeseclassic.com

www.burmeseclassic.com



မင်းကတော့ ဉာဏ်ကြီးရှင်မဆီ သွားမို ..။ ပြီး.. ပြည်ခေမာဆိုတဲ့ အရပ်ကို လိုက်ပို့ပါလို့ သူ့ကိုပြောပါ...။ နောက်တော့ ဘယ်သွားရမယ်ဆိုတာ ငါမင်းကို ပြောပြပါ့မယ်...'

ဒီလို ပြောပြီးတော့ အဘိုးကြီးသည် ပျောက်ကွယ်လို့ သွားခဲ့ပါသည်။

သည်လိုနှင့် အီးနိုသည် မိန်းမတွေကို ယားခဲ့ပြီးတော့ ယောက်ျား တွေနှင့် အရှေ့ဘက်သို့ ရွက်လွှင့်ခဲ့ပါသည်။

နောက်ဆုံး သူတို့သည် ဉာဏ်ကြီးရှင်မ နေသည့် အရပ်ကို ရောက်လာခဲ့ကြပါသည်။

ဒီမိန်းမကို သူ့ဂူမှာပဲ အဆင်သင့် တွေ့လိုက်ရပါသည်။

'အို.. ဉာဏ်ကြီးရှင် ဒုက္ခကင်းတဲ့ ပြည်ခေမာအရပ်တို့ဟာ ဘယ်မှာရှိပါသလဲ လမ်းညွှန်တော်မူပါ..၊ အကျွန်ုပ်တို့ရဲ့ ဖခင်ဟာ အဲဒီအရပ်မှာ ရှိနေကြောင်း သိရပါတယ်'

အဲဒီလို အီနိုးက မေးလိုက်ပါသည်။

'အဲဒီအရပ်ကို သွားချင်လို့ရှိရင် ကမ္ဘာမြေကြီးရဲ့အောက်ဆုံးမှာ ရှိတဲ့ အောက်ကမ္ဘာကို ရောက်အောင် အရင်ဆုံး သွားပါ။ ဟိုအရပ်ကို မသွားခင် တောထဲမှာ ရွှေသစ်ကိုင်းတစ်ကိုင်းကို မတွေ့တွေ့အောင်ရှာပါ'

အဲဒီလို ဉာဏ်ကြီးရှင်မက သေသေချာချာ မှာလိုက်ပါသည်။

ဒါကြောင့် အီးနိုကလဲ ရွှေသစ်ကိုင်းရှာရင်းနှင့် တစ်တောဝင် တစ်တောထွက်နှင့် သွားရင်း အတော်မောလို့ နေခဲ့ရပါသည်။



'ဘယ်မှာပါလဲ...'

သူဟာ ရွှေသစ်ကိုင်းကို မတွေ့ရပါဘဲနှင့် အလွန်စိမ်းလန်းသည့် ထူးတဲ့ သစ်ကိုင်းသစ်ကိုင်းတွေကိုပဲ တွေ့ခဲ့ရပါသည်။

သို့နှင့် စိတ်ပျက်ပြီးတော့မှ...

'ငါတော့ ရွှေသစ်ကိုင်းကို ဘယ်တော့မှ ရှာလို့တော့ တွေ့မှာ မဟုတ်တော့ပါဘူး' လို့ ညည်းညူလိုက်ပါသည်။

ဒီလိုညည်းညူလိုက်သည့် ခဏမှာပဲ ငှက်တောင်ပံ ခတ်သံတစ်ခု ကို ကြားလိုက်ရပါသည်။

မော့ကြည့်တော့ သူ့မိခင်နတ်သမီးဖြစ်သော ဗီးနပ်စ်၏ ချိုးဖြူငှက် ကလေး တစ်ကောင်ကို တွေ့လိုက်ရပါသည်။

ချိုးဖြူငှက်ကလေးသည် သူ့ခေါင်းပေါ်မှ ပျံသန်းလို့ သွားခဲ့ပါသည်။

ဒါကြောင့် သူနောက် နောက်ယောင်ခံပြီး လိုက်သွားခဲ့ပါသည်။

'ဟော...'

ဒီမှာ အင်မတန် ရေနက်သည့် အိုင်ကြီးတစ်အိုင်ဆီသို့ ရောက်သွား ခဲ့ပါသည်။

ပြီး.. ရေအိုင်ကို ပတ်လည်ဝိုင်းရံပြီးတော့မှ ပေါက်နေသည့် သစ်ပင်မြင့်ကြီးတွေဆီ ရောက်အောင် သူလာခဲ့ပါတော့သည် ဆိုပါသည်။

အဲဒီနောက် အဲဒီအပင်တွေထဲမှ သစ်ပင်တစ်ပင်ကို ရွေးချယ် နားလိုက်ကြမှ ချိုးကလေးနှစ်ကောင်ဟာ ပျံတက်လို့ သွားခဲ့သည် ဆိုပါသည်။ အီးနိုကလည်း သေသေချာချာ ကြည့်လိုက်တော့ ချိုးငှက် နားနေသည့်အကိုင်းကို ကြည့်လိုက်တော့ ရွှေသစ်ကိုင်းဖြစ်နေသည်ကို တွေ့လိုက်ရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့နှင့် အီးနိုသည် အဲဒီသစ်ပင်ပေါ် တက်ပြီးတော့မှ ရွှေသစ်ကိုင်းကို ကိုင်လိုက်ရုံနဲ့ပဲ သစ်ကိုင်းသည် သူ့လက်ထဲ အလိုလိုပါလို့ လာခဲ့ပါတော့သည်။

ဒီရွှေကိုင်းကို ဉာဏ်ကြီးရှင်မဆီ ယူလို့ သွားခဲ့ပါတော့တယ်။

ဉာဏ်ကြီးရှင်မက ခေါ်သွားခဲ့လေလျှင် အောက်ရပ်ကမ္ဘာသို့ ရောက်သွားခဲ့ပါသည်။

အဲဒီကမှ တစ်ဆင့် ရွှေသစ်ကိုင်းပါလို့ ပြည်ခေမာကို ဝင်ခွင့်ပါရခဲ့ပါတော့သည်။

အဲဒီပြည်ခေမာမှာ အီးနိုသည် သူ့အဖေနှင့် ပြန်တွေ့ခဲ့ပါသည်။

'ငါ့သား လက်တင်လူမျိုးတွေနေတဲ့ တိုင်းပြည်ရောက်အောင် မင်းတို့ ဆက်သွားကြပါ…၊ အဲဟိုရောက်မှပဲ မင်းတို့ရဲ့ ခရီးလမ်းဟာ ဆုံးတော့မယ်'

'ဘာဖြစ်လို့လဲ ဖေဖေ'

သားဖြစ်သူက မေးလိုက်ပါသည်။

'သင်ခန်းစာတစ်ခုကို မကျေညက်ရင် အဲဒီသင်ခန်းစာပဲ ထပ်တွေ့ရမယ်။ သင်ခန်းစာမရမချင်း ဒီသင်ခန်းစာရမယ့် အခြေအနေကို ပုံစံအမျိုးမျိုးနဲ့ ထပ်တွေ့ရမယ်…၊ သင်ခန်းစာတစ်ခုကို သေသေချာချာ နားလည်သွား သဘောပေါက်သွားပြီဆိုရင် နောက်သင်ခန်းစာတစ်ခု ကို တက်ရပြီ…'

*(ဆရာတော်ဦးဇောတိက)*



အဲဒီတော့ ဖခင်ကြီးက ဖွင့်ပြောမှ ဖြစ်တော့မှာမို့ သားဖြစ်သူကို ခုလိုဖွင့်ပြောလိုက်ပါသည်။

ဒီလိုပါ…။

'ဘဝဆိုတာ ရှေ့ကိုအမြဲချီတက်နေရတယ်။ အဲဒီထဲမှာ သားဟာ ပြောစကားနားထောင်နိုင်သူ နာခံနိုင်သူ ဦးဆောင်နိုင်သူဖြစ်လေတော့ အများအတွက် အားလုံး နယ်သစ်ပယ်သစ်အတွက် သားကို ညွှန်ကြားပြောဆိုနေခဲ့ကြရတာပဲ ဖြစ်တယ်။ ဒါကြောင့် သတ္တိဗျတ္တိနဲ့ ပြည့်စုံတဲ့ သားဟာ ရှေ့ခရီး ဆက်သွားပါ။ ရှေ့မှာ ခုလိုကြိုးစားတဲ့ ရိုးသားတဲ့ အနစ်နာခံတဲ့ သားအတွက် ရရှိခံစားလာရမယ့် ဆုလာဘ်နဲ့ ခံစားခွင့်တွေ ရှိမှာမို့ပါပဲကွယ်…'

'သား ဒါတွေ မလိုချင်ပါဘူး…'

'လူဆိုတာ ရသင့်တာလဲ ယူရဲရတယ်။ လုပ်သင့်တာလဲ လုပ်ရဲရတယ်သား၊ ခေါင်းဆောင်ဆိုတာ ခေါင်းဆောင်ရဲမှ ခေါင်းဆောင်ဖြစ်တယ်။ ပြီးတော့ ဒီကနေ့မှာ ဈေးကွက်စီးပွားရေးအမြင်နဲ့ ပြောရရင် ပွင့်လင်းလွတ်လပ်တဲ့ အမြင်လဲရှိရတယ်သားရဲ့' ဆိုလိုက်ပါသည်။

အဲဒီလို ဖခင်ကြီးက ပြောပြလိုက်ပါသည်။ ပြီးမှ တခြားမှာကြားစရာရှိတာတွေကို မှာကြားလို့ နေပါသေးသည်။ 'ဦးဆောင်သူတစ်ယောက်မှာ ရှိထားရမည့် ကိုယ်ရည်ကိုယ်သွေး စိတ်နေစိတ်ထားအကြောင်းတို့တွေပဲ' ဖြစ်ပါသည်။

ဒီလိုမှာကြားပြီးသည့်အခါမှာတော့ သူ့အဖေကို နောက်ဆုံး

www.burmeseclassic.com

www.burmeseclassic.com



နှုတ်ဆက်ခဲ့ပြီး အီးနိုသည် သူနောက်မှာ ကျန်ရစ်ခဲ့သည့် ထရီဂျင်တို့ လူစုရှိရာကို ပြန်လှည့်လို့ လာခဲ့ပါသည်။

အီးနိုသည် သူ့လူတွေကို ခေါ်ပြီးတော့ သင်္ဘောရွက်လွှင့်သွားခဲ့ ပါတော့သည်။

ပြီး.. သူ့အဖေ ပြောသည့် လက်တင်လူမျိုးတွေ၏ တိုင်းပြည်ကို ရောက်လို့လာခဲ့ပါသည်။

အဲဒီပြည်မှာနေလို့ အတော်ကြာတော့မှပဲ အီးနိုသည် မင်းသမီး ကလေးပါးဆိုသူနှင့် လက်ထပ်လိုက်ပါတယ်။

ဒီနောက်တွင်မှာတော့ မြို့တော်တစ်မြို့ကိုလဲ သူ့ရဲ့ မိဖုရားအမည်နဲ့ တည်ခဲ့သေးသည် ဆိုပါသည်။ အကယ်၍ လူတစ်ယောက်ဟာ သူတကယ် လုပ်ချင်တာ ဘာလဲလို့ တိတိကျကျ သိပြီးတော့ နေ့စဉ် အဲဒီအလုပ်ကို စိတ်ပါလက်ပါ လုပ်နေတယ်ဆိုရင် ဘဝကြီးဟာ အဓိပ္ပါယ်မဲ့သလိုမျိုး ဘဝကြီးက Empty ဖြစ်နေသလိုမျိုး ပျင်းစရာကောင်းတယ်ဆိုတာမျိုးဟာ ဘယ်တော့မှ မဖြစ်နိုင်ဘူး...

*(ဆရာတော်ဦးဇောတိက)*

**** **** ****

# ၄။ ခေါင်းဆောင်ဆိုသည့်အရာ

ကိုယ့်ရဲ့အကောင်းဆုံး အမြင့်ဆုံး အရည်အသွေးတွေကို အများဆုံး ထွက်ပေါ်လာအောင် လုပ်နေရတာ ကြိုးစားနေရတာဟာ ဘဝမှာ ပျော်စရာ အကောင်းဆုံးပဲ.....။

*(ဆရာတော်ဦးဇောတိက)*

အများကသာ ဖောက်ဖောက်ပြန်ပြန် မရှိဘူးဆိုပါက ဒီစနစ်ဟာ ကောင်းမွန်သည့် စနစ်တစ်ခုပဲ ဖြစ်ပါသည် ဆိုပါသည်။

သူ့အနေနှင့်တော့ ဘာမှပြောစရာ မရှိဘူးလို့ ဆိုပါသည်။ သို့ပေမယ့် လက်တွေ့လုပ်ငန်းမှာတော့ သိပ်လွယ်ကူလှတယ်မဟုတ်ဘူးလို့ ဆိုပါသည်။

ဒီမှာ နိုင်ငံတော်သမ္မတနှင့် နိုင်ငံရေးအရ ဖြစ်လာခဲ့သည့် ဝန်ကြီးတွေမှအပ သိပ္ပံပညာနှင့် ပတ်သက်သည့် ရာထူးဌာနန္တရတွေ အပါအဝင် စက်မှုနည်းပညာဆိုင်ရာဖြစ်သော တန်ဖိုးများ၊ ပြီး..စာရိတ္တအရ ရိုးသားမှုများ ပေါ်မှာ မူတည်ပြီး စဉ်းစားခန့်အပ်သင့်သည်လည်း ဆိုပါသည်။

ထို့ကြောင့် တိုင်းပြည်နှင့် အဲဒီတိုင်းပြည်ကို စိုးမိုးအုပ်ချုပ်နေသည့် သူတွေ၏ အကျိုးအတွက် စစ်တပ်တစ်တပ်၏ အကြီးအကဲ (သို့မဟုတ်) ိုးရထားလမ်း၏ အကြီးအကဲတို့သည် ဘယ်လိုဘဝမျိုး ရှိနေသည်ဖြစ်စေ..၊ အထက်တန်းကျသည့် စိတ်ထားမြင့် ပုဂ္ဂိုလ်တစ်ယောက်တော့ ဖြစ်သင့် သည် ဆိုပါသည်။

သို့ပေမယ့် လူဆိုသည်မှာတော့ ထိပါးရင် ခံစားချက် ပြင်းထန် သာတတ်သူချည်းပဲ ဖြစ်ကြပါသည်။ ဒါကြောင့် လူဆိုဟာ ထွေပြားတတ်



www.burmeseclassic.com

www.burmeseclassic.com



သူတွေသာလဲပဲ ဖြစ်တတ်ကြပါသည်။ ဒီလိုခံစားချက် မပြင်းထန်အောင် ဘယ်လိုမှ လုပ်လို့ မရနိုင်ပါ…။ မိတ်ဆွေအပေါင်းအသင်း ဆွေမျိုးတွေနှင့် နိုင်ငံရေးဘက်လိုက်မှုတွေမှာ ဒီရာထူး ဌာနဌာနတစ်ခုကို ခန့်အပ်ရာတွင် အခန်းတစ်ခန်းကပါလို့ နေကြပါသည်။

ဒီလိုဖြစ်နေရသည်မှာ ဝမ်းနည်းစရာ ကောင်းတာ အမှန်ပါ…။

ထို့ကြောင့် အရည်အချင်းရှိသူတွေအား ဦးစားပေးနိုင်ဖို့အတွက် ဆိုပါရင် မိမိတို့မှာ အခြားသူတွေရဲ့ ခံစားမှုနှင့် မိမိတို့တွေ၏ ခံစားချက်ကို ထိန်းသိမ်းချုပ်ကိုင်နိုင်ဖို့ရာ ကြိုးစားရပါမည်သာ ဆိုပါသည်။

ဆိုရရင် တချို့အရေးတကြီး အခြေအနေမျိုးတွေတွင် တိုင်းပြည် မှဝါးအစည်းပြေသလို ဖရိုဖရဲဖြစ်လို့ နေတတ်ပါသည်။

ဒီအချိန်မှာ ခေါင်းဆောင်ကို ဘယ်သူကမှ ခန့်အပ်လို့ရတာမျိုး မဟုတ်ပါ…။

ဒီအချိန်မှာ ခေါင်းဆောင်သည် သူ့ဟာသူ ပေါ်လာတတ်ပါသည်။

ဒီမှာ သာမန်လူတစ်ယောက်လောက်သာဖြစ်တဲ့ မြင်းတပ်သား တချို့ကိုလောက်သာ ကွပ်ကဲခဲ့ရသည့် ကရွမ်းဝဲလ်ကို ဘယ်သူကမှ ခေါင်းဆောင်ဆိုပြီး ရွေးကောက်တင်ခဲ့သည် မဟုတ်ပါ…။ ဘယ်သူကမှ ရွေးမကောက်ခဲ့ပါ။ တော်လှန်ရေးကြီးသည် ဘိုနာပတ်ကို စစ်ဗိုလ်ချုပ်ကြီး တစ်ဦးဖြစ်ဖို့ရာ လုပ်ပေးခဲ့ပါသည်။

ဘိုနာပတ်သည် သူ့ကိုယ်သူ ပြင်သစ်လူမျိုး၏ ခေါင်းဆောင် ဖြစ်အောင် လုပ်ခဲ့ပါသည်။ မိမိကိုယ်ကို ခေါင်းဆောင်နေရာ ရောက်အောင် လုပ်ယူရသည်။ လူမှာ ခေါင်းဆောင်ရေးအတွက် လိုအပ်သည့် အရည် အချင်းတွေ ရှိပါသည်။



အကယ်၍ ဒီလို အရည်အသွေးတွေမှ မရှိခဲ့ပါက ဘယ်လိုမှ အာဏာပါဝါ မရနိုင်ပါ…။

ဒီမှာ ခက်သည်ကတော့ သူ၏အရည်အချင်းတွေသည် ပါတီတစ်ခု အတွက်တွင်ပဲလား…။ (ဒါမှမဟုတ်) လူမျိုးတစ်ခုလုံးအတွက်တွင်ပဲလား ဆိုတာပါ…။

သူ၏ ခေါင်းဆောင်အရည်အချင်းသည် ပါတီခေါင်းဆောင်မှု တစ်ခု၏ အရည်အချင်းမျိုးပဲလား…။ (သို့မဟုတ်) အမျိုးသား ခေါင်းဆောင် မှု၏ အရည်အချင်းလားဆိုသည်ကို ခွဲခြားရှာဖွေရသည့် ကိစ္စမှာတော့ အတော်ခက်သည် ဆိုပါသည်။

မိမိကိုယ်ကို ခန့်အပ်လိုက်သည့် ခေါင်းဆောင်တစ်ယောက်ဟာ အာဏာပါဝါ ရလာပြီဆိုသည်နှင့် သူမရှိရင် ဘယ်သူ ဆက်ခံမလဲဆိုသော ပြဿနာအခက်အခဲပေါ်လာတော့သည်။ ဒီမှာက ခရွမ်းဝဲလ်၏ သားသည် အဘယ်မှာ တိုင်းပြည်ကြီးကို ကြာကြာအုပ်စိုးနိုင်ခဲ့လို့ပါလဲ…။

ပြီး… ဘိုနာပတ်၏ သားဆိုရင်လဲ တရပ်တကျေးနှင့် တစ်ကျွန်း တစ်မြေမှာ သွားလို့ သေခဲ့ရပါသည်။ လီနင်ကို ဆက်ခံခဲ့သူဆိုရင်လဲ အရင်တုန်းက လုပ်ခဲ့သမျှတွေကို မုန်းပြီးတော့ ရှေ့က လုပ်ခဲ့သမျှ အားလုံး ကို ပြန်ဖျက်ပစ်ခဲ့ပါသည်။

ပြဿနာသည် တခြားမဟုတ်ခဲ့ပါ။ လက်တွေ့အရာသာ ဖြစ်ပါ သည်။ သည်မှာ ခေါင်းဆောင် တစ်ယောက်ရွေးချယ်ရသည် ဆိုတာသည် ဘယ်အခါမှ စိတ်ကျေနပ် လောက်အောင် ပြေလည်သွားသည့် ပြဿနာ မဟုတ်ပါဆိုသည့်အချက်ပဲ ဖြစ်ပါသည်။

ဒီမှာ အရာအားလုံးသည် အတိတ်အခြေအနေတွေနှင့် လူမျိုး၏

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်မျှော်မှန်းချက်တွေ အပေါ်တွင် တည်နေသည် ဆိုပါသည်။ သို့ပေမယ့် ရွေးကောက်ခံရလို့ပဲဖြစ်ဖြစ် (ဒါမှမဟုတ်) ခန့်အပ်ခံရလို့ပဲဖြစ်ဖြစ်၊ မျိုးရိုးတန်ခိုးအာဏာ အရှိန်အဝါတွေကြောင့်ပဲဖြစ်ဖြစ်၊ ခေါင်းဆောင်ဖြစ်လာသည့် လူတစ်ယောက်သည် ခေါင်းဆောင်မှုတွေအတွက် လိုအပ်သည့် အရည်အချင်းကတော့ ရှိဖို့လိုပါသည်။

ဒီလို ခေါင်းဆောင်မှု အရည်အချင်းတွေ မရှိခဲ့ရင် အဲဒီခေါင်းဆောင်မှာ ကြာရှည်ခံမှာ မဟုတ်ပါလဲ ဆိုထားပါသည်။

ဒီမှာ ခေါင်းဆောင်ကောင်းတစ်ယောက်၏ လုပ်ငန်းတာဝန်သည် အခြားသော သူတွေ၏ လုပ်ဆောင်ချက်တွေကို ညွှန်ကြားဖို့ပဲ ဖြစ်ပါသည်။

ထို့ကြောင့် သူတို့ကို ဘယ်ပန်းတိုင်ဆီ အရောက် ခေါင်းဆောင်သွားရမည်ဆိုသည့် အချက်ကို မသိလို့တော့ မဖြစ်ပါလေ…။

သူ့အဖို့ အရေးကြီးဆုံး အရည်အချင်းမှာတော့ စိတ်တန်ခိုးသတ္တိကို ပိုင်ဆိုင်ဖို့ပဲ။ သူသည် ဆုံးဖြတ်ချက်တွေကို ဘယ်လိုချမှတ်ရမည်ဆိုတာ သိရပါသည်။ ဒီဆုံးဖြတ်ချက်တွေအတွက် တာဝန်ယူရပါမည်လဲ ဆိုပါသည်။

သူဟာ သဘာဝကျစွာနှင့်ပဲ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်ခြင်း မပြုမီမှာ အခြေအနေအရပ်ရပ်ကို ထဲထဲဝင်ဝင် သိမြင်နားလည်ပြီး ချင့်ချိန်တတ်ရပါမည်။ ဒီဆုံးဖြတ်ပြီး အမိန့်ပေးထားပြီးသည်နှင့် တစ်ပြိုင်နက်မှာပဲ အခြားသော အခက်အခဲတွေက ရှိမနေခဲ့ဘူးဆိုခဲ့ရင် အဆုံးတိုင်အောင်ပဲ လုပ်ဆောင်သွားရပါမည်။

သည်မှာ လေးပင်ဖင့်နွဲ့နေသည့် ခေါင်းဆောင်လောက် နောက်လိုက်အဖို့မှာ စိတ်ပျက်စရာကောင်းသည့် အရာဆိုတာ ဘာတစ်ခုမှ မရှိဘူးဆိုတာသာတဲ ဖြစ်ပါသည်။ ဒီမှာ နပိုလီယံကတော့ ကြံ့ခိုင်တာဟာ အရာရာကို အောင်နိုင်စေပါသည် ပြောထားခဲ့ဖူးပါသည်။



ဒီဆုံးဖြတ်ချက်တွေကို ချမှတ်နိုင်ဖို့ရာအတွက် ခေါင်းဆောင်တစ်ယောက်မှာ စိတ်ဓာတ်သတ္တိရှိဖို့ရာ ပင်ကိုယ်ရှိရပါမည်။ ဒီဆုံးဖြတ်တွေကြောင့် မကြာခဏ ဆိုသလို ခေါင်းဆောင်မှာ စိတ်ဆင်းရဲရတာတွေ ရှိတတ်ပါသည်။

ဒီလိုနဲ့ပဲ ၁၉၁၄ ခုနှစ် ပထမကမ္ဘာစစ်ကြီးတုန်းက ဝန်ကြီးချုပ်ကျော်ရှိသည် မိမိမိတ်ဆွေ ရင်းချာတွေ ဖြစ်သည့် စစ်ဗိုလ်ချုပ်တော်တော်များများကို ပြောင်းရွှေ့ခဲ့ရသည်။ ဖြုတ်ပစ်ခဲ့ရတာတွေ ရှိခဲ့ပါသည်။

ထို့နောက် မကြာခဏ ဆိုသလိုပါပဲ အများ၏ လုံခြုံရေးအတွက် အနည်းစုကို စွန့်လွှတ်စေခဲ့ရတာ ရှိပါသည်။ ပြီး… မကြာခဏ ဆိုသလိုပါပဲ ခေါင်းဆောင်တစ်ယောက်ဟာ ညှာတာမှု ကင်းရပါသည်။

သူ့မှာ သနားကြင်နာဖို့၊ ရက်စက်ဖို့ (သို့မဟုတ်) လက်စားချေဖို့ အခွင့်အရေးမရှိပါ။ ခေါင်းဆောင်မှု အချည်းနှီးအကျိုးမဲ့ဖြစ်သည့် အတင်းအဖျင်းစကားတွေကို ရှောင်ရှားရမည်။ ဖြစ်နိုင်ရင် ဒီလိုစကားမျိုးတွေကို မပြောမိအောင် ထိန်းချုပ်ရမည်။

သူ့အားပတ်ပတ်လည်မှာ ကိုယ့်ကိုချစ်ခင်လေးစားကြည်ညိုသည့် လက်ထောက်တွေ ရှိရပါမည်…။ သူတို့တတွေကို အရေးမကြီးသည့် ဆုံးဖြတ်ချက်တွေကို သူ့ကိုယ်စား ချမှတ်ပေးနိုင်ရမည် ဖြစ်ပါသည်။

ခေါင်းဆောင်သည် သစ်ပင်က သစ်တောကို ဖုံးကွယ်နေတာ ခွင့်မပြုနိုင်ရပါ ဆိုပါသည်။

သူသည် သူ့အမိန့်တွေကို လက်တွေ့ဆောင်ရွက်ဖို့ရာအတွက် ကိုယ်တိုင် ရွေးချယ်ထားသည့် သက်ဆိုင်ရာ ကျွမ်းကျင်သူတွေ ကိုယ်ယုံကြည်စိတ်ချရသူတွေ ရှိရပါမည်။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ကို လွတ်လွတ်လပ်လပ် လုပ်ဆောင်ခွင့် ပေးရပါမည်။ သူတို့ ဖော်လာသည့် သတင်းအချက်အလက်တွေနှင့် အစီရင်ခံစာတွေ တိကျမှန်ကန်မှု ရှိမရှိကို တိုက်ဆိုင်စစ်ဆေးကြည့်ရပါမည်။

ပြီးမှ အတည်ပြုရပါမည် ဖြစ်ပါသည်။

တစ်ခါက ဖြစ်ပါသည်။ တစ်နေ့မှာ ပြင်သစ်ပညာရှင် လျှော်တေးကို တစ်ဦးက 'ခင်ဗျား ဘာတွေကျွမ်းသလဲ' မေးခဲ့ပါသည်။

ဒီတော့ လျှော်တေးက 'ကျွန်တော်က အတွေ့တွေ့ဗဟုသုတကျွမ်းကျင်သူ' လို့ ဖြေခဲ့ပါသည်။

အတွေ့အကြုံရှိသည့် ခေါင်းဆောင်တစ်ယောက်သည် မိမိလက်အောက်ငယ်သား လုပ်နေတာကို အသေးစိတ် လိုက်သိနေစရာမလိုပါ..။ သိလဲ မသိနိုင်ပါ..။ ဒါကို အတွေ့အကြုံရှိသည့် ခေါင်းဆောင်က သိပါသည်။

အထူးသဖြင့် စီးပွားရေးပြဿနာတွေမှာ ခေါင်းဆောင်သည် ယေဘုယျအခြေခံမှုတွေလောက်ကိုသာပဲ ချပေးလိုက်ပါသည်။

ပုဂ္ဂလိက အကျိုးစီးပွားသည်သာ အများ၏ အကျိုးစီးပွားကို မထိခိုက်စေရဆိုသည့် သဘောလောက်ကိုပဲ လမ်းညွှန်လိုက်ပါသည်။

သူဟာ လူသန်းပေါင်းများစွာရဲ့ အလိုဆန္ဒတွေကို ကျေနပ်အောင်ဆိုပြီးတော့ စီးပွားရေးစီမံကိန်းတစ်ခုကို သူကိုယ်တိုင် ရေးဆွဲ အစားထိုးတာ မဟုတ်ပါလေ...။

တကယ်တော့ ယာဉ်ထိန်းအရာရှိကြီးဟာ ယာဉ်စီးဆင်းမှု မှန်ကန်အောင်သာပဲ ထိန်းချုပ်တာကို ပြုခြင်းပဲ ဖြစ်ပါသည်။

ယာဉ်တိုင်းကို လိုက်ကြည့်နေနိုင်သည်တော့ မဟုတ်ပါ ဆိုတာပါ။



ခေါင်းဆောင်သည် တတ်ကျွမ်းသူ ပညာရှင်တွေက လေးစားအောင်လုပ်နိုင်ရမည်။ ဒီလို မလုပ်နိုင်ခဲ့ရင်ဖြင့် သူ့အပေါ်မှာ သံသယတွေ၊ လှို့ဝှက်ကြံစည်မှုတွေ ပေါ်လာပါလိမ့်မည်။

သူ့ကို လူတွေက ကြည်ညိုလေးစားအောင် လုပ်တဲ့ နည်းတစ်နည်းပဲရှိသည်။ အဲဒီနည်းကတော့ ကြည်ညိုလေးစားမှုနှင့် ထိုက်တန်အောင်နေတတ်ဖို့ပဲ ဖြစ်ပါသည်။

ပြီး.. ခေါင်းဆောင်သည် ဘက်မလိုက်ရဘူး..။ ကိုယ်ကျိုးမကြည့်ရဘူး။ ဒီမှာ အင်္ဂလိပ်နန်းရင်းဝန် ဘော်လဒွင်နှင့် ပြင်သစ်ဝန်ကြီးချုပ် ပွန်ကာရေတို့ ရှိခဲ့ပါသည်။ သူတို့သည် သိပ်ကို ထက်ထက်မြက်မြက် ရှိလှသည့် ပုဂ္ဂိုလ်တွေတော့ မဟုတ်ခဲ့ပါ ဆိုကြပါသည်။ ဘော်လဒွင်ဟာဆိုရင် သူမထက်မြက်သည့် အကြောင်း သူ့ပါးစပ်ကတောင် ထုတ်ပြောလိုက်ပါသေးသည် ဆိုပါသည်။

သို့ပေမဲ့ သူတို့နှစ်ယောက်လုံးသည် ငွေရေးကြေးရေးအရာမှာ ရိုးသားဖြောင့်မတ်သည်မှာတော့ လုံးဝ သံသယမလိုတဲ့ ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါသည်။

ဘော်လဒွင်သည် သူ့ပိုင်ပစ္စည်းဥစ္စာ တစ်စိတ်တပိုင်းကို တိုင်းပြည်ကို လှူပစ်ခဲ့ပါသည် ဆိုပါသည်။

ပွန်ကာရေးကတော့ အစိုးရဝန်ထမ်းတွေကို သူ၏ ကိုယ်ရေးကိုယ်တာအတွက် ဘယ်တုန်းကမှ မသုံးခဲ့ဖူးသူဘဲ ဖြစ်ပါသည်။

သူတို့နှစ်ယောက်လုံးသည် စက်ရုံပိုင်ရှင်တွေ သဘောကျတတ်သည့် မန်နေဂျာမျိုးနှင့် သမီးရှင်တွေ သဘောကျတတ်သည့် သမက်လောင်းမျိုးတွေဖြစ်ပြီး ရိုးသားဖြောင့်မတ်သည့် အရည်အချင်းရှိသူတွေပဲ ဖြစ်ကြပါသည်။

သူတို့သည် ဒီအခြေခံကျသည့် အရည်အချင်းတွေကြောင့်သာပဲ

www.burmeseclassic.com



ဖြစ်သည်။ တန်ခိုးသြဇာ အယူအဆကို ကြိုက်ချင်ကြိုက်ပါ။ မကြိုက်ချင်လဲ နေနိုင်ပါသည်။ သို့ပေမဲ့ သူတို့သည် အုပ်ချုပ်နိုင်ခွင့်ရှိသည့် ခေါင်းဆောင်တွေ ဖြစ်သည်ဆိုသည်ကိုတော့ သူတို့၏ ဆန့်ကျင်တွေကတောင်မှ အသိအမှတ်ပြုကြရသူတွေပဲ ဖြစ်ကြပါသည်။

အာဏာရှင်တစ်ယောက် အာဏာရလာမှုဟာ တခြားကြောင့်တော့ မဟုတ်ပါ။ သူဟာ အကျင့်စာရိတ္တ ခိုင်မာလို့ စစ်စစ်စီစီ နေထိုင်လို့ပဲ ဖြစ်သည်လည်း ဆိုပါသည်။

ပြီး.. ခေါင်းဆောင်တစ်ယောက်မှာ တစ်ချောင်းတည်းသော စိတ်သာ ရှိရပါမယ်လည်း ဆိုပါသည်။

ဒီဟာကတော့ သူ့အလုပ်နှင့် သူ့အသက်မွေးမှုလုပ်ငန်းပဲ ဖြစ်ပါသည်။

ခေါင်းဆောင်သည် သူကိုယ်သူ လျှို့ဝှက်ဆန်းကျယ်မှုနှင့် ဖုံးကွယ်ထားသလားလို့ ထင်ရသည့်အထိ လူထုတွေနှင့် သီးသန့်ဖြစ်လို့ နေရပါမည် ဆိုပါသည်။

တကယ်လို့ အဲဒီခေါင်းဆောင်သည် ဒဏ္ဍာရီပုံပြင်ဆန်အောင် နေထိုင်တတ်သည်ဆိုရင်တောင်မှ မိမိတို့က သူ့ကို အပြစ်မတင်လိုပါ ဆိုပါသည်။ ဘာလို့ဆို အကျင့်စရိုက်စံသည်လည်း လူပုဂ္ဂိုလ်ကိုယ်တိုင်လိုပင် အုပ်ချုပ် နိုင်စွမ်း ရှိပါသည်။ အမိန့်ပေး ကွပ်ကဲနိုင်စွမ်းရှိသည် ဆိုပါသည်။

ရုပ်ယဒ်ကစ်ပလင်း၏ ရှင်ဘုရင်ဖြစ်မယ့်လူဆိုတဲ့ ဝတ္ထုထဲက ဇာတ်လိုက်သည် သူ၏စရိုက်ကြောင့် တောင်ပေါ်သားလူမျိုးစုတွေ၏ အကြီးအကဲ ဖြစ်သွားပြီးတော့ သူတို့အပေါ်မှာ သြဇာရှိသည့် ခေါင်းဆောင်တစ်ယောက်ဖြစ်သွားသည်။



တကယ်က လူလေလူလွင့် စွန့်စားရေးသမား တစ်ဦးသာပဲ ဖြစ်ခဲ့ပါသည်။

သို့ပေမဲ့ သူသည် လူ့လက်အောက်ခံဖြစ်သည်။ တောင်ပေါ်မှ အမျိုးသမီးတစ်ယောက်နှင့် ချစ်ကျွမ်းဝင်သွားခဲ့ပြီး သာမန်သူ့လို ကိုယ့်လို လူတစ်ယောက်ဖြစ်သည် ဆိုတာကို အသိခံနေလိုက်သည့်အခါမှာ အဲဒီလူသည် တန်ခိုးသြဇာရော ရာဇပလ္လင်ကိုရော ဆုံးရှုံးလို့ သွားခဲ့ရပါတော့သည်။

အဲဒီမှာ 'မိန်းမတွေရဲ့ အတွေ့ကို မရှောင်နိုင်တဲ့အတွက် ဒုက္ခရောက်ခဲ့တဲ့ ယောကျ်ားတွေဟာ ဘယ်နှစ်ယောက်များ ရှိခဲ့ပြီးပြီလဲ' လို့ နပိုလီယံက မေးပြောထားခဲ့ဖူးပါသည်။

ဒီနေရာမှာ အတော်ခဲယဉ်းသည့် အခန်းကဏ္ဍက ပါဝင်ရသည့် ခေါင်းဆောင်၏ အိမ်သူဇနီးအကြောင်းကိုလည်း ပြောချင်သည် ဆိုပြီးတော့ သူမတို့သည် ခင်ပွန်းဖြစ်သည့် ခေါင်းဆောင်ကို ကမ္ဘာလောကကြီးကနေ ကာကွယ်ပေးရမည်။ အကျိုးမဲ့ အချိန်းနှီးစွာ သူ့ကိုယ်သူ ပင်ပန်းနွမ်းနယ်အောင် လုပ်တာကို တားဆီးရမည်။ စိတ်လိုက်မာန်ပါ လုပ်တာမျိုးတွေကို လုပ်ဖို့ အကြံမပေးမိအောင် ကိုယ့်ကိုယ်ကို ချုပ်တီးရမည်။ မိမိ၏ အိုးအိမ်ကေရာဇ်နိုင်ငံတော်ကြီး မဖြစ်စေဘဲနှင့် ငြိမ်သက်အေးချမ်းသည့် ခိုလှုံရာ ရိပ်မြုံတစ်ခုဖြစ်အောင် လုပ်ပေးရပါမည်။ တကယ်တော့ အဲဒီ အိမ်သည် အုပ်ထိန်းရသည့် နယ်ပယ်တွေထဲမှာ အုပ်ထိန်းရ၊ အခက်ဆုံး နယ်ပယ်ပဲ ဖြစ်ပါသည်။

ဒီမှာ တစ်ခါတုန်းက ဖြစ်ပါသည်။ အင်္ဂလိပ်နန်းရင်းဝန်ကြီး ဝီလျံပစ်၏ ရှေ့မှာ နိုင်ငံရေး သုခမိန် နိုင်ငံရေးခေါင်းဆောင်ဆိုသည် ဘယ်လို အရည်အချင်းမျိုးတွေ ရှိထားအပ်သည်ဆိုတာကို ဆွေးနွေးဖြစ်ခဲ့ကြသည် ဆိုပါသည်။

www.burmeseclassic.com

ဒီမှာ တစ်ယောက်က ဗီရိုယ၊ တစ်ယောက်ဟာ ခွန်အားဗလ၊ တစ်ယောက်ကတော့ စကားပြောကောင်းသည့်အရာ စတာ စတာတွေ ပြောခဲ့ကြပါသည်။

ဒီတော့ နန်းရင်းဝန်ကြီးပစ်က ငြင်းပြီး ဒါတွေ ဘာမှမဟုတ်..၊ အဲနန်းရင်းဝန်တစ်ယောက်အဖို့ အရေးအကြီးဆုံး အရည်အချင်းကတော့ စိတ်ရှည်မှုဖြစ်သည်လို့ ပြောခဲ့ပါသည်။

သူပြောသည်မှာ မှန်ပါသည်။ စိတ်ရှည်မှုသည် နန်းရင်းဝန်တစ်ယောက်အတွက်သာ လိုအပ်ရုံတွင်မကပါ...။ လူထုတွေကို ခေါင်းဆောင်ရသည့် လူသူတိုင်းမှာ လိုအပ်သည့် အဓိကအရည်အချင်းပဲ ဖြစ်ပါသည် ဆိုပါသည်လေ...။

ပြီး.. လူတွေ၏အကြောင်းကို စဉ်းစားသည့်အခါမှာတော့ မသိမိုက်မဲမှုကိုလည်း ထည့်တွက်ရပါမည်။ စစ်မှန်သည့် ခေါင်းဆောင်တစ်ယောက်သည် လူတွေ၏ မိုက်မဲမှုကို စိတ်ရှည်ရှည်နှင့် သည်းခံကျော်လွှားဖို့လည်း အသင့်ပြင်ထားရသည်။ သူ့ရဲ့ အယူအဆတွေကို တလွဲနားလည်သွားတတ်ပါလိမ့်မည်လဲ ဖြစ်ပါသည်။

ထို့နောက် သူ၏အမိန့်တွေကို ပြီးစလွယ် အကောင်အထည်လဲဖော်ကြပါလိမ့်မည်။ သူ့လက်အောက်က လူတွေအချင်းချင်း တစ်ယောက်ကို တစ်ယောက် မနာလိုဝန်တိုမှုတွေ ရှိကြပါလိမ့်မည် ဆိုတာကို သူကြိုတင်သိရပါသည်။

သူသည် ဒီအချက်တွေကို မရှောင်မလွှဲသာ တွေ့ရလိမ့်မည်ဆိုသည်ကို မျှော်လင့်ပြီးသား ဖြစ်ရပါသည်။

ပြီး.. သူသည် လောကကြီးမှာ မရှိနိုင်သည့် ခြောက်ပစ်



ကင်းသဲလဲစင် လူကို လိုက်မရှာဘဲနှင့် တွေ့သမျှလူတွေထဲက အကောင်းဆုံးကို လိုက်ရှာပြီး ကိုယ့်ကိစ္စအတွက် အသုံးချဖို့ ကြိုးစားပါသည်။

ဒီစိတ်ရှည်မှု၏ အခြားပုံသဏ္ဌာန်တစ်မျိုးလည်း ရှိပါသေးသည် ဆိုပါသည်။

ဒီဟာကတော့ လူ့လစီရိယာကို အစဉ်အားထုတ်နေခြင်းပဲ ဖြစ်ပါသည်။

စစ်မှန်သည့် ခေါင်းဆောင်တစ်ယောက်သည် ရည်မှန်းချက်တစ်ခုအောင်မြင်ပြီးမြောက်သွားသည့်အခါမှာ သူ့တိုင်းပြည်အတွက် အစစအရာရာ အဆင်ပြေသွားပြီ..။ တစ်လျှောက်လုံး ချောမောသွားပါပြီလို့ မယူဆပါ ဆိုတာပါ...။

ဒီကမ္ဘာလောကကြီးသည် အစဉ်အမြဲ ဖြေရှင်းပြီးသွားသည့် ပြဿနာရယ်လို့ တစ်ခုမှ မရှိခဲ့ပါ...။

"အန္တရာယ်အများဆုံးအချိန်ကတော့ အောင်ပွဲရသည့် အချိန်ပါပဲ" လို့ နပိုလီယန်က ပြောခဲ့ဖူးပါသည်။

ဒီမှာ ကောင်းစွာပြုစုစောင့်ရှောက်ထားသည့် ဥယျာဉ်တစ်ခုသည် တာရှည်တာများ ပစ်ထားလိုက်ခဲ့ရင် ပေါင်းမြက်တွေ ဖုံးလို့ ပွားရမှာသာပဲ ဖြစ်ပါသည်။

ဒီလိုသာ ဖြစ်နေခဲ့ရင်ဖြင့် အဆိုးဆုံးသော လူတို့တွေ၏ လက်ထဲကိုပဲဖြစ်ဖြစ်၊ အိမ်နီးချင်းတိုင်းပြည်များ၏ လက်ထဲကိုပဲဖြစ်ဖြစ် ကျရောက်လို့ သွားရမှာဘဲ ဖြစ်ပါသည်။

မိမိတို့၏ အားထုတ်ကြိုးပမ်းမှုတွေနှင့် လုံ့လများသည် အစဉ်အမြဲ ရှည်ကြာလာသည့်အခါ ထူးသည့်ရလာဘ်တွေကို ပေးနိုင်တော့မှာမဟုတ်တော့ပါ။

သို့မို့ကြောင့်ပါပဲ မနက်လင်းတိုင်းမှာ၊ နံနက်လင်းတိုင်းမှာ အဲဒီ

www.burmeseclassic.com



လုံ့လဝီရိယတွေကို အသစ်တစ်ဖန် အားဖြည့်ပေးရမည် ဆိုသည်ကို ခေါင်းဆောင်ကောင်းတစ်ယောက်ဟာ သိထားရပါသည်။

ဒီနောက် ကိုယ်နှုတ်စောင့်စည်းခြင်းသည်လည်း ခေါင်းဆောင်ကောင်း တစ်ယောက်၏ အရည်အချင်းပဲ ဖြစ်ပါသည်။ ဒီမှာ လျှို့ဝှက်ခြင်းဟာ အမျိုးသားရေးရာ ကိစ္စတွေမှာ အခရာပါပဲလို့ ရချေလူးဆိုသူက ပြောခဲ့ပါသည်။

အင်္ဂလန်ပြည်ဘုရင်ဖြစ်သည့် ပထမမြောက် ချားလ်ဘုရင်သည် ကိုယ်နှုတ်နှလုံး မစောင့်ခဲ့ဘဲ သူ၏ ပါလီမန်အမတ်တွေနှင့် ပတ်သက်သည့် ကိစ္စတစ်ခုကို သူ၏ ချစ်စရာကောင်းလှသည့် မိဖုရားကို ဖွင့်ပြောလိုက်မိခဲ့ပါတော့သည်။

'ဟင်..'

ဒီမှာ မိဖုရားက ဒီအကြောင်းကို သူ့ရဲ့ ရံရွေတော်တစ်ဦးကို ပြန်ပြောလိုက်ပါသည်။

ရံရွေတော်က နှစ်ဖက်စလုံးမှာ မိတ်ဆွေအပေါင်းအသင်းတွေ ရှိသည့်အတွက် ချားလ်ဘုရင်၏ အကြံအစည်ကို တစ်ဖက်သို့ သွားပြောပြီး အသိပေးလိုက်ပါသည်။

သို့ကြောင့် အချိန်ရောက်၍ နန်းတွင်းအာဏာသိမ်းမယ် လုပ်သည့် အခါကျတော့ ချားလ်ဘုရင်၏ ရန်သူတွေသည် ထွက်ပြေးလွတ်မြောက်သွားနှင့်ကြပြီးတော့ လူထုတွေကပါ ထကြွပုန်ကန်ကြတာကြောင့်ပဲ သူကိုယ်တိုင်မှာလဲ ခေါင်းဖြတ်အသတ်ခံလိုက်ရပါတော့သည် ဆိုပါသည်။

ဥပဒေသမှာတော့ ပြောရမယ့်သူကို ပြောရမယ့် အချိန်မှသာ ပြောပါ။ လိုအပ်သလောက်သာပဲ ပြောပါဆိုတာပါ။ ပြီး.. အခွင့်အာဏာ



ကို ခိုင်မာတောင့်တင်းအောင် လုပ်ချင်ရင် တိတ်တိတ်နေပါ။ တိတ်တိတ်နေရင် အာဏာမြဲသည်လို့ ဗိုလ်မှူးကြီး ဒီဂေါလ်က ပြောဖူးခဲ့သည်လည်း ဆိုပါသည်။ စကားတွေသည် အတွေးအခေါ်ကို အရည်ပျော်ပြီး အားနည်းသွားစေတတ်ပါသည်။

ပြီး.. သတ္တိကို လျော့ပါးသွားစေပါသည်။ အတိုချုပ်ပြောရရင် လိုအပ်သည့် အာရုံစူးစိုက်မှုကို ပျက်ပြယ်စေတတ်ပါသည်။

ပြီး.. သတ္တိကိုလည်း အထူးလျော့ပါးသွားစေတတ်ပါသည် ဆိုပါသည်။ ထို့ကြောင့် အနှစ်ချုပ် ထပ်မံဆိုရရင် စကားသည် လိုအပ်သည့် အာရုံစူးစိုက်မှုကို အမှန်ပျက်ပြယ်စေတတ်သည်လည်း ဆိုခဲ့ပါသည်။

ဘိုနာပတ်လောက် စကားနည်းသည့်လူ ရှိသေးသလား..၊ သူ၏ တပ်မဟော်ကြီးကလည်း သူ့နမူနာကို လိုက်ခဲ့သည်။ အဲဒီမှာတော့ တောချောင်းသည့် မုဆိုးတွေလို နှုတ်ပိတ်နေကြသည့် အရာရှိတော်တော်များများကို ကျွန်တော်တွေ့ခဲ့ဖူးပါသည်။ အမိန့်ပေးသည့်အခါကျတော့မှပဲ သူတို့သည် စကားပြောတော့သည်။ နို့မို့ရင် တစ်လုံးမှ စကားမပြောဘူးလေလို့ ဗီတဂနီက ရေးခဲ့ဖူးပါသည်။

ဒီမှာ တစ်ခါက ဖြစ်ပါသည်။ အမေရိကန် သမ္မတကြီး ကူးလစ်သည် သူ၏ ကိုယ်ရေးဒဏ္ဍာရီကို စွဲမက်ဖွယ်ကောင်းအောင်အတွက်လည်း ရေငုံနှုတ်နည်းနေရမယ် ဆိုပါသည်။

ပြီး.. သူ့အတွက် အသုံးကျသည့်အတွက်ကြောင့်လည်းကောင်း၊ ရေငုံနှုတ်ပိတ်နေရမည်..၊ စကားနည်းရမည် ဆိုသည်ကို ကောင်းကောင်း သိသူပဲ ဖြစ်ပါသည်။ တစ်ခါ ဆယ့်လေးဆယ်မြောက် လူဝီဘုရင်သည်

www.burmeseclassic.com

www.burmeseclassic.com

ဟိတ်နှင့်ဟန်နှင့် လေးနက်အောင် နေတတ်ထိုင်တတ်သည့်အတွက် လူတွေက သူ့ကို ချစ်ကြောက်ရိုသေကြပါသည်။

ဒါကြောင့် သူ့ကို သိပ်ကို ရင်းနှီးပြီး သူတွေကလဲ အချင်းချင်း နေကြသည့်တိုင်အောင် ပေါ့တီးပေါ့ဆ မဆက်ဆံရဲခဲ့ကြပါ ဆိုပါသည်။

လူမှာ လိုအပ်သည့်အခါ သီးသန့်ဖြစ်မှုနှင့် လေးနက်တည်ကြည်မှုတို့က တစ်ဖက်၊ မိမိလက်အောက်ခံတွေကို ရွေးချယ်ဖို့အတွက် အပေါင်းအသင်းတွေနှင့် ရင်းရင်းနှီးနှီး ခင်ခင်မင်မင် နေဖို့ တို့ကတစ်ဖက်ပဲ ဖြစ်ပါသည်။

ဒီနှစ်ဖက်ကြားတွင် ဟန်ချက်ညီအောင် ရပ်ရတာသည် ခေါင်းဆောင်တစ်ယောက်အဖို့ အတော့်ကို ခက်ခဲပါသည်။

သို့ပေမဲ့ ပရိယာယ် ဝေဝစ်ကို ကျင့်သုံးရင် ဒီအခက်အခဲကို ကျော်လွှားနိုင်ကြပါသည် ဆိုပါသည်။

တကယ်တော့ ကြီးကျယ်သည့် ဒီတာဝန်ကြီးတွေကို ထမ်းဆောင်ဖို့ရာ လူဖြစ်လာရသည့် သူတွေမှာ ဒီအရည်အချင်းတွေသည် မွေးရာပါ အရည်အချင်းတစ်ခုပဲ ဖြစ်သည်သာ ဆိုပါသည်လေ...။ မှတ်သားသိမှတ်ဖွယ်ရာပါ။

'ဘဝကို အဓိပ္ပါယ်ရှိရှိ ကျေကျေနပ်နပ် နေချင်သည်ဆိုရင် သက်သက်သာသာ မနေပါနဲ့..။ ကြိုးစားပါ..။ အရည်အချင်းများများ ထုတ်ပါ။ အရည်အချင်းများများ ထွက်လေလေ ကျေနပ်မှု ရလေလေပဲ...'

*(ဆရာတော်ဦးဇောတိက)*

**** **** ****

## ၅။ ဆင်ပေါ်ကဆင်းလိုက်ပါသူငယ်ချင်း

*ရေး-၁၃.၁၂.၁၉၉၀ပြည့်နှစ်*
*နံနက် (၁၀)နာရီ (၄၇)မိနစ်*

❖ လောကလူ့ဘောင်
ရိုးနဲ့သြောင်နှာ.. ဘဝတာတွေ
သံမှာမစွမ်း အားအင်ခန်းနေ..
ခရီးသည်သင် အလှမ်းတွင်ဖို့..
တောစင်ဖို့ပင် ဆင်ပေါ်တင်ခါ
တို့များစွာ.. လိုက်ပါစေခဲ့ တရွေ့ရွေ့လေ..
ထမ်းခါသယ်ခဲ့...။

❖ ခက်ထန်ခါးသီး ခရီးကြမ်းလမ်းကြား.. လမ်းစပ်ကြား
အများထုက သနားကြလို့..
ချစ်ကြခင်ကြ ငဲ့ညှာကြလို့..
ခရီးတခွင် ပြုပြုစင်..
အို.. ဆင်ကျောတင်ခါ သယ်ဆောင်လာလို့..
သက်သာသက်သောင့် မကြောင့်မကြ
မတောင့်မတ မပူရဘဲ..
ခရီးခက်ဆန်.. အတန်အလျှောက်
ပေါက်ရောက်အောင်မြင်
အလှမ်းတွင်ခဲ့.. တောနက်ခဲ့တယ် သင်ရယ်လေ...။


www.burmeseclassic.com

www.burmeseclassic.com



❖ အို.. ချုပ်တွေးစုပြုံ ချုံနွယ်ပိတ်ပေါင်း..
တောထောင်သောင်းတွေ ခရောင်းဖွေလမ်းကြား
အတားအဆီး ခါးသီးခက်ထန်
ဟောမဝန့်ကို အားခံတောနင်း
ပြင်းထန်တိုးဝင်ခရီးနှင်..
ခြေလျှင်သမားတို့များ.. ကာလလျားတော့..
အားကုန်ပမ်းလျှ..
ထိကြရှာ ဝေဒနာကို..
မြင်ကာခဏ ဆင်ပေါ်ကသင်..
ဟားတိုက်ချင်ပေါ့.. မေ့လေပေါ့လေ..
သင့်အခြေအစ သင့်ဘဝကိုဆိုတော့ရင်...။

❖ ကဲ..သူငယ်ချင်း
နုချက်ချင်းပင် ဆင်းလာလိုက်စမ်း.. ဆင်းစမ်းဖိတ်ခေါ်
ဆင်ကျောပေါ်က မင်းခုန်ချလေ..
ချစမ်းလေကွာ.. ဟောဝန္တာထဲ
တူယှဉ်နွဲ့..
ခက်ခဲလမ်းမှာ တူလျှောက်လာစမ်း..
တောလမ်းတွေကြား စာန်ထောင်လွှားလွှားသင်အသွား
အို.. သားရဲကျားရဲ ဘယ်မြွေခဲ..
တောထဲတောလမ်း ခရီးကြမ်း
မကျွမ်းခြေနေထဲ.. တကတည်း သေပွဲဘယ်သူ
သရဖူမွန် အယင်ပန်မလဲ...။



❖ ခရီးဖွေကြမ်း တောင်မြောင်လမ်း
ဖြတ်သန်းဖို့ရာ..
လာစမ်းဟိတ်ကောင် ချောက်ထဲမြောင်ထဲ
တောတောင်ထဲ..
ကွဲပြဲထိရှ လိမ့်ကျဘယ်သူရယ်..
အသေဆိုးနဲ့ သေမလဲကွယ်...။

❖ ဟော့.. လာဟော့.. လာဟာ..
လာကြဖိတ်ခေါ် ဆင်ကျောပေါ်က
မရှက်မကြောက် ဘဝမြောက်ခါ
မောက်မာန်မာန်တင်း.. သူငယ်ချင်း ငဲ့..
ဆင်းခဲ့စမ်းပါ တို့ရှိရာ
မြေကမ္ဘာထဲ ကန္တာထဲ..
ရဲရဲတိုးဝင်ယှဉ်ကြရအောင်လို့...။

*(မှတ်ချက်-သူများနာခေါင်းပေါက်နဲ့ မရှက်မကြောက် အသက်ရှူ ပြီး အောက်ခြေလွှတ် ဘော်ကြောဆရာတွေသို့သာ ရည်ညွှန်းရေးဖွဲ့ထားခဲ့တာ ဖြစ်ပါတယ်။ ဒီကဗျာကို ရေးဖော် ကိုမြင့်အောင် စီစဉ်ထုပ်ကိုင်ခဲ့တဲ့ ...ဗေဒါမဂ္ဂဇင်း ၁၉၈၃ ဖေဖော်ဝါရီလထုတ်မှာ တစ်ခါအသုံးပြုထားခဲ့ပြီး ... ခု.. ဘပ်မံဖော်ပြ ...တာပါ။ ကိုယ်ပိုင်ဘဝရကြစေဖို့ရာ ရည်စူးပါတယ်။)*

**** **** ****

www.burmeseclassic.com

# ၆။ ခေါင်းဆောင်ဆရာစံ

'ကိုယ်လုပ်တဲ့ အလုပ်ကို မချစ်တဲ့သူဟာ
စစ်မှန်တဲ့ အောင်မြင်မှုကို မရနိုင်ဘူး...'

*(ဆရာတော်ဦးဇောတိက)*

__တို့မြေယာ__

ရှေးရှေးတုန်းက.. ရှေးတုန်းက..
မိသားတစ်စု နေထိုင်ကြ..
တောင်ယာအလုပ်နှင့် သက်မွေးကြ..
အဖိုးအဖွား သက်ကြီးရွယ်..
အင်အားချည့်နဲ့ လာချိန်ဝယ်..
ယာစည်းရိုးတွေ ပေါက်ခဲ့တယ်...။
ညဝယ်ကြုံရ ဘေးဒုက္ခ
တောဝက်အုပ်တွေ ဝင်လာကြ..
ပျိုးခင်းတွေကို ကိုက်ဖျက်ကြ..
အစ်ကိုကြီးက လုလင်ရွယ်..
ညီမလတ်က လုံမငယ်..
ညီငယ်လေးက ကစားရွယ်..
ဘေးရန်သွယ်သွယ် ကြုံလေက..
ကိုကြီးညီမ ညီငယ်လှ..





သုံးယောက်ပေါင်းလို့ တိုင်ပင်ကြ..
ညဘက်ရောက်လျှင် တောဝက်မြင်
ညီငယ်လေးက လေးပစ်ချင်..
တောဝက်ရန်ဘေး အေးစေချင်..
စည်းရိုးပြင်မှ လုံမည်ပ..
အစ်ကိုကြီးက တွေးကြံဆ..
မောင်နှမတွေ စည်းရုံးကြ..
သစ်ဝါးခုတ်ကြ.. တောထဲတွင်..
မောင်နှမတွေ လွန်ပျော်ရွှင်..
စည်းရိုးပေါက်များ.. ကာလို့ပြင်..
ညတွင်ရန်ဘေး မရှိအေး..
ပျိုးခင်းမြေယာ သာစေရေး..
မိသားစုတို့ လုပ်အားပေး...။

*(နယ်ဦး)*

မိမိ လယ်ယာမြေ ကဗျာဖတ်မိတဲ့အခါ လယ်သမားခေါင်းဆောင်ကြီး ဆရာစံအကြောင်း ဆရာစံစိတ်ဓာတ်ကို အလေးအမြတ်ပြုလိုခဲ့ပါတယ်။ ဒါကြောင့် ထပ်ဆင့် လေ့လာသမှုပြုမိခဲ့ပါတယ်။

အဲဒီမှာတော့ ၁၈၈၆ ခုမှာ မြန်မာတစ်နိုင်ငံလုံး နယ်ချဲ့အင်္ဂလိပ်လက်အောက်သို့ ကျရောက်ခဲ့ရပါတယ်။

ကျရောက်စမှာတော့လဲ မြန်မာ၊ ရှမ်း၊ ချင်း၊ ကချင် စတဲ့ ပြည်ထောင်စုသားတွေဟာ ငုံ့ခံမနေခဲ့ကြတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူတို့ဟာ ဆယ်နှစ်တိုင်တိုင် နေရာအနှံ့အပြားက တော်လှန်ခဲ့ကြပါတယ်။

ဒါပေမဲ့ နောက်ပိုင်းမှာတော့ နယ်ချဲ့အင်္ဂလိပ်တွေရဲ့ အပြင်းအထန် နှိမ်နင်းမှုကြောင့် ငြိမ်သက်သွားခဲ့ကြရပြန်ပါတယ်။

ဇာတိသွေး ဇာတိမာန်တွေ မှေးမှိန်ခဲ့ကြရပြန်ပါတယ်။ ဒါပေမဲ့ ၁၉၂၀ပြည့်နှစ်မှာတော့ ဝံသာနုစိတ်ဓာတ်တွေ ပြန်လည်နိုးကြားလာကြလေတော့တယ်...။

ဒါကြောင့် အဲဒီနှစ်မှာပဲ မြန်မာတိုင်းရင်းသားတွေဟာ ဝံသာနု လုပ်ငန်းကို တစ်ဆင့်တိုးပြီး ဆောင်ရွက်တဲ့အနေနဲ့ ဂျီစီဘီအေ ခေါ်တဲ့ မြန်မာအသင်းချုပ်ကြီးကို တည်ထောင်လိုက်ကြပါတော့တယ်။

အဲဒီအသင်းကို မျိုးချစ်စိတ်ရှိသူတွေက လှိမ့်ဝင်လာခဲ့ကြပါတယ်။

အဲဒီအထဲမှာ ဆရာစံဆိုသူ တစ်ဦးလဲ ပါဝင်ခဲ့တယ် ဆိုပါတယ်။

ဆရာစံဟာ အထက်အညာ ဇာတိသားပဲ ဖြစ်ပါတယ်။ သူဟာ ကဗျာအလင်္ကာလဲ တတ်ကျွမ်းပါတယ်။

ပြီး.. သူဟာ ဗေဒင်ပညာ ဆေးပညာတွေပါ တတ်ကျွမ်းသူလဲ ဖြစ်ပါတယ်။

ပြီးတော့ သူဟာ လယ်ယာလုပ်ငန်းကိုလဲ တတ်ကျွမ်းလုပ်ကိုင်သူလဲ ဖြစ်ပါတယ်။

သူဟာ အထက်ပညာမှာ ရှိစဉ်တုန်းက သူဟာ လယ်ယာလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုခဲ့သူပဲ ဖြစ်ပါတယ်။

အဲဒီနောက်မှာတော့ အထက်အညာဒေသက မော်လမြိုင်ခရိုင်ဘက်သို့ ဆင်းသက်ပြောင်းရွှေ့ခဲ့ပြီးတော့မှ မြန်မာဆေးဆရာအဖြစ်နဲ့



အသက်မွေးဝမ်းကျောင်းပြုနေခဲ့သူလဲပဲ ဖြစ်ခဲ့ပါတော့တယ်။ ဒီနောက် ဆရာစံဟာ အသင်းလုပ်ငန်းတွေကို နှံ့နှံ့စပ်စပ် ဆောင်ရွက်လာခဲ့ပါတယ်။

ဒီလိုနဲ့ မကြာမီမှာဘဲ မော်လမြိုင်ခရိုင်က မာမီရှာဂျီစီဘီအေ အသင်း၊ ဘီလူးကျွန်းတိုက်နယ် ဂျီစီဘီအေအသင်း၊ မော်လမြိုင်ခရိုင် ဂျီစီဘီအေအသင်းတွေမှာ ဥက္ကဋ္ဌ ဖြစ်လာခဲ့ပါတော့တယ်။

အဲဒီအချိန်မှာပဲ နယ်ချဲ့အရင်းရှင်တွေရဲ့ သွေးစုတ်မှုကြောင့် မြန်မာပြည်သား တောင်သူလယ်သမားတွေမှာ သိပ်ကို ဆင်းရဲကြပ်တည်းလို့ လာခဲ့ကြပါတော့တယ်။

အဲဒီလို ဆင်းရဲကြပ်တည်းစဉ် နယ်ချဲ့အစိုးရရဲ့ အကြမ်းပတမ်း အခွန်တောင်းခံတာကိုပါ ခံရပြန်ပါတော့တယ်။

ဒါကြောင့် ၁၉၂၉-ခုနှစ်မှာ ဂျီစီဘီအေအသင်း နှစ်ပတ်လည် အစည်းအဝေးကြီးကို တောင်ငူမှာ ကျင်းပတဲ့အခါ ဆရာစံက ရဲရဲတောက် အဆိုတွေ တင်သွင်းခဲ့ပါတယ်။

ဆရာစံက တောင်သူလယ်သမားတွေ ဆင်းရဲကြပ်တည်းလွန်းကြတာကြောင့် နယ်ချဲ့အစိုးရကို အခွန်မပေးရန် အဆိုတင်သွင်းလိုက်ပါတယ်။

ပြီး.. အာဏာပိုင်ဆန့်ဖို့ရာနဲ့ နိုင်ငံဝန်ထမ်းတွေအဖွဲ့တွေ ဖွဲ့စည်းဖို့ရာပါ အဆိုတင်သွင်းခဲ့ပါတယ်။

ဂျီစီဘီအေအသင်းကြီး နှစ်ပိုဏ်းကွဲတဲ့အထိ သူ့အဆိုမှာ ထိရောက်မှုရှိခဲ့လေပါတော့တယ် ဆိုပါတယ်။ အဲဒီလို ဂျီစီဘီအေအသင်းကြီးနှစ်ပိုဏ်းကွဲပြီးတော့ မကြာမီမှာဘဲ ဆရာစံဟာ အသင်းက နုတ်ထွက်လိုက်ပါတယ်။

ပြီး.. ဆင်းရဲတဲ့ ဘေးဒုက္ခကို အခံရဆုံးဖြစ်တဲ့ သာယာဝတီနယ် သို့ သူသွားရောက်ခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမှာ နယ်ချဲ့အစိုးရက လူခွန်တော် အတင်းအကြပ် ကောက်ခံတာကို အာဏာဖီဆန်ဖို့ရာ စည်းရုံးပြီးတော့ လျှို့ဝှက်တဲ့အသင်းတွေ တည်ထောင်ဖွဲ့စည်းခဲ့ပါတော့တယ်။

အဲဒီအသင်းကတော့ ဂဠုန်အသင်းတွေပဲ ဖြစ်ပါတယ်။

ဆရာစံဟာ ဂဠုန်အသင်းသားတွေကို 'က၊ ခ' ဆိုပြီး နှစ်မျိုး ခွဲခြားလို့ ထားခဲ့ပါတယ်။

အဲဒီလူတွေရဲ့ လက်မောင်း၊ ပခုံး၊ စတာတွေမှာလဲ (က) ဂဠုန်၊ (ခ)ဂဠုန်ဆိုပြီးတော့ အမှတ်အသားဆေးတွေ ထိုးပေးထားခဲ့ပါတယ်။

(က)ဂဠုန်တွေဟာ လက်နက်စွဲကိုင်ပြီးတော့ နယ်ချဲ့အစိုးရတပ်တွေကို ရှေ့တန်းက တိုက်ခိုက်မယ်…။

ပြီး… အာဏာဖီဆန်တဲ့အနေနဲ့ အစိုးရသစ်တောကြိုးဝိုင်းတွေ အတွင်းသို့ ဝင်ရောက်ပြီးတော့ သစ်ဝါးတွေကို ခုတ်ကြတယ်။

(ခ) ဂဠုန်တွေကတော့ နောက်ပိုင်းမှာ စားနပ်ရိက္ခာတွေ စုဆောင်းပေးရတယ်။ ရှေ့တန်းက လိုအပ်တဲ့ အကူအညီတွေကို ပေးရမယ်…။ (က) ဂဠုန်တွေ တိုက်ပွဲမှာ ကျဆုံးခဲ့ရင်ပဲဖြစ်ဖြစ်၊ ထောင်တန်းကျခဲ့ရင်ပဲ ဖြစ်ဖြစ် ကျန်ရစ်သူ အိမ်ထောင်မိသားစုတွေကို (ခ)ဂဠုန်တွေက ဝိုင်းဝန်း စောင့်ရှောက်ရမယ် စတာမျိုး စီစဉ်ထားပါတယ်။

ဂဠုန်တပ်သားတိုင်းပဲ 'ကျွန်ုပ်သည် အများပြည်သူတို့၏ ပစ္စည်းများကို အပ်တိုတစ်ချောင်းမျှပင် ဖြစ်မှားခြင်းမပြုပါ။ အမျိုးဘာသာ သာသနာပြန့်ပွားထွန်းကားစေရန်နှင့် တိုင်းပြည်လူထု ကောင်းစားရန်အတွက် ပြုလုပ်ဆောင်ရွက်မည်ဖြစ်ကြောင်း သစ္စာပြုပါ၏' အဲသလို သစ္စာဆိုရပါတယ်။ ဒီလိုနဲ့ ဆရာစံဟာ အလံတောင်ကို ဌာနချုပ် ပြုလုပ်ခဲ့ပါတယ်။



အလံတောင်ဟာ သာယာဝတီမြို့ရဲ့ အရှေ့ဘက် ဆယ့်ငါးမိုင်ခန့် အကွာ ပခူးရိုးမတောင်တန်းမှာ ရှိပါတယ်။

ဆရာစံဟာ အလံတောင်ကို ဗုဒ္ဓရာဇာမြို့လို့ သမုတ်ပြီးတော့ မြို့ပန္နက်တွေ ရိုက်တယ်။

ပြီး… မင်းမြောက်တန်ဆာ ငါးပါးကို ဝတ်ပြီး 'သုပဏ္ဏက ဂဠုန်ရာဇာ'ဘွဲ့ကို ခံယူပြီးတော့ ဘိသိက်ခံယူခဲ့ပါတယ်။

ပြီး… မြို့ဝန်၊ တပ်မှူး၊ ဗိုလ်မှူး စတာတွေကိုလည်း ခန့်ထားခဲ့ပါတယ်။

အဲဒီလို ပြုလုပ်တာဟာ ဘုရင်စိတ်ပေါက်လို့ မဟုတ်ပါဘူးလို့ ဆိုပါတယ်။

ဒါဟာ ထီးနန်းနဲ့ နေလာခဲ့တဲ့ မြန်မာဘုရင်တွေကို လေးစားမြတ်နိုးတဲ့ မြန်မာလူထုကို အောင်အောင်မြင်မြင် စည်းရုံးလိုလို့ပဲ ဖြစ်တယ်လို့ ဆိုခဲ့ကြပါတယ်။

ပြီး… ဆရာစံဟာ ဂဠုန်တပ်ရဲ့ အောင်လံကိုလဲ စီစဉ်လိုက်တယ်။ ဂဠုန်တပ်ရဲ့ အောင်လံမှာ နဂါးကို ဂဠုန်သုတ်နေပုံပဲ ဖြစ်ပါတယ်။

နဂါးဟာ နယ်ချဲ့အင်္ဂလိပ်ကို ရည်ညွှန်းချက်ပဲ ဖြစ်ပါတယ်။

နယ်ချဲ့ကို ဂဠုန်းကသုတ်တဲ့ အဓိပ္ပါယ်နဲ့ စီစဉ်တာပဲ ဖြစ်ပါတယ်။

ဆရာစံနဲ့ ဂဠုန်ခေါင်းဆောင်တွေဟာ သိပ်ကိုလျှို့ဝှက်သိပ်သည်းခဲ့ကြပါတယ်။

သူတို့ရဲ့ စည်းရုံးမှုကို နယ်ချဲ့အစိုးရက လုံးဝမရိပ်မိခဲ့ပါဘူး။ စတင်တော်လှန်တိုက်ခိုက်တော့မှ သိကြရတာပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာစံရဲ့ စည်းရုံးရေး ကောင်းပေမယ့်လဲ လက်နက်အင်အားဘက်မှာ သိပ်ကို ချို့ငဲ့ခဲ့ကြပါတယ်။

သူတို့ ပုန်ကန်ချိန်မှာ သူတို့မှာ ခေတ်မှီလက်နက်ဆိုလို့ ပြည်တွင်းဖြစ် လုပ်သေနတ်အလက်သုံးဆယ်ခန့်ပဲ ရှိလို့နေခဲ့တယ် ဆိုပါတယ်။

ကျန်လက်နက်တွေကတော့ ဓား၊ လှံ၊ ဝါးချွန်၊ ဒူးလေး၊ ကော်ကဆွ စတာတွေသာ ဖြစ်ခဲ့ကြပါတယ်။

နိုင်ငံခြားဖြစ် ခေတ်မီသေနတ်တွေသာမက စက်သေနတ်ပါ ဖွဲ့ကိုင်ထားတဲ့ နယ်ချဲ့တပ်တွေကို တိုက်ခိုက်ဖို့ရာ မလွယ်တာကို သူတို့ မသိမဟုတ် သိကြပါတယ်။

ဒါပေမဲ့ အသက်ရှင်ပြီး ဆင်းရဲငတ်ပြတ်နေရတာထက် သွေးစုတ်သူ ရန်သူနယ်ချဲ့ကို ရှိတဲ့လက်နက်နဲ့ တော်လှန်ပြီးတော့ သေရတာက မြတ်တယ် ယူဆပြီး တော်လှန်ခဲ့ကြတာပဲ ဖြစ်ပါတယ်။

ဒီလိုနဲ့ ဆရာစံ ဦးဆောင်တဲ့ တောင်သူလယ်သမား ဂဠုန်တပ်သားတွေဟာ ၁၉၃၀ ပြည့်နှစ် ဒီဇင်ဘာလ (၂၂)ရက်နေ့မှာ သာယာဝတီနယ်၊ ဇီမ်ဇာ၊ အင်းကောက်၊ ရေတိုက်၊ ဖားရွှေကျော်၊ စီနစ်ခွ၊ လှည်းလမ်းကူး အစရှိတဲ့ ကျေးရွာတွေက စတင်တော်လှန်လိုက်ပါတော့တယ်။

ရက်အနည်းငယ်အတွင်း ဂဠုန်တပ်သားဦးရေ တရှိန်ထိုး တိုးပွားသွားပြီးတော့ သာယာဝတီနယ်အနှံ့ တိုက်ပွဲဖြစ်ပွားခဲ့ပါတယ်။

နယ်ချဲ့အစိုးရလည်း ထိတ်လန့်စိုးရိမ်ပြီးတော့ အပြင်းအထန် နှိမ်နင်းခဲ့ပါတယ်။

ဆရာစံရဲ့ ဌာနချုပ်နေရာကိုလဲ စုံစမ်းပြီး သိရင် သိချင်းမှာပဲ အလုံးအရင်းနဲ့ ချီတက်တိုက်ခိုက်စေခဲ့ပါတော့တယ်။ အပြင်းအထန် နှိပ်ကွပ်ခဲ့ပါတော့တယ်။



ဒီလိုနဲ့ ဆရာစံတို့ရဲ့ အလံတောင်စခန်းမှာ ပြိုကွဲသွားခဲ့ရပါတယ်။ ဆရာစံဟာ ပြည်၊ မြင်းခြံကမှ တစ်ဆင့် အမရပူရသို့ ရှောင်တိမ်းသွားပြီးတော့ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှာ ခိုလှုံနေခဲ့ပါတယ်။

ပြီး‥ သင်္ကန်းဆီးပြီးကော ဘုန်းတော်ကြီးဦးဉာဏဘွဲ့ကို ခံယူပြီး ခေတ္တ ခြေရာဖျောက်နေလိုက်ပါတယ်။

တစ်ဖက်ကလည်း တော်လှန်ရေးအတွက် စည်းရုံးမှုတွေ ပြုလုပ်နေခဲ့ပါတယ်။

အဲဒီလိုနဲ့ အလံတောင်စခန်း ပြိုကွဲသွားခဲ့ပေမယ့်လဲ ဂဠုန်တပ်တွေရဲ့ တိုက်ခိုက်တော်လှန်ရေးဟာ မရပ်မနားခဲ့ပါဘူး။ သာယာဝတီနယ်ပါမက အခြားနယ်တွေကိုပါ ကူးစက်ပျံ့နှံ့လို့ သွားခဲ့ပါတော့တယ်။

ဖျာပုံခရိုင်၊ ဟင်္သာတခရိုင်၊ အင်းစိန်ခရိုင်၊ ပဲခူးခရိုင်၊ ပြည်ခရိုင်၊ သရက်ခရိုင်တွေမှာ တော်လှန်တိုက်ခိုက်မှုတွေ အပြင်းအထန် ဖြစ်ပွားခဲ့ပါတယ်။

ဒီလိုနဲ့ တောင်ငူခရိုင်၊ ရမည်းသင်းခရိုင်တွေမှာလဲ တော်လှန်တိုက်ခိုက်မှုတွေ ဖြစ်ပွားခဲ့ပါတယ်။

ပြီး‥ ပုသိမ်ခရိုင်၊ မအူပင်ခရိုင်တွေမှာ ထကြွဖို့ရာတွေ စီစဉ်ဆဲ နယ်ချဲ့အစိုးရက အုပ်မိလို့ သွားခဲ့ရပြန်ပါတော့တယ်။

အဲဒီအတွင်းမှာပဲ ဆရာစံဟာ ရှမ်းပြည်နယ်ဘက်မှာ တော်လှန်ရေး ကူးစက်ပြန့်ပွားဖို့ရာ ရဟန်းဝတ်နဲ့ပဲ ရှမ်းပြည်ဘက်သို့ ကြံဖန်အရောက်သွားခဲ့ပါတယ်။

ဒီလိုနဲ့ ရှမ်းပြည် မဲဘ်ချင်းနရွာသို့ ရောက်ခဲ့ပါတယ်။ အဲဒီမှာ ရှမ်းလူမျိုးဂဠုန်အသင်းဝင်တွေကို စည်းရုံးခဲ့ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



ပြီး.. ရဟန်းဝတ်က လူဝတ်လဲလိုက်ပါတယ်။ ပြီး.. သူကိုယ်တိုင် ဦးဆောင်ပါဝင်ပြီးတော့ ရှမ်းပြည်နယ်ဘက်မှာ တိုက်ခိုက်တော်လှန်ပါတော့တယ်။

အရပ်ရပ်တော်လှန်မှုတွေဟာ ဖြစ်ပေါ်လို့ နေခဲ့တာကြောင့် နယ်ချဲ့အစိုးရဟာ နိုင်ငံခြားက တပ်ရင်းခုနစ်ခုကို ခေါ်ယူတိုက်ခိုက် ချေမှုန်းရတဲ့အထိပဲ ဖြစ်ခဲ့ပါတယ်။

ဆရာစံဟာ ရှမ်းပြည်ရှိ ပါမိုင်းစခန်းမှာ ရှမ်းလူမျိုးဂျွန်တပ်သားတွေနဲ့အတူ တဲကြီးတွေ ဆောက်ပြီးတော့ စခန်းချနေထိုင်ခဲ့ပါတယ်။

အဲဒီစခန်းကို နယ်ချဲ့တို့က သိသွားခဲ့တာကြောင့် စစ်ကြောင်းသုံးကြောင်း ဖြန့်ပြီးတော့ တိုက်ရာ ဆရာစံတို့ အရေးနိမ့်ခဲ့ရပြန်ပါတယ်ဆိုပါတယ်။

ဒီလိုနဲ့ ဆရာစံဟာ မန္တလေးရိုင် မဏ္ဍာရာကို ဖြတ်ပြီးတော့ ရွှေဘိုနယ်သို့ သွားရောက်နိုလ့်ဖို့ရာ အဖော်(၁၇)ဦးနဲ့အတူ ထွက်ခွာခဲ့ပါတယ်။

အဲဒီမှာ လမ်းမှာ နယ်ချဲ့တပ်တွေရဲ့ ဝိုင်းဝန်းဖမ်းဆီးတာ ခံခဲ့ရပါတော့တယ်။

ပြီး.. သိပ်မကြာမီမှာဘဲ နယ်ချဲ့အစိုးရဟာ ဆရာစံနဲ့တကွ အနယ်နယ်အရပ်ရပ်က လက်ရဖမ်းဆီးရမိထားသူ ဂျွန်ခေါင်းဆောင်၊ ဂျွန်တပ်သားလယ်သမားကြီးတွေကို ရုံးတင် တရားစွဲခဲ့ပါတယ်။

ဒီနောက် တချို့ကို ကြိုးဒဏ်ပေးပြီး သတ်ခဲ့ပါတယ်။ တချို့ကိုတော့ တသက်တကျွန်း ထောင်ဒဏ်ချခဲ့ပါတယ်။

တချို့ကိုလဲ နှစ်ကြီး ထောင်ဒဏ်ပေးခဲ့ပါတယ်။ ဆရာစံကိုတော့



၁၉၃၀ ခု၊ နိုဝင်ဘာလ (၂၈)ရက် စနေနေ့မှာ သာယာဝတီထောင်မှာ ကြိုးပေး သတ်လိုက်ပါတယ်။

သူကျဆုံးချိန်မှာ အသက် (၅၅)နှစ်ပဲ ရှိပါသေးတယ် ဆိုပါတယ်။

ဒီလိုနဲ့ ဆရာစံ ကျဆုံးသွားခဲ့ပါတယ်။ ပြီး.. အခြားဂျွန်လယ်သမားတွေရဲ့ တော်လှန်ပုန်ကန်မှုတွေမှာတော့ မရပ်တန့်ခဲ့သေးပါဘူး။

၁၉၃၂ ခုနှစ်တွင်းသို့ ရောက်တဲ့အခါမှာမှ နယ်ချဲ့တပ်တွေရဲ့ အပြင်းအထန် နှိမ်နင်းမှုကြောင့် ရပ်တန့်လို့ သွားခဲ့ရပါတော့တယ်။

ဒါပေမဲ့ အဲဒီရပ်တဲ့မှုဟာ အနိုက်အတန့်ပဲ ဖြစ်ပါတယ်။

နောက်ဆုံးမှာ နယ်ချဲ့တို့ဟာ မြန်မာ့မြေပေါ်က ပြေးခဲ့ကြရပါတယ်။

ဗိုလ်ချုပ်ဦးဆောင်မှုနဲ့ လွတ်လပ်ရေး ရခဲ့ပါတော့တယ်။

### မြန်မာလွတ်လပ်ရေးနေ့

မောင်လေးရေ.. စောစောထ

အလံတင်ကြ လေးပြကြ..

ညီမလေးရေ စောစောထ..

အလံတင်ပြ.. လေးပြကြ..

ပြည်မပြည်နယ် သည့်နေ့ဝယ်..

လွတ်လပ်ရေးနေ့ ကျင်းပမယ်..

www.burmeseclassic.com

www.burmeseclassic.com


ပြည်နယ်ပြည်မ လွတ်လပ်ကြ··
ဗိုလ်ချုပ်အောင်ဆန်း ကျေးဇူးပ··
နယ်ချဲ့လက်မှ လွတ်မြောက်လာ··

<u>သုံးဆယ့်သုံးနှစ်ပြည့်ခဲ့ပါ··</u>

နိုင်ငံသာမှ လွတ်လပ်မှ··
ပြည်သူ့အကျိုး ဖွံ့ဖြိုးရ··
ဘေးရန်ကင်းပ ပြည်မြန်မာ
လွတ်လပ်ရေးကြီး တည်မြဲရာ··
အနာဂတ်ရေး မျှော်ရှုတွေး··
စည်းလုံးညီညာပါစို့လေး·····

*သုံးဆယ့်သုံးနှစ်မြောက်မှာ ရေးခဲ့တဲ့ကဗျာ*

*(နုယဉ်)*

"အကောင်းဆုံးဖြစ်အောင်လုပ်မှသာ အကောင်းဆုံးဘဝကို ရမယ်"

*(ဆရာတော်ဦးဇောတိက)*

**** **** ****

# ၇။ အနာဂတ်ဆရာခေါ်ရာလမ်း
# (သင်္ချိုင်းမြေသန်းရှစ်ပုံလွှာ)

*ရေး-၁၉.၁၂.၈၂*

*ည၁၁(၇)နာရီ ဆယ့်ငါးမိနစ်တီတီ*

*မီးခွံးလင်း၊ သုဝဏ္ဏမြို့*

◆ လှကွန့်ရေးသော
ကြံတောက ပြောသောသမိုင်း (၁) (၂)
ရှုးနစ်လှစွာ မြင်ယောင်လာတယ်··
သည်နှယ်မြေမှာ···။

◆ တစ်ခါကလေ
မိုးဝေစာပေ မဂ္ဂဇင်းမှာ··
ဆရာဇန်းမော်တင်အောင် ကြံဆောင်ရေးသား
အံ့တပ္ပါး ဝတ္ထုတို
အို·· (ကြံတောမြို့စားကြီး)ရယ် ဆိုပါလား··
ရေးသားခဲ့ရှာ သည်နေရာရဲ့ လက်ရာဖွဲ့များ··
မှတ်သားစိတ်မှာ စွဲမြဲကာရယ် နေမိတယ်လေ···။

◆ ကြံတောတစ်ခေါက်
မရောက်ခင်က··
စိုးရွံ့လှတယ်·· ရွံ့ကြောက်ဖွယ်ပေါ် တစတော


www.burmeseclassic.com

www.burmeseclassic.com



ကြုံတောဆိုက အမင်္ဂလာ သေရွာပါပဲ..
ဒါပေမဲ့လေ.. တကယ်ရောက်နိုက်
လေ့လာနိုက်မယ်.. အားတက်ဖွယ်လေ..
(ဟယ်) မသေသူတွေ နေထိုင်စုစည်း..
သမိုင်းဘီးကို စုစည်းကျားကန် မမေ့ရန်
ဖန်တီးလို့နေ ဗဟိုဗွေချာ
တကယ်ပါနော်.. ကျွန်တော်တွေး....။

◆ 'လူတစ်ယောက်အကြောင်းဆိုတာ..
သူသေခါမှ သိရပါသတဲ့ဗျာ..'
စဉ်လာပြောကြား စကားအရာ
မမေ့ပါလေ.. စွဲမြဲနေရဲ့..
တကယ့်ကို...။

◆ တချို့တွေကား သနားစရာ
သေးမွှားစွာရယ်.. သိမ်ငယ်အောက်ကျ..
လူ့ဘဝမှာ သက်ခန္ဓာတွေ..
သေသာသွားရော ရေစုံမျော..
(အို) ပြောပလောက်စရာ ဘာမှမကျန်
တစ်ဖန်ဝေဖန်ပြစ်တင် ရှုတ်ချအင်..
ရှက်တတ်ရင်ရှက်ချင်စရာ ရှက်စရာတွေ လောကဗွေ
ကျန်နေအတိ ရှက်ရာဘိသိမ်သရေ..
ဂုဏ်သိမ်တွေငယ်စရာ ထွေတလာတွေ..



ကျန်ခဲ့ပေရဲ့ ရှက်ဖွယ်ကွယ့်လေ..
လောကလယ်မှာ မျက်နှာငယ်...။

◆ တချို့တွေဆို တိုတောင်းသက်ရှယ်ငယ်နုနယ်..
မရှည်ကြာခဲ့ ကွယ်လွန်ခဲ့ပြား..
ပျောက်ဆုံးပါးလဲ.. လှုပ်ရှားစဉ်လာ..
အနာဂတ်ကျိုး တိုင်းပြည်ကျိုး...
သည်ပိုးလုပ်ဆောင် သမိုင်းဘောင်မှာ ထင်ရှားစွာ..
သူငါတသ မေ့မရချေ သူ့နာမည်..
(ဟယ်) ရှင်နေသူက တသရမြဲ..
မေ့နိုင်ပဲပေ.. နှစ်ကြာရှည်..။

◆ တချို့တွေရယ်.. အသက်ရှည်စွာ..
အနာမဲ့နေ သက်တော်ရှည်စွာ ကြာတောင့်ကြာ..
ဒါပေမဲ့လေ.. သေနိုင်ခဲလှ..
ကျိန်ဆဲကြရင်း လောကအလယ်..
ဂုဏ်သိမ်ငယ်စွာ မျက်နှာငယ်ရ..
အောက်တန်းကျသူ အပိုလူ
လူတချို့လဲ ရှိတာပဲလေ..
လောကဗွေမှာ...။

◆ အို.. လေ လူမှု လောကထု
လူ့ဘဝမှာ.. လူဆိုတာ

www.burmeseclassic.com

ဘာအဓိပ္ပါယ်လဲ‥ နက်ကျယ်လဲ‥

ခွဲခြမ်းစိတ်ဖြာ ဖွေရှာစစ်ထုပ် လှူသရုပ်‥

(အို) ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ဖြစ်ရပ်သုံးပါး‥

ကြောင်းရေးလားကွယ်‥‥။

◆ လောကကမ်းပါး

စားသောက်မေထုံ‥ ဤလူ့ဘုံ

တွေ့ကြုံဆုံကွဲ ဖြစ်မြဲစဉ်လာ‥

ဓမ္မတာ‥ ဒါပင်ပဲလား‥

ဒါပဲလားကွယ်‥‥။

◆ အနိစ္စ ဒုက္ခ အနတ္တ

လောကသံသရာ ဤကမ္ဘာ

(အို) လက္ခဏာရေးသုံးပါး ကြောင်းရေးလားကွယ်‥

စကားအဆို ထိုထိုများပြား

ကြားယောင်ရင်းမှာ‥ ဆုဝေစွာလေ‥

တိုးဝင်မွေ‥‥။

◆ (နီမွှား) ဆိုသူစကား

ကြားမြဲတရစပ် မပြတ်အော်မြည်‥

နားထဲဆီ နားထဲဆီ 'လူသည်ရုပ်တည်ရန်မဟုတ်ပါ‥

တက်ရန်သာ ဖြစ်ပါတယ်' တဲ့လေ‥

တယ်ဟုတ်တဲ့စကား စွဲနစ်သွား‥

လေးစားငါရယ် ပီတိစေ‥



မသေစကား ဒီရေလားလေ‥

ဆင့်ပွားနေရဲ့ (အို‥ ဟုတ်ကဲ့)‥‥။

◆ ပြီးတော့လဲ (ဟဲမင်းဝေး)ရဲ့ ဆိုမိန့်စကားဆိမ့်‥

ချိုမြိန့်ကြည်ညို‥

'(အို) သတ္တိဆိုတာကား‥ ဖိအားပေးအခံရဆုံးအနေ

ရန်သူတွေ ပတ်လည် ဝိုင်းနေတုန်းဆီ

တည်တည်ငြိမ်ငြိမ်အနေ‥

တင့်တယ်မှုယ်ရာခြင်းကို

ခေါ်ဆိုတာပါပဲ' ရယ်တဲ့‥

(အို‥ဟုတ်ကဲ့)‥‥။

◆ ပြီး (ချားလင့်)မိန့်ဟ

စကားဆိုမှ တစ်ခုရယ်မှာလဲလေ‥

'ယုံလွယ်တာဟာ လူကြီးတွေအတွက်မှာတော့‥

ပျော့ညံ့မှုသာဖြစ်တယ်‥ သို့တစေ‥

ငယ်ရွယ်သူတွေအတွက်မှာကား

အင်အားအစစ်ဖြစ်ပါသတဲ့' (အို‥ဟုတ်ကဲ့)

ဖတ်နိုစကား ကြားစကားကားများသားလေ‥‥။

◆ သို့တစေကြား‥ ငါသည်ကားလေ‥

ယုံစားစွဲမြဲ နားထဲစွဲရင်း‥

လေးစားရင်းလေ‥ အဆိုတွေ‥

မွေထက်မွေမြဲ ရှာကြံဆဲလေ‥

www.burmeseclassic.com

www.burmeseclassic.com



စာနဲ့ပေမှာ ပေနဲ့စာမှာရယ်ပဲပေါ့..
(နောကွယ်)ရယ်လို့လေ...။

◆ (ဟယ်)ဖရုန်စစ်ဘေးကင်း ပညာရှင်ရဲ့..
မိန့်မြွက်အုံမူး အဆိုထူးက..
စူးစူးရှရှ ကြည့်ကြဖျား..
'အချို့သော စာအုပ်တွေဟာ..
မြည်းရုံသာ မြည်းကြည့်ထိုက်ပါသတဲ့ဖျာ..
(အင်း) အချို့သော စာအုပ်တွေကတော့ဆို..
မျိုချလိုက်ဖို့အထိရယ် ဖြစ်တယ်ရယ်(ဆိုပဲ)
(အဲ) ကျန်တဲ့အနည်းငယ်မှာကား..
ဝါးဝက်မျိုကာ အစာကြေတဲ့ထိအောင်
လုပ်ဆောင်သင့်တယ်'ရယ်တဲ့..
မိန့်ဆိုခဲ့ရဲ့ (အို..ဟုတ်ကဲ့)...။

◆ နိုင်ငံတကာက..
ဆရာ့ဆရာ ပြောခါမိန့်ကြား..
'စကားအရာ မြားမြောင်စွာကို..
ငါကြည့်ညှိရင်း ဦးနိုက်ရင်းနော်..
(ဩော်)(ရော်ဘင်)ရဲ့အဆို..
ကြည့်ညှိဦးခိုက် ရင်စူးနှစ်..
'အတိတ်ဆိုတာဟာ..
ပြန်လည်အမှတ်ရရုံရယ်သာပါပဲ..



(အေး) အရေးကြီးတာဟာ..
ပစ္စုပ္ပန်ရယ်သာပဲပေါ့.. အနာဂါတ်ဘဝအပေါ်
မျှော်မှန်းဆနိုင်ရမယ်'ဆိုတာတွေလေ..
ဘယ်မမေ့ဘူး.. ထူးခြားစကား..
ကြားယောင်နေမြဲ သံမှိုစွဲနေ.. ဆိုမိန့်တွေလေ..
တကယ်ပဲနော်.. ငါ့ကိုယ်ပေါ်...။

◆ လူဦးရေဂဏန်းသန်းပေါင်းလေး(ယခု)ခြောက်ထောင်ကျော်
ကမ္ဘာပေါ်က အကျော်ဖေယျ..
တော်ကြတတ်ကြ.. ထက်မြက်ကြသူ..
လူတချို့ကား ကွယ်လွန်သွားလို့..
လူတချို့ကား သန်မာထွားလို့..
တချို့သည်ကား မမွေးဖွားသေး.. တချို့လဲပဲ မွေးဖွားဆဲလေ..
ကမ္ဘာမြေမှာ.. လူများစွာတွေ..
လှုပ်နေရှားနေ ရုန်းကန်နေ..
ရှင်နေသန်နေ.. တက်ကြွနေ..
(ဟယ်). သေနေငြိမ်နေ.. ရပ်တန့်နေ..
အခြေအချိုး အမျိုးမျိုးပ..
သဘာဝလေ ရှုပ်ယှက်နေရာ..
ဤကမ္ဘာမြေ လူ့ဘုံဗွေမှာ..
ငါငါလူသား ခရီးသွားလေ..
မုန်တိုင်းဗွေမှာ ဝဲလှည့်ကာ..

www.burmeseclassic.com

www.burmeseclassic.com



စားကာသောက်ခါ အိပ်စက်ခါ
နေကာထိုင်ခါ ခေါက်တုံ့ခါရယ်..
ခရီးသည်လေ ယောင်ပေပေ..
(ဟယ်) ဟိုနေသည်နှား ဟိုသွားသည်လာ..
သာရေးနာရေး လူမှုရေး..
စမရေးပေရေး ကဗျာရေး..
ဟိုတွေးသည်ငေး မှိုင်ငေးငေး..
တိုင်းရေးပြည်ရေး နိုင်ငံရေး..
လေးတုံ့တခါ ပေါ့စွာတလှည့်..
ဝဲလည်လှည့်ခါ ယောင်ချာချာလည်
ခရီးဖွေကြား စမ်းတဝါး..
သွားရင်းလာရင်း.. ရင်ဆိုင်ရင်းက..
ခရီးတကြော စုန်ဆန်မျှော..
ဟော.. ကြဲတောသုသာန် ဗိမာန်ရွှေပြည်..
လူတွေနှားရာ အိပ်စက်ရာဖွေ..
အေးငြိမ်းမြေကမ္ဘာ..
ရောက်လာနိုက်ကြုံ ဘဝင်ခုန်..
အို.. ရင်တုန်ပမ်းလျ ကြောက်တစနဲ့..
ဘဝလူသား ဆုံးပါးသသူ..
လူ..လူ..လူတွေ ပျောက်ဆုံးမြေ..
ဂူတွေနေရာ မြေနေရာ



လျှောက်ခါလှည့်လည် သင်္ချိုင်းမြေဆီ..
ဟိုသည်နေရာ ဒီနေရာ..
လျှောက်ခါငါသွား.. စမ်းတဝါး..
သွားရင်းကပဲ စူးစူးရဲ..
ကြည့်ရဲတည်တဲ့ ရဲဝံ့စွန့်စား ဟိုဒီသွား..
သွားရင်းရဲလာ.. စူးရဲစွာလေ..
ဟောဟိုမယ်ဗျာ..
ဆရာဇန်းမော်တင်အောင်ဆိုတာရယ်..
ဂျာနယ်ကျော်ချစ်မောင်ရယ်မှ
သခင်ဖေငွေး
ဗိုလ်မြသွေး..
(အို) ရဲရဲတောက်သခင်သန်းတင်..
ရှင်သန်စကားများ ကမ္ဘည်းထား..
ရေးသားဖော်ထုတ်.. အလုပ်သမား..
လယ်သမား.. ကျောင်းသားညီညွတ်ကြလော့ တဲ့..
ပြီးတော့တစ်ခါ ဟောဟိုမှာလေ..
ဝင့်ထည်သွင်ပြင် တူတဲ့စဉ်နဲ့..
အသွင်နှီရဲ မကြောက်သွေး..
ရဲစေလွှဲဆော်.. အားပေးဖော်..
တော်လှန်သော စာရေးဆရာ
သခင်မြသန်း.. ၁၉၂၁-၁၉၇၆
၃၀-၅-၇၆ ရယ်တဲ့ဗျ.. စူးရဲလှစွာကမ္ဘည်းစာတွေ..

www.burmeseclassic.com

www.burmeseclassic.com



သူနားမယ်ဖျာ ရေးထားတဲ့ ဖတ်ကြည့်ရာ.. 'ငါသည်အနာဂတ်၏
နိုင်ငံတော်သားဖြစ်၏.. ငါသည် ရောက်ရှိရန်
လက်တကမ်းသာလိုတော့သည့် အနာဂတ်ကို
ထုတ်ဖော်ပြောကြားသူ.. ငါ့ကို ချေမှုန်းသုတ်သင်၍
ရလိမ့်မည်မဟုတ်..' ထုတ်ဖော်ရေးသား သူ့စာသား..
စွမ်းအားထက်သန် ရဲရင့်ဟန်..
နိုင်ငံချစ်သူ စာချစ်သူရဲ့
ထက်သန်နိုးကြား.. စကားနောက်မှာ..
တရားပါရဲ့ အားမာန်ဖွဲ့..
တရားနောက်ရှိ အဘိဓမ္မာ
ဝေဆာဖူးပွင့်.. ဆင့်ပွားကမ်းဖေ..
မသေစကား ဖတ်ကြားစွဲငြိ..
ဌမ်းဆီထိလေ.. ပီတိဝေလာ..
ငါ.. ငါမှာ ငါ.. ရဲရင့်စွာ..
သေမှာမကြောက်.. ဒူးမထောက်သော..
လောကနယ်ထဲ လူ့ဘုံထဲမှေ..
ခက်ခဲလယ်မှာ.. ဝင့်ထည်စွာရယ်..
ရပ်တည်ဖို့တွက် ဘဝတွက်ရယ်..
ရည်ရွယ်ချက်တွေ အားသစ်တွေ..
(ဟယ်) ဝေဆာဖော်ညွှန်း.. မလျှော့လမ်း..
ညွှန်းပြနေစေသော ခေါ်ဆောင်သော..
ပြောကြားစကား ချိုပျားဆိုမိန့်..



မိန့်မြွက်မြွတ်မွန်.. တော်ဖြောင့်မှန်
နိုင်ငံချစ်ရှင် စာချစ်ရှင်..
အို.. သခင်မြသန်း ဆိုညွှန်းထုတ်ဖော်..
သူ့အာဘော်လေ...။

◆ 'ကျွန်တော်တို့ မပျက်စီး မပြုန်းတီးနိုင်ပါဘူး..
ဘာကြောင့်လဲဆိုတော့.. လူ့လောကမှာရှိရှာတဲ့..
လူ့ပေါင်းသန်းရာပေါင်းများစွာတို့ရဲ့သွင်ပြင်..
လိုအင်ဆန္ဒနဲ့ မျှော်မှန်းချက်တွေအတွက်..
ကျွန်တော်တို့တွေ တိုက်ပွဲဆက်ဝင်နေလို့'ရယ်ပဲတဲ့..
ရဲရင့်ပြောကြား သူ့တရား.. သူ့စကား..
သူ့အားသူ့ခွန် ဖွံ့မာန်စကား..
ကြားလာလှုပ်နိုး... ရှုံ့မစိုးတော့..
နိုးကြားငါရယ် အားသစ်ဆဲ...။

◆ အနာဂတ်တွက် ရှေ့ဆောင်လမ်းပြ
သခင်မြသန်း လမ်းပြဆောင်နေဆောင်ခဲ့ပေ..
သို့တစေ.. သူသေသွားပြီ.. သေခဲ့ပြီလေ..
သို့တစေ.. မသေသူကား ရှင်သန်ထွားဆဲ..
နိုးကြားဆဲလေ.. သွေးသားမယ်..
ဆူဝေသွေးထိုး နိုးကြားဆဲ..
ကြောက်သွေးပျော့သွေး လွင့်ပြေးပျောက်ခါ..
ရဲရင့်စွာပ ငါနိုးထ..
အို.. ကြောက်စရာဟန်.. ရှုံ့စေရန်
သတ္တာန်ရှိနေ.. ကြံတောမြေမှာ..

www.burmeseclassic.com

www.burmeseclassic.com



ခုမကြာ..
ငါလေ နိုးထရရှိနှမျစ်..
ခွန်အားသစ်နဲ့ (ဟယ်)ဟောင်းညစ်နွမ်းဆွေး..
စိတ်အလေ့းတို့..
ရှောင်ပြေးလွင့်မျော.. ဒရောသောတွေ.. လွင့်ပါးပြယ်..
ပျောက်ရောလဟယ်.. ကြောက်စိတ်တွေ..
(ကွယ်) ခုနေရောက်လာ..
ဖြတ်ဝင်လာ.. ရောက်လာသွေးနီ...
ခရီးသည်ငါ အနာဂတ်နိုင်ငံသား..
မိန့်မြွက်ကြားတဲ့ စကားအရာ
စွဲမြဲစွာ..
ရှည်ကြာစူးနစ်.. ဟောင်းအညစ်တွေ..
စွန့်ပယ်ပစ်..
အားသစ်ထုတ်ဖော်..
ဖိတ်ခေါ်ဆင့်ကမ်း ခရီးလမ်း..
လျှောက်လှမ်းထုတ်ဖော် အော်ဟစ်ဆိုမြည်..
ခေါင်းထဲဆီ ခေါင်းထဲဆီ..
'ငါသည်အနာဂတ်နိုင်ငံတော်သား..'
ဆိုစကား လေးစားကြည်ညို..
ခေါ်ဆိုကမ်းလင့် ဆင့်ပွားခေါ်ရာ..
သူကမ္ဘာမွန် လိုက်ရှန်အသင့်..
လန်းတင့်အနေ ခြေလှမ်းတွေနဲ့..
စိတ်နေနဲ့ရယ်.. ကြဲတောမြေက..
သံဝေဂရယ်မရ.. စိတ်မကျဘဲ..



ရဲရင့်သွက်လက် ထွက်ခွာခဲ့ပေ.. ပြည်သူခေါ်သောလမ်း..
ဖြောင့်ဖြောင့်တန်းကာ..
လျှောက်လှမ်းငါဟာ.. ရဲစွမ်းစွာ..
'ငါသည်အနာဂတ်နိုင်ငံတော်သား..'
သိစိတ်ပွား သိစိတ်ပွား..
အားငယ်မနေ ရွံ့မနေကော့..
ရွှေလည်မော့ကာ.. သော့လျှင်စွာလေ သော့လျှင်စွာ..
လျှောက်လာခြေလှမ်း..
ဖြောင့်ဖြောင့်တန်းစွာ ဖြောင့်တန်းစွာနဲ့..
လျှောက်လာလှမ်းလာ တက်ကြွစွာ...
ငါ..ငါ..ငါတဲ့ဟော့.. ငါ.. ငါတဲ့နော်..
ရှေ့သို့မျှော်ကာ.. ဖြတ်သန်းလာရင်း..
ရှေ့တိုးရင်းလေ.. ရှေ့တိုးရင်း...။

*(မှတ်ချက် - ၃၁-၅-၇၆ မှာ ကွယ်လွန်ခဲ့ရှာတဲ့ ဆရာသခင်မြသန်းရဲ့ (၇)နှစ်မြောက် နှစ်ပတ်လည်အတွက် တင်ဆက်ရေး စမ်းကြည့်မိရှာတဲ့ ကဗျာတစ်ပုဒ်သာပဲ ဖြစ်ခဲ့ပါတယ်။ ဒီကဗျာဖြစ်မြောက်ရေးအတွက် ၁၉၇၆ခု အောက်တိုဘာလမှာ ပန်းပေါင်းတရာစာပေက ထုတ်ဝေဖြန့်ချိခဲ့တဲ့ ဆရာမောင်စွမ်းရည်ရဲ့လက်ရာ (ဗမာစာပေဘာလဲဘယ်လဲ) စာအုပ်ထဲက သခင်မြသန်းကို အလေးပြုခြင်းဆိုတဲ့ ဆောင်းပါးကိုလဲ ကြည်ညိုဆင့်ပွားခံစား ရှာန်ဝင်ကာနဲ့ ကြဲတောကို သွားရောက်လေ့လာရေးသားထားမိတာပဲ ဖြစ်ပါတယ်။ ခု.. ကြဲတောလဲ မရှိတော့ပါ။ အားလုံးဒါတွေ အမှတ်တရဖြစ်စေဖို့ရာ ဖော်ပြလိုက်တာပါခင်ဗျား)။*

**** **** ****

www.burmeseclassic.com

www.burmeseclassic.com

## ၈။ ကြင်နာသူရေ (သို့မဟုတ်) မဏ္ဍင်လေ

ဒါဟာ အမေရိကန်ရဲ့ (၂၄)ဦးမြောက် သမ္မတအကြောင်းပါ။

"အာဃာတဆိုတာ
အတိတ်ကို ရှင်းမရအောင် လုပ်··
အနာဂတ်ကို ဓားကြိမ်းကြိမ်းပြီး··
ပစ္စုပ္ပန်ကို သုံးမရတဲ့ ဘဝရောက်အောင်··
တင်ဆက်အသုံးတော်ခံတဲ့ ဆန်ကုန်မြေလေးကြီးပါ···"

*(မာယာအိန်ဂျလို)*

မိမိဟာ ဒီစာစုတချို့ကို အာဃာတနဲ့ ရေးလိုတာတော့ မဟုတ်ပါဘူး။ စာရေးဆရာဖြစ်နေလေတော့ ကြုံတွေ့ရတာကို မိမိမှာ ရှိနေတဲ့ ကလောင်ကို အဖော်အဖြစ်နဲ့ ရင်ဖွင့်တင်ပြရတာသာပဲ ဖြစ်ပါတယ် ဆိုပါတော့···။

ဘဝမှာ တကယ်ကလဲ ဘယ်သူမှ ကိုယ်ပြောတာကို စိတ်ရှည်လက်ရှည်နဲ့ ဘယ်အချိန်ဘယ်အခါမှာပဲဖြစ်ဖြစ် ပြောဆိုလို့ ဖြစ်တာကတော့ မိမိမှာ ကလောင်ပဲ ရှိပါတယ်။ သူဟာ ရဲဘော်ရဲဘက်ပါ။ မိတ်ဆွေပါ။ သေဖော်ရှင်ဘက်ပါ ရင်ဖွင့်ရာပါလေ···။

မိမိဟာ သူ့ကြောင့်သာပဲ ဆက်လက် အသက်ရှင်သန် နေနိုင်ခဲ့ရတာပဲ ဖြစ်ပါတယ်။ မဟုတ်ရင် ရင်ဆို့သေသွားနိုင်ပါတယ်။ ခုတော့·· သူရှိတဲ့အတွက် ရင်ဖွင့်ပြောဆိုရင်းက ရင်မှာ ပေါ့ပါးလဲသွားရတယ်။





ချရေးပြလိုက်တော့ အကြောင်းအရာကို လိပ်ပတ်လည်သွားပြီး ဒီအထဲက သင်ခန်းစာရယူ ရှေ့ခရီးအတွက် အဖြေရှာလို့ ဆက်လက်ခရီးသွားနိုင်ခဲ့တာလဲပဲ ဖြစ်ခဲ့ပါတယ်။ ပြဿနာဆိုတာ အဆုံးချည်းလဲ မဟုတ်ပါဘူး။ ပြဿနာရှိပါမှသာ မိမိအပေါ်မှာ ဘယ်လိုသဘောထားရှိကြတာ ခင်မင်ကြတာ တကယ့်သဘောထား အမှန်လဲ သိရတတ်တာပဲ ဖြစ်ပါတယ်။

ညီအစ်ကိုမောင်နှမ ဆွေမျိုးသားချင်းတွေ ဆိုတာတောင်မှ တကယ်အကြောင်းရှိတဲ့အခါ ရှောင်ရှားတင်ကြတယ်။ ခက်ခဲမှုဟာ မိမိစွမ်းရည်အကြောင်း ပိုသိရတာပဲ ဖြစ်ပါတယ်။ တကယ်က ငွေကြေးကူညီဖို့ မဟုတ်ပါဘူး။ ဟိုနားဒီနား အဖော်အဖြစ်တောင် ··ိုပ်ဖို့ရာတောင် မရနိုင်တာအထိ ရှိကြပါတယ်။

ခုတလော မိမိစာအုပ်တွေ ရိုက်ဖြစ်တယ်။ အဲဒီမှာ ပုံနှိပ်စက်က တာဝန်ယူလို့ မိုင်းနင်း(စာအုပ်ချုပ်)တာကို အပ်ပေးတယ်။ မိမိဟာ မိုင်းနင်းလုပ်တဲ့ မိန်းကလေးတွေကို လေးစားပါတယ်။ ရိုးရိုးသားသား လုပ်စားနေကြတယ်။ တစ်နည်း မိမိတို့ စာရေးဆရာတွေကို ပါရမီဖြည့်နေသူတွေပါ။ မိမိမှာ ငွေရှိတော့ အလုပ်ရှင်ကို ငွေပေးမိတယ်။ သူတို့တွေ ရသင့်တာကို သုံးကြစားကြစေဖို့ပါ။

တစ်ခါ လုပ်အားခအပြင် နောက်ထပ် ငွေချေးတယ်။ မိမိ ပေးလိုက်ပါတယ်။ ကျေးဇူးမသိတတ်ရင်အောင် တစ်ဖက်သားကို ကျေးဇူးပြုရတာ လူ့ဝတ္တရားပဲ··။ ဒါပေမဲ့ လုပ်အားခပေးထားပြီးတဲ့ မိမိစာအုပ်ကို မချုပ်ဘဲ တခြားအလုပ် ဆက်လုပ်နေခဲ့တယ်။ မိမိကို လုပ်ပြီးသားလို့ ပြောပြီး တကယ်တမ်းမှာ စာအုပ်က မပြီး··။ မိမိဖြန့်ခိုင်းဖို့ အကူအညီတောင်းထား သူကိုလဲ အားနာ··၊ ဖြန့်သူကလဲ စာအုပ်မပြီးတော့

www.burmeseclassic.com



ဆက်လုပ်လို့မရ…၊ မိမိ ခက်ခဲခဲ့ရတယ်။ နောက်ဆုံး ထိုသူက ငွေထပ်ချေးလိမ်ပြီး ထွက်ပြေးသွားခဲ့ကြတယ်။ စာအုပ်က တန်းလန်းကျန်ခဲ့တယ်။ ငွေတိုးနဲ့ ဆွဲတဲ့ ငွေမဟုတ်လို့ ငွေပူမဟုတ်လို့သာ တော်တော့တယ်။

အဲဒီမှာ သူတို့ချုပ်ပေးဖို့ အပ်ထားတဲ့ တာဝန်ခံခဲ့သူကလဲ နောက်ဆုံးဘာမှ တာဝန်မယူတဲ့အပြင် မိမိကိုပါ ငွေကြိုပေးတာ ငွေချေးတာ အပြစ်တင်တာ ခံရပါတော့တယ်။ တကယ် အံ့ဖွယ်ရာပါပဲ…။ ပုံနှိပ်စက်ဆိုတာကလဲ ငွေရဖို့ရိုက်ချင်တာသာ အရင်ပဲ၊ ရိုက်ပြီးရင် ပိုက်ဆံရဖို့ မိမိက (ရှစ်ရာ) တတ်ထားတဲ့ ဈေးနှုန်းကို (၅၀၀)လို့ မှားရိုက်ခဲ့ပြန်တယ်။ ဈေးနှုန်းမှာ သုံးရာကျွာ သွားတယ်။ သူတို့ ဂရုတောင် မစိုက်ဘူး။ တခြားဟာတွေ အလကားပါ။ အလုပ်မှာ စကားတွေ များကြတယ်။ ပြောကြတယ်။ အလုပ်သဘော တစ်ခွန်းမေးရ ပြောရမှာတော့ ဝန်လေး တတ်လိုက်ကြတာ…။

တစ်ခါ မိမိစာအုပ်တွေ အများကြီး ရိုက်ဖြစ်ခဲ့တယ်။ လိုရင်းက အချိန်ကို မိမိသိပ်တန်ဖိုးထားတယ်။ ဆိုပါတော့… တစ်လမှာ စာတစ်အုပ်ထွက်တာက တစ်လမှာ ဆယ်အုပ်ထွက်ရင် ပိုအကျိုးမရှိဘူးလား။ မိမိက ဒီလိုတွက်တယ်။ ငွေကြေးထက် စာအုပ်မှာ သူပြောချင်တာရေးချင်ပါတော့ အဲဒီဆယ်မျိုးက ဆယ်မျိုးအကျိုးသက်ရောက်မှု ရှိတယ်။ မိမိ ဒီလို တွက်တယ်။ လုပ်တယ်။ တကယ်ကတော့ ဒီလိုမဟုတ်ဘူး။ လုပ်မိတော့ မိမိမှာ ဝန်ထုပ်ဝန်ပိုး ပိုဖြစ်ရတယ်။ လူတွေအများစုက စာအုပ်လုပ်တာထက် အကျိုးခံစားတာကို ပိုခံစားချင်တတ်ကြတာမျိုးပဲ များတယ်။

နောက်တစ်ခါ စာအုပ်ဖြန့်ချိနိုင်းသူ တချို့ကိုလဲ ကျေးဇူးတင်ရပါ



တယ်။ ပြီး… ငွေကြေးအဖိုးအခနဲ့ မိမိစာအုပ်ရောင်းရငွေက ခံစားခွင့်ပါ။ ပေးဝေမယ့် သူတို့က အပေါစီးကပဲ၊ ရုံးကခွင့်ပြုချက်နဲ့ ရိုက်တာကိုများ သူတို့ဟာ ဘာကြည့်ပြီး ဘာကို ကြည့်တာတော့ (မကြည့်)တာတော့ မသိပါ။ ရုံးမတင်ဘဲ ရိုက်တဲ့သဘောမျိုး မိမိကို စော်ကားပြောဆိုလာခဲ့ တာလဲ ကြုံခဲ့ရတယ်။ ဒါဟာ အတူပေါင်း နေပေမယ့် သူပင်ဟာ မိမိအပေါ် မှာ စီးပွားဘာ်လို သဘောမထားတဲ့အပြင် တခြားတစ်ဖက်မလိုသူတွေရဲ့ သူလျှိုဒလဲဟုတ်မဟုတ်တော့ မသိပါ။ သိဖို့လဲ မလိုပါ။ ဒီလိုမျိုးဖြစ်နေ တော့တာ တွေ့လာခဲ့တာလဲ ကြုံခဲ့ရပါတယ်။

ဆိုခဲ့သလို ဗိုင်းနင်းလည်း ဒီလိုပဲ…။ လူရွယ်လူငယ် ဖင်ပေါ့ ခေါင်းပေါ့နဲ့ပါ။ ရေရှည်ထိ လက်တွဲဖို့ စဉ်းစားထားခဲ့တာ၊ တကယ်ကတော့ (စာရေးဆရာ) ဘတ်ကောင်ရဲ့ အကြိုက်ကို ရိုက်စားလုပ်သွားတာပဲ ဖြစ်ပါတယ်။ လုပ်ရဲ့တာမှာ အံ့ဩစရာပါ။ မိမိတို့ အလုပ်သမားတွေ အပေါ်မှာ လုပ်သွားရဲ့တာက ပိုအံ့ဩစရာပါ။

ခုနေမှာ ဘာဖြစ်နေကြလဲဆိုတော့ ကျေးဇူးရှိမှ ကျေးဇူးတတ်တယ်ပဲ ဆိုကြပါတယ်။ ကျေးဇူးပြုရမှာတောင် အံ့ဩစရာ ဖြစ်နေတော့တယ်။ ပိုက်ဆံချေးတယ်။ လုပ်အားခ ကြိုပေးတယ်။ ဖြစ်သင့်တာက သူ့ကို ဦးစားပေးရမယ်။ သူ့အလုပ်ကို အရင်လုပ်ပေးရမယ်။ ဒါမျိုးဖြစ်သင့်တယ်။ ခုတော့ ဒီလိုလူမျိုးဟာ ငပေါပမာပဲ ဖြစ်သွားပါတော့တယ်။ ဩော်… လောက ကောင်းကြသေးရဲ့လားဗျာ။

နောက်တစ်ခါ မိမိ တီဗွီတို့ ကက်ဆက်တို့ ပြင်နိုင်းရတာတွေလဲ ရှိခဲ့ပါတယ်။ တစ်ယောက် ကြုံဘူးတယ်။ အိမ်ကို တကယ့်ဆရာကြီးပမာ ကို ဖင့်ဖိတ်ခဲ့ရတယ်။ ပြီး… သူဟာ ငွေအဓိက မဟုတ်သလိုနဲ့ တကယ်က

www.burmeseclassic.com

www.burmeseclassic.com



ငွေကို ပေးလို့ကို မလောက်တော့ဘူး။ လုပ်တော့လဲ ဘာမှ မပြီးစီးဘူး။ မိမိက တာဝန်ခံလို့ ပြောမိလုပ်မိအပ်မိခဲ့တာတွေဟာ ပစ္စည်းပါ အပျောက်ရိုက်ခံရတယ်။

နောက်တစ်ယောက်လဲ ဒီလိုပဲ..။ ခဏရင်းနီးတော့ ပိုက်ဆံကို အရင်ချေးတော့တယ်။ ပြင်နိုင်းတာတွေ ဘာမှဖြစ်မြောက်အောင် လုပ်မပေးဘူး။ သူ့မှာ မူးနေရတာနဲ့၊ အိပ်လို့နေတာနဲ့၊ ဆိုင်ပိတ်ထားရတာနဲ့ စုံနေတော့တာပဲ။

နှ.. နောက်တစ်ယောက်ကတော့လဲ ဒီလိုပဲ..။ ခဏ ရင်းနီးတော့ ငွေကြိုတောင်းတယ်။ ဒီနောက် ပစ္စည်းတစ်ခု ပြန်ရဖို့အရေး ချောင်းပေါက်ရတော့တယ်။ တွေ့တိုင်း ဆင်ခြေဆင်လက်တွေနဲ့ချည်းပါ။ ပြီးတော့ သူ့မိန်းမအပါအဝင် သူ့ကလေးဖနီးနဲ့ အချိုးအငှားတွေနဲ့ပါ။ မိမိ လူဆိုးလူမိုက် ဝစီကံ မထိုက်အောင် အတော့်ကို ကြိုးစားနေခဲ့ရ တော့တယ်။

မိမိတို့ဟာ အခြေခံလူတန်းစားစိတ်ထားနဲ့ ကိုယ်ချင်းစာစိတ်အပေါ်မှာ အခွင့်အရေး ယူတတ်ကြလိုက်တာ၊ ဒီအားနည်းချက်(အခြေခံစိတ်)ကို စော်ကားပြီး အခွင့်အရေးယူနေတတ်ကြတာပဲ...။

မိမိမြင်ဖူးတဲ့လူတွေ ဥပမာ ရုပ်ရှင်ထဲက ချစ်တီးကုလားတွေ ငါးစိမ်းသည်တွေ ငွေတိုးချေးစားသူတွေလို ကြီးနိုင်ငယ်ညှင်း မလုပ်တတ်တာကိုပဲ ပြန်လည်ပြီး အနိုင်ပြန်ကျင့်နေတတ်ကြတာမျိုး ဖြစ်နေတော့တယ်။ အလုပ်သမားအချင်းချင်း ပြီး.. အလုပ်သမားတချို့..ဝိုင်းနင်းမှာ တချို့ ပိုင်ရှင်တွေဟာ မိန်းကလေးတွေအပေါ်မှာ ခြေတော်တင်တာမျိုးတွေထိ မျိုးပါ။ တစ်ဝမ်း တစ်စားအတွက် လုပ်စားနေကြရတာမျိုးတွေအပေါ်မှာ



မိမိတို့ဟာ အနိုင်ကျင့် မလုပ်မိတာ မလုပ်တတ်တာဟာ ကဘဲ မလုပ်ရဲတာကို လုပ်အောင်ပြောအောင် ကြံဆောင်လှုံ့ဆော်နေကြသလားရယ် ဝမ်းနည်းဖွယ် တွေ့နေလိုက်ရပါတော့တယ်။

ခုဖြစ်နေကြုံနေရတာက ဘဝကို တိုက်စစ်နဲ့လုပ်ဖို့ မလွယ်ဘူး။ ခံစစ်နဲ့ ကျားသနားမှ နွားချမ်းသာမယ်ဆိုတဲ့ ပုံစံမျိုးလုပ်မှ ဖြစ်မယ်ဆိုတဲ့ အနေမျိုး ဖြင့် နရတာ ဝမ်းနည်းစရာ တွေ့နေရပါတယ်။

မိမိဆန္ဒမှာ တက်ညီလက်ညီနဲ့ ပူးပေါင်းလက်တွဲ တံခါးဖွင့်လုပ်စမ်းချင်လှပါတယ်။ ဒါပေမဲ့ မလွယ်ဘူး။ ဒါပေမဲ့ အားလုံး ဆိုးသလားဆိုတော့လဲ မဆိုးပါ။ ဆိုးသူတချို့ ပါနေတဲ့အခါ လုပ်ငန်းမှာ ခက်ခဲသွားရတာ၊ နှောင့်နှေးရတာ ခံစားလိုက်ရတဲ့အခါ စိတ်မကောင်း ဖြစ်ရတာမျိုးပါ..။

မိမိက မိတ်ဆွေတစ်ယောက်ကိုတော့ ပြောဖူးပါတယ်။ လူတစ်ယောက် ငွေလိမ်ရင် အဲဒီငွေကို မိမိက အစားထိုးရအောင် ပြန်ရှာလိုက်တယ်။ ဒီတော့ ဘာမှ ပြဿနာမရှိတော့ဘူး။ ဒီအထဲကမှ မိမိက ပြန်အမြတ်ရတယ်။ အတွေ့အကြုံ အမြတ်ရလိုက်တယ်။ ဒါမျိုး ပြောပြလိုက်ပါတယ်။

ဆိုးနေတာက လူယုံသတ်တာပဲ...။ မိမိယုံကြည်တဲ့ လူတန်းစားတွေချင်းဟာ ဖ..ကာယတန်းမှာ အားနည်းချက် ရှိလွန်းကြတာတွေပါပဲ။ ကိုယ်ရည်ကိုယ်သွေးအားနည်းလို့ နေကြတာတွေပဲ ဖြစ်ကြပါတယ်။ မိမိက သူတို့နဲ့တွဲပြီး ပြဿနာကို ပူးပေါင်းရင်ဆိုင် ကျော်လွှားဖြတ်သန်းချင်တယ်။ ဒါပေမဲ့ ပြောချင်တာ ပြောပြီး (အကြိုက်ပြောပြီး)လိမ်ချင်တာ လိမ်နေလုပ်နေကြတော့တယ်။ တချို့က မိုးမလင်းသေးဘူး။ ပိမ်ဖို့ အိမ်ရောက်လာတယ်။ သားအမတွေ၊ ဝင်မယ်ဟားတွေ လိမ်ပြီးပြီးရောပဲ...။

www.burmeseclassic.com

www.burmeseclassic.com



တကယ်က အလုပ်ကို ဒီလို ဝီရိယ ရှိသင့်တယ်။ အလုပ်လုပ်ဖို့ကျတော့ ဒီလို ဝီရိယမရှိဘူး။ ဗိုလ်ချုပ်ပြောသလို တလွဲ ဆံပင်ကောင်းစိတ်တွေပါပဲ…။

မိမိဟာ လူလိမ်တစ်ယောက်ကြောင့်၊ ဒီလိုလူမျိုးတစ်ယောက်ကြောင့်ပါပဲ တကယ်တွေးကြည့်ရင် ထောင်ရောက်တန်းရောက်တဲ့အထိ သံသရာ လည်နေခဲ့ရတယ်။ သူတို့ရဲ့ ဒီလိုအညှိအယောက်တွေ၊ မသန့်စင်မှုတွေ အရှုပ်အထွေးတွေကြောင့်သာပဲ မိမိထိရှခံခဲ့ရတာ ဖြစ်ခဲ့ရပါတယ်။ ဘဝမှာ မိန်းမလင်ငယ်နေတော့ စက်ထွက်ယောကျ်ား နဖူးသေနတ်မှန်ခံရတာမျိုးဟာ ရှိကြပါတယ်။ ဆင်ဦးစီးမိန်းမ လင်ငယ်နေတယ်။ ဆင်ဦးစီးဆင်နင်းအသတ်ခံရတယ်။ မဆိုင်ပါ။ ဒါပေမဲ့ အဖြစ်ကတော့ ဒီလိုမျိုးပါပဲ။

မရှက်မကြောက် လိမ်လိုက်ကြတာ၊ ဒါဟာ သူတို့ရဲ့ ဘဝပေးတွေလား…။ အခြေခံ ဗီဇမျိုးရိုးတွေလား…။ မိမိ မသိနိုင်တော့ပါ။ ဒါပေမဲ့ ဘယ်သူ တရားပျက်ပျက်ပါ။ မိမိ မပျက်ခဲ့ပါဘူး။ ပျက်စရာလဲ မလိုပါဘူး။ စိတ်မကောင်းတာတစ်ခုပါ။ စိတ်မကောင်းတာက မိမိက ကောင်းဖို့ စည်းရုံးတယ် ထင်ခဲ့ပေမယ့် သူတို့က ပြန်လည် အသုံးချလိမ်လည်ပြီး စည်းရုံးလုပ်ဆောင်သွားခဲ့ကြတာပါ…။ မပြီးသေးပါ။ ဒါတွေဟာ ဒီ့ထက် ဆိုးတာရှိပါသေးတယ်။ မိမိအတွက် တံခါးမှားခေါက်မိတဲ့ ကမ္ဘာများ ဖြစ်လို့နေလေသလားပဲ…။ ဘာပဲဖြစ်ဖြစ် သင်ခန်းစာပါ။ အမြတ်ပါ။ မိမိတရားမပျက်ပါ။ စာတစ်ပုဒ်မှာကတော့…

'အသည်းနှလုံးကို ပြောင်းလဲအောင် လုပ်နိုင်တာ…
အသည်းနှလုံးကလွဲလို့ တခြားဘာမှ မရှိဘူး…'

*(ကာရိုးလ်အိုတာနား)*



ပြီးတော့ မိမိ အတုယူ အားကျခဲ့သူ တစ်ယောက်အကြောင်းပါ။ စံနမူနာပြ ဖော်ပြလိုက်ပါရစေ…။

## လူ့စံနမူ

'တန်ဖိုးရှိတဲ့ လူကပဲ… လူမှာရှိတဲ့တန်ဖိုးကို သိနိုင်တယ်'

*(သောမတ်စ်ကားလိုင်း)*

ဝီလျံမတ္တင်လေဟာ ကြင်နာသိမ်မွေ့သူတစ်ယောက်ပဲ ဖြစ်ပါတယ်။ လူတိုင်းအပေါ်မှာ ချစ်ခင်ကြင်နာစေလိုပါတယ်။ သူဟာ ဒုတိယအကြိမ်မှာ သမ္မတကြီး လင်ကွန်းထက်ရော၊ အခြား နောင်တော် သမ္မတများထက်ရော မဲပိုမိုရရှိခဲ့ပါတယ်လဲ ဆိုကြပါတယ်။

ဒါပေမဲ့ သူ့ကိုလဲ လူသတ်သမားက ကြင်နာမှု မပြခဲ့ပါဘူး။ မတ္တင်လေဟာ သမ္မတလင်ကွန်း၊ သမ္မတဂါဖီးလ်ဒ်တို့ကဲ့သို့ပဲ လုပ်ကြံသတ်ဖြတ်တာ ခံခဲ့ရတဲ့ တတိယအကြိမ်မြောက် သမ္မတတစ်ဦးသာပဲ ဖြစ်ခဲ့ရပါတယ်။

လူသတ်သမားက သူ့ကို လုပ်ကြံသတ်ဖြတ်ပြီး သွေးအိုင်ထဲ လဲနေစဉ်မှာလဲပဲ သူ့အနေနဲ့ လူသတ်သမား အနာတရ မဖြစ်စေဖို့ရာ စိတ်ရောကိုယ်ပါ အကာအကွယ် ပေးခဲ့သေးသူလဲပဲ ဖြစ်ခဲ့ပါတယ်။

သူ သေဆုံးသွားပြီးတဲ့နောက် သူ့အတ္ထုပ္ပတ္တိနဲ့ ဝမ်းနည်းကြေကွဲစာတန်းမှာ အောက်ပါအတိုင်း ဖော်ပြထားလေခဲ့ပါတယ်။

'နိုင်ငံရဲ့ တခံတလျားသို့တိုင် ဝမ်းနည်းကြေကွဲခြင်း ကြီးစွာဖြင့် ဝမ်းနည်းကြေကွဲကြရပါတယ်။ ဤမျှလောက် ရည်ရွယ်ချက် ကင်းမဲ့ပြီး အကျိုးမရှိသည့် ရာဇဝတ်မှုမျိုး တစ်ကြိမ်မျှ မကြုံခဲ့ဘူးသေးပါ

ဒါပေမဲ့ ထိုစဉ်က လူများစွာက သူ့ကို ကြင်နာခဲ့ပေမဲ့ သမိုင်း

www.burmeseclassic.com



ကတော့ သူ့ကို ကြင်နာမှုကိုတော့ မပြခဲ့ပါဘူး။ ၁၉ ရာစု ခေတ်နောက်ကျမှုရဲ့ ပြယုဂ်တစ်ခုအဖြစ် သူ့ကို သာဓကပြုဖော်ပြခဲ့ကြပါတယ်။ သွင်းကုန်တွေအပေါ် အကောက်ခွန် တိုးမြှင့်တာ၊ ဧပိန်နဲ့ ဖြစ်ပွားရမယ့် စစ်ပွဲကိုလဲ တွန်းပို့တာကို သူမတားဆီးနိုင်ဘဲ ခွင့်ပြုခဲ့တာတို့အတွက် သမိုင်းက ကြင်နာမှု မပြခဲ့ပါဘူး။ ဒါပေမဲ့ မက္ကင်လေဟာ သူ့နိုင်ငံကို ကမ္ဘာ့ဇာတ်ခုံပေါ်သို့ ကြိုးစားတင်ပြခဲ့သူသာပဲ ဖြစ်ခဲ့ပါတော့တယ်။

'အထီးကျန်နေတာဟာ တာရှည်စွာ မဖြစ်နိုင်တော့ပါ။ ဒါမှမဟုတ် မလိုအပ်တော့ပါ' ကမ္ဘာ့ဇာတ်ခုံပေါ်မှာ ပါဝင်အသုံးတော်ခံဖို့ရာ သူ့ရဲ့ သမိုင်းဝင် ကြေညာချက်တွေနဲ့ ဖော်ပြခဲ့ပေမဲ့ အားလုံးကပဲ သူ့ကို မေ့နေလေခဲ့ကြပါတော့တယ်။

## သူဘယ်သူလဲ

ဝီလျံမက္ကင်လေကို ၁၈၄၃ ခု၊ ဇန်နဝါရီလ ၂၉ ရက် အိုဟိုင်းယိုးပြည်နယ်၊ နိုင်းလ်စ်မြို့မှာ မွေးဖွားခဲ့ပါတယ်။ မွေးချင်းကိုးယောက် ရှိတဲ့အနက် ခုနစ်ယောက်မြောက်သူပဲ ဖြစ်ပါတယ်။

ကိုးနှစ်သားအရွယ်မှာ မိသားစုတစ်ခုလုံး ပိုလန်မြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြပါတယ်။

ယူနီယံဆင်မင်နရီကျောင်းမှာ ပညာသင်ခဲ့ရပါတယ်။ ငယ်စဉ်ကတည်းက အဟောအပြောဘက်မှာ ဝါသနာထုံခဲ့ပါတယ်။ စကားအချေအတင် ပြောပွဲတွေရဲ့ ဥက္ကဋ္ဌ ဖြစ်လာခဲ့ပါတယ်။

သူဟာ မက်သဒစ်ဘာသာကို ယုံကြည်သက်ဝင်တာကြောင့် တစ်နေ့မှာ ဘုန်းကြီးဖြစ်ဖို့ မိခင်ကြီးက မျှော်လင့်ခဲ့ပါတယ်။

သူ့အသက် (၁၇)နှစ်မှာ ပင်ဆယ်လ်ဗေးနီးယားပြည်နယ် မိဒ်ဗီးလ်



မြို့က အီလက်ဂ်ဟောင်နီကောလိပ်သို့ တက်ရောက်ခဲ့ရပါတယ်။ တစ်နှစ်လောက်နေပြီး ကျန်းမာရေး မကောင်းတာကြောင့် ကျောင်းထွက်လိုက်ရပါတယ်။ (၁၈)နှစ်သားမှာ ပိုလန်မြို့ စာတိုက်မှာ စာရေးဝင်လုပ်နေစဉ် ပြည်တွင်းစစ်ကြီး ဖြစ်လာခဲ့လေတော့တယ်။

မက္ကင်လေဟာ တော်လှန်ရေးတိုက်ပွဲတုန်းက သူ့ရဲ့ကောင်းတွေဖြစ်ခဲ့ကြတဲ့ အဘေးနှင့် အဘိုးတို့ကို စံနမူနာထားပြီး ၁၈၆၁ ခု၊ ဇွန်လမှာ အိုဟိုင်းယိုးပြည်နယ် အမှတ် (၂၃) အပျော်ထမ်း ခြေလျင်တပ်ခွဲသို့ ဝင်ရောက်လိုက်ပါတော့တယ်။

အဲဒီတပ်ဖွဲ့ရဲ့ ဗိုလ်မှူးဖြစ်သူမှာ နောင်အခါမှာ အမေရိကန်ပြည်ထောင်စုကြီးရဲ့ (၁၉)ယောက်မြောက် သမ္မတကြီး ဖြစ်လာမယ့် သာဖို့ဒ်ဘီဟေးစ်ပဲ ဖြစ်လေတော့တယ်။

မက္ကင်လေဟာ စားဖိုမှူးတပ်ကြပ်ကြီး အဆင့်မှာ စတင် တာဝန်ထမ်းဆောင်ရပါတော့တယ်။

သူဟာ ဘယ်နေရာက နေရတာပဲ ဖြစ်ဖြစ် သူ့တာဝန်သူ ကျေပွန်ပါတယ်။

အင်တီတမ်စစ်ပွဲဟာ ပြင်းထန်တဲ့ စစ်ပွဲတစ်ပွဲ ဖြစ်ခဲ့ပါတယ်။ အဲဒီလို တိုက်ပွဲပြင်းထန်နေစဉ်မှာပဲ မက္ကင်လေဟာ သူ့တပ်သားတွေကို ပူနွေးနွေးနဲ့ ချက်ပြုတ်ကျွေးမွေးခဲ့ပါတယ်။ ဒါ့အတွက် သူ့အနေနဲ့ သိပ်ကိုင်ရှားခဲ့ပါတယ်။

စစ်မြေပြင်မှာလဲ ဒုဗိုလ်အဆင့်ရာထူး တိုးမြှင့်ရရှိခဲ့လေတော့တယ်။ ကြာမီ ဟေးစ်က သူ့ရဲ့ စစ်ဦးစီးအဖွဲ့မှာ ထောက်ပံ့ရေးအရာရှိအဖြစ် ခန့်အပ်ခဲ့ထားခံရပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



၁၈၆၄ ခုနှစ်မှာတော့ သူရဲ့ သူရဲသတ္တိကြောင့် ဗိုလ်ကြီးအဆင့်ကို ရရှိလာခဲ့ပါတယ်။ ပြည်ထောင်စုတပ်မှာ အမေရိကန် သမ္မတတွေအနက် မက္ကင်လေဟာ အောက်ခြေစားဗိုလ်မှူးက စတင်တာဝန်ထမ်းဆောင်ခဲ့ရသူလဲပဲ ဖြစ်ခဲ့ပါတယ်။

ဒီနောက် ဗိုလ်ချုပ်ကြီး ရျောဂျ်ခရွတ်နဲ့ ဝင်းဖီးလ်ဒ်ဟန်းကော့စ်တို့ရဲ့ စစ်ဦးစီးအဖွဲ့မှာ တလှည့်စီ တာဝန်ထမ်းဆောင်ခဲ့ရပါတယ်။

၁၈၆၅ ခုနှစ် မတ်လမှာ ဖြစ်ပွားတဲ့ အိုပီကွမ်စီဒါခရိစ်နဲ့ ဖစ်ရှားစ်တောင်ကုန်းတိုက်ပွဲတွေမှာ ရှုပ်ရှုပ်ချုံချုံ ပါဝင်တိုက်ခိုက်နိုင်ခဲ့တာကြောင့် ဗိုလ်မှူးရာထူးကို တိုးမြှင့်ရရှိလာခဲ့ပါတယ်။

ဒီနောက် ပြည်တွင်းစစ်ကြီး ပြီးသွားတဲ့အခါ မက္ကင်လေဟာ အသက် (၂၂)နှစ်သာပဲ ရှိပါသေးတယ်။ ယခင်က သူ့ရုပ်ရည်ဖြူရော်ရော်ဟာလဲ စစ်မြေပြင်ရဲ့ ကြမ်းတမ်း ခက်တရော်မှုကြောင့် တောင့်တင်းသန်မာတဲ့ လူငယ်တစ်ယောက် ဖြစ်လာခဲ့ပါတော့တယ်။

တပ်က သူ့ကို မထွက်ဖို့ရာ တားမြစ်ခဲ့ပေမယ့်လဲ သူက ထွက်လာခဲ့ပြီးတော့ ဥပဒေသင်တန်း ဆက်တက်ခဲ့ပါတယ်။

ယမ်းစ်တောင်းက ဝတ်လုံတစ်ဦးဆီမှာ ဥပဒေပညာကို စာတွေ့လက်တွေ့ သူသင်ကြားခဲ့ရပါတယ်။ ဒီနောက် နယူးယောက်က အယ်လ်ဘေးနီး ဥပဒေကျောင်းကို ဆက်တက်ခဲ့ပါတယ်။ တစ်နှစ်အကြာမှာတော့ ဝတ်လုံလိုက်ခွင့် ရရှိခဲ့ပါလေတော့တယ်။

သူ့အစ်မဖြစ်သူမှာတော့ ကန်တုန်မြို့မှာ ကျောင်းဆရာမ လုပ်နေခဲ့ပါတယ်။ ၁၈၆၇ ခုနှစ်မှာ မက္ကင်လေဟာလဲ အဲဒီမြို့မှာ အခြေချလိုက်ပါတော့တယ်။ သူဟာ ရီပတ်ဘလီကင်ပါတီမှာ ဝင်ရောက်ပြီး စည်းရုံးရေးလုပ်ခဲ့ပါတယ်။



၁၈၆၉ ခုနှစ်မှာပဲ ဖြစ်ပါတယ်။ စတားပ်ကောင်တီ အစိုးရရှေ့နေရာထူးအတွက် ဒီမိုကရက်တို့ကပဲ ကြီးစိုးနေတာကို ယှဉ်ပြိုင်ဖို့ သူ့ကို ဝင်ရောက်တိုးဝင် နိုင်းခဲ့ကြပါတယ်။

ဒါပေမဲ့ အလားအလာ မရှိတာကို သူသိခဲ့ပါတယ်။ ဒါပေမဲ့ အပြင်းအထန် စည်းရုံးပြီး မဲဆွယ်ရာ ရွေးကောက်ပွဲမှာ သူ အနိုင်ရရှိခဲ့လေတော့တယ်။ ဒါပေမဲ့ နောက်တစ်ပတ်ကျတော့ သူ ပြန်ရှုံးသွားလေခဲ့ပါတော့တယ်။ ဒီမိုကရေစီရဲ့ သဘောပါ။

ဒီလိုနဲ့ သူဟာ အစိုးရရှေ့နေ လုပ်နေစဉ် မက္ကင်လေဟာ ၁၈၇၁ ခုနှစ်၊ ဇန်နဝါရီ ၂၅ ရက်နေ့မှာ ကန်တုန်မြို့မှာပဲ ဘဏ်လုပ်ငန်းရှင်ကြီးတစ်ဦးရဲ့ သမီးဖြစ်သူ မျက်လုံးပြာပြာ၊ ရုပ်ရည်ချောချော အိုင်ဒါဆက်က်စ်တန်ဆိုတဲ့ သူကလေးနဲ့ လက်ထပ်လိုက်ခဲ့ပါတယ်။

သူတို့မှာ သမီးကလေးနှစ်ယောက် ရရှိခဲ့ပေမဲ့လဲ ကြေကွဲဆို့နင့်စရာ တစ်ဖန် ဖြစ်ခဲ့ရပြန်ပါတယ်။ ဘာကြောင့်ဆို သမီးတစ်ယောက်ဟာ နို့စို့အရွယ်မှာပဲ ဆုံးပါးသွားခဲ့ရပါတယ်။

ကျန်တစ်ယောက်ဟာလဲ လေးနှစ်အရွယ်မှာပဲ ထပ်မံဆုံးပါးသွားခဲ့ပြန်လေတော့တယ်။ အဲဒီအချိန်ကစပြီး ဇနီးဖြစ်သူမှာ လုံးလုံးလျားလျား လူမမာ ဖြစ်ခဲ့ရပါတော့တယ်။

လူမမာ ဇနီးအပေါ် ကြင်နာယုယခဲ့မှုတို့ဟာ မက္ကင်လေရဲ့ နိုင်ငံရေးဘဝမှာ ရောင်ပြန်ဟပ်တာ ခံခဲ့ရပါတော့တယ်။

၁၈၇၆ ခုနှစ်ကျတော့ သူ့ရဲ့ တပ်မှူးဟောင်းဖြစ်ခဲ့သူ ဟေးစ်မှာ သမ္မတဖြစ်လာခဲ့ပါတယ်။

အသက် (၃၃)နှစ်ရှိ မက္ကင်လေလဲ ကွန်ဂရက်အမတ် အရွေးခံ

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရပါလေတော့တယ်။ ဒီနောက်လဲ သူပဲ အကြိမ်ကြိမ် အရွေးခံခဲ့ရပါတော့တယ်။ သူဟာ ၁၅နှစ်ဆက်တိုက် အမတ်ဖြစ်ခဲ့ပါတယ်။ အောက်လွှတ်တော်မှာ လိုအပ်လို့ စကားပြောတဲ့အခါမှာ မက္ကင်လေကို နပိုလီယန်ကိုက်နဲ့ တွေ့ကြရတာတ်ပါတယ်။

သူ့အရပ်က ပုကွကွ၊ မျက်နှာသွင်ပြင်ကလဲ နပိုလီယန်နဲ့ ခပ်ဆင်ဆင်၊ ဒီကြားထဲ အင်္ကျီအိတ်ထဲ လက်တဘက် နှိုက်ထားတတ်တဲ့ အကျင့်ကလဲ တူနေတတ်လို့လဲ ပြောတတ်ကြပါတယ်။

မက္ကင်လေ ပထမဆုံး ကွန်ဂရက်အမတ်အဖြစ် တက်ရောက်တဲ့ အစည်းအဝေးမှာ သမ္မတပေါးစ်ရဲ့ ဗီတိုအာဏာကို ဆန့်ကျင်ပြီး ဒီမိုကရက်အမတ်တို့နဲ့အတူ ဈေးပေါတဲ့ ငွေစက္ကူအစား ငွေဒင်္ဂါးတွေ လွတ်လွတ်လပ်လပ် ထုတ်ပေးရေး ဥပဒေကို တခုတ်တရ မဲပေးခဲ့လေတော့တယ်။

ဒီလိုနဲ့ မက္ကင်လေ တကယ်နာမည်ကြီးလာတာကတော့ စက်မှုလုပ်ငန်းရှင်တွေကို အကာကွယ်ပေးတဲ့ သွင်းကုန်အပေါ် အကောက်ခွန်တိုးပေးရေး ဥပဒေကို ထောက်ခံခဲ့တာကြောင့်သာပဲ ဖြစ်ပါတော့တယ်။

မက္ကင်လေတို့ရဲ့ ဖခင်ဟာ သံထည်ထုတ်လုပ်တဲ့ စက်မှုလုပ်ငန်းရှင်ကလေးဖြစ်တာကြောင့် မက္ကင်လေက သူကလေးဘဝကတည်းက အမေရိကန် စက်မှုလုပ်ငန်းအတွက် အကောက်ခွန်ကို တိုးပြီးတော့ သူတို့ကို အကာအကွယ်ပေးလိုက်တာနဲ့ ဘယ်နည်းဘယ်ပုံ အကျိုးဖြစ်ထွန်းလာမှာကို သိလို့နေခဲ့ပါတယ်။

ဒါကြောင့် ၁၈၉၀ ပြည့်နှစ်မှာ 'မက္ကင်လေ အကောက်ခွန် ဥပဒေ' ကို သူတင်သွင်းခဲ့တာပဲ ဖြစ်ပါတယ်။

ဒါပေမဲ့ အကောက်ခွန် မြှင့်တာနဲ့ ဈေးနှုန်းတွေပါ တက်လေတော့



ရာ ရွေးကောက်ပွဲမှာ မက္ကင်လေ အပါအဝင် ရီပတ်ဘလီကင်တို့တွေ မဲရှုံးခဲ့ကြရလေတော့တယ်။

၁၈၉၁ ခုနှစ်မှာ အိုဟိုင်းယိုးက ရီပတ်ဘလီကင်တွေက သူ့ကို အုပ်ချုပ်ရေးမှူးဟောင်းအဖြစ် ရွေးကောက်ခဲ့တာကြောင့် မက္ကင်လေလဲ (၃)လအတွင်းမှာပဲ တစ်နေ့ကို မဲဆွယ်တရားပွဲပေါင်း အကြိမ်တွေ အမြောက်အမြား ဟောပြောခဲ့ရလေတော့တယ်။ သူဟာ ၈၈ ခရိုင်သို့ထိ ရောက်နိုင်ခဲ့ပါတယ်။

ပြီး‥ အကြိမ်ပေါင်း ၁၃၀ထိ ဟောပြောခဲ့ရပါတယ်။ ဒီအကျိုးအတွက် ရွေးကောက်ပွဲမှာ ၂၁,၀၀၀မဲ အသာနဲ့ သူနိုင်ခဲ့ပါတယ်။ နောက်တစ်ပတ်မှာ မဲ ၈၁,၀၀၀နဲ့ ထပ်မံအရွေးခံခဲ့ရပြန့်လေတော့တယ်။

ဒီလိုနဲ့ ၁၈၉၃ ခုနှစ်၊ စီးပွားရေးကပ်အပျက်မှာ မက္ကင်လေဟာ အလုပ်လက်မဲ့တွေဆီကို သွားရောက်ပြီးတော့ သက်သာချောင်ချိရေးအတွက် စားသောက်ကုန်တွေကို လားအစီးတွေအများအပြားနဲ့ တင်ပို့ကူညီခဲ့ပါတယ်။

သူ့ကိုယ်ပိုင်ငွေ ၂၀,၀၀၀ ကို မိတ်ဆွေတစ်ဦးနဲ့ အလုပ်စပ်တူလုပ်ရာ အရင်းပါ ဆုံးရှုံးသွားပြီးတော့ အကြွေးက ဒေါ်လာတစ်သိန်းတင်ခဲ့ပါတယ်။ ဒါပေမဲ့ သူ့မိတ်ဆွေ သူဌေးကြီးတွေက သူ့အကြွေးကို ဝိုင်းဆပ်ပြီး သူ့အရင်းကိုလဲ ပြန်ထုတ်ပေးခဲ့ကြတာကြောင့်သာ သူ့အတွက် သက်မချနိုင်ခဲ့ရပါတော့တယ်လေ‥‥။

ပြီးတော့ တစ်ဖန် ၁၈၉၂ ခုနှစ်၊ ရီပတ်ဘလီကင် သမ္မတလောင်း ရွေးပွဲမှာပဲ မက္ကကင်လေမှာ အရွေးမခံခဲ့ရပြန်ပါဘူး။ အဲဒီတုန်းက ညီလာခံမှာ ၁၈၂မဲထိ ရရှိခဲ့တဲ့ အစဉ်အလာကောင်းတော့ ရှိခဲ့ပါတယ်။ ဒါကြောင့် မီလျံနာသူဌေးကြီး မတ်စ်ဟန်နာခေါင်းဆောင်တဲ့ မက္ကင်လေရဲ့

www.burmeseclassic.com

www.burmeseclassic.com

စက်မှုလက်မှုလုပ်ငန်းရှင် မိတ်ဆွေတွေက သူ့ကို ၁၈၉၆ ခုနှစ် သမ္မတ ရွေးကောက်ပွဲမှာ ဝင်ရောက် ယှဉ်ပြိုင်စေဖို့ ဆုံးဖြတ်လိုက်ကြလေတော့ တယ်။ မက္ကင်လေကလဲ သဘောတူလိုက်ပါတယ်။

အဲဒီမှာ တစ်မျိုးသားလုံး ထောက်ခံမှု ရရှိစေဖို့ရာ မက္ကင်လေဟာ ပြည်နယ် ၁၇ ခုသို့ အရောက်သွားခဲ့ပါတော့တယ်။

မိုင်တစ်သောင်း ခြေဆန့်ခဲ့ပါတယ်။ သီတင်း(၈)ပတ်အတွင်း တရားပွဲပေါင်း (၄၀၀)ခန့် ကျင်းပပြုလုပ်ခဲ့ပါတယ်။ သူ့ရဲ့မိတ်ဆွေတွေက ငွေကြေးအကူအညီနဲ့ စိတ်ဓာတ် ထောက်ခံမှုတွေကိုလဲ ရရှိခဲ့လေတော့တယ်။

သူဟာ ၁၈၉၆ ခု၊ ဇွန်လ စိန့်လူးဝစ်ပါတီ ညီလာခံမှာ ပထမ တစ်ကြိမ်တည်းနဲ့ပဲ မက္ကင်လေကို သမ္မတလောင်းအဖြစ် ရွေးကောက် လိုက်ကြပါတော့တယ်။

ဒုတိယသမ္မတလောင်းနေရာအတွက် နယူးဂျာစီပြည်နယ်က ဂါရယ်အေဟိုးဘတ်ကို ရွေးချယ်ပေးခဲ့ကြပါတယ်။ သမ္မတမဲဆွယ်ပွဲမှာ မက္ကင်လေက စောစောပိုင်းမှာ အကောက်ခွန်ပြဿနာကို ရှေ့တန်းတင်ပြီး မဲဆွယ်ဟောပြောဖို့ရာ ကြံ့ပါသေးတယ်။

ဒါပေမဲ့ ဒီမိုကရက်တစ် သမ္မတလောင်း အရိုင်ယင်က ငွေဒင်္ဂါး လွှတ်လွှတ်လပ်လပ် ထုတ်ဝေရေးလိုလားသူ ဖြစ်နေတာကြောင့် သူ့အကြောင်းအရာကို ပြောင်းပြောလိုက်ရပါတယ်။

ဒါကြောင့် ငွေဒင်္ဂါးကို လွှတ်လွှတ်လပ်လပ် ထုတ်ဝေရေးအစား ရွှေစံချိန်နဲ့ ရွှေကဲ့သို့ နိုင်မာတဲ့ ငွေစက္ကူဖြစ်ရေးကို ဦးတည်ချက် ပြောင်းပြောလိုက်ပါတယ်။ အဲဒီမှာ သမ္မတလောင်း ကလီဗီလင်းနဲ့ ရှေးရိုးသမား ဒီမိုကရက်တို့ရဲ့ ထောက်ခံမှုကိုပါ မက္ကင်လေ ရရှိလိုက်လေ



တော့တယ်။ မက္ကင်လေရဲ့ နောက်ပိုင်းက သူဌေးကြီး မာ့စ်ဟန်နာနဲ့ မိတ်ဆွေတွေအနေနဲ့ အဲဒီတုန်းစဉ်က သူတို့ မသုံးဘူး ဖြုန်းဘူးသေးတဲ့ မဲဆွယ်ပွဲအတွက် ဒေါ်လာငွေသုံးသန်းကျော်ကို ရှာဖွေဆောင် ထောက်ခံပြီး ရက်ရက်ရောရော ရွေးကောက်ပွဲမှာ အသုံးပြုခဲ့ကြပါသေးတော့တယ်။

ဘဏ်လုပ်ငန်းရှင်တွေနဲ့ ကုန်ကုန်သည်တွေထံကလဲ ငွေကောင်းခွ မယ့် ကုန်သွယ်လုပ်ငန်းတွေကိုလဲ တဘက်က နိုင်သွားခဲ့ရင် ဗဟိုက ချုပ်ကိုင်သွားလိမ့်မယ်လို့ တွေးထင်ပြီး အနိုင်ရန်ပုံငွေ စုဆောင်းနိုင်ခဲ့တာလဲ ပါဝင်ခဲ့ပါတယ်။

ပြီးတော့ အလုပ်သမား၊ လယ်သမားနဲ့ ရှုထဲမှာတော့လဲ မက္ကင်လေရဲ့ လူတွေက တမျိုးတဖုံ တိုးဝင်ပြီး မဲဆွယ်နိုင်ကြပါသေးတယ်။ ဘရိုင်ယင်သာ အရွေးခံရရင် ခင်ဗျားတို့ စက်ရုံ၊ အလုပ်ရုံတွေကို ပိတ်ပစ်လိမ့်မယ်။ မက္ကင်လေသာ အရွေးခံရပါက ကြွေးဆပ်ချိန်လဲ တိုးပေးမယ်၊ အတိုးနှုန်းလဲ လျှော့ပေးမယ်၊ ဒီလို အောက်လမ်းအထက်လမ်း နည်းမျိုးစုံသုံးပြီး စည်းရုံးမဲဆွယ်ခဲ့ကြလေတော့တယ်။ ဒီလိုနဲ့ မဲတွေ ရေတွက်ပြီးစီးတဲ့အခါ မက္ကင်လေပဲ အနိုင်ရရှိခဲ့လေတော့တယ် ဆိုပါတယ်။

စာရင်းမှာကတော့…

| | လူထုမဲ | ကိုယ်စားလှယ်မဲ |
|---|---|---|
| မက္ကင်လေ | ၇,၁၀၂,၂၄၆ | ၂၇၁ |
| ဘရိုင်ယင် | ၆,၄၉၂,၅၅၉ | ၁၇၆ |

မစ္စတာဟန်နာနဲ့ မိတ်ဆွေတွေက သူ့ကို ဖြစ်တဲ့နည်းလမ်း ပေါင်းစုံ တွေနဲ့ အိမ်ဖြူတော်သို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်လို့ ခုတော့ မက္ကင်လေအနေနဲ့ သူ့တို့ကို ကျေးဇူးတုံ့ပြန်ရန်ဖို့ပဲ ရှိတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် အိုဟိုင်းယိုးပြည်နယ်က အသက်ကြီးလူငြိမ်ဖြစ်တဲ့ ဆီးနိတ်အမတ် ၃၂နှစ်ရှားမင်း ၇၃ နှစ်ကို မက္ကင်လေက သူ့ရဲ့ နိုင်ငံခြားရေးဝန်ကြီးအဖြစ် ခန့်အပ်လိုက်ခဲ့ပါတော့တယ်။

လစ်လပ်သွားတဲ့ အဲဒီဆီးနိတ်အမတ်နေရာမှာလဲ သူ့ဌေးကြီးဟန်နာကိုပဲ ခန့်အပ်လိုက်ပါတယ်။ ဒီလောက် ဗိုဗိုရိရိ လုပ်ခဲ့တဲ့ အလုပ်ကို သိသူတွေကလဲ သိကြတော့တယ်။ ဒါကြောင့်ပဲ ဒါဟာ သူက လှည့်ကွက်လုပ်တယ်လို့ ဝေဖန်လေခဲ့ကြပါတယ်။

## အုပ်ချုပ်ရေးဆိုတာ

ဒီလိုနဲ့ ၁၈၉၇ ခု၊ မတ်လ (၄)ရက်နေ့မှာ အိမ်ဖြူတော်မှာ ကျမ်းသစ္စာ ကျိန်ဆိုခဲ့ပါတယ်။ သားဖြစ်သူနဲ့ ခင်ပွန်းဖြစ်သူ သမ္မတဖြစ်တဲ့ အခမ်းအနားသို့ ဇရာထောင်းလူငြိမ်ဖြစ်တဲ့ မိခင်ကြီးနဲ့ နာတာရှည် ဇနီးတို့ပါ တက်ရောက်ခဲ့ကြပါတယ်။

မက္ကင်လေဟာ အခမ်းအနားမှာ မိန့်ခွန်းရှည်ကြီးတစ်ခုကိုလဲ ချွန်းခြွေခဲ့လေသေးတော့တယ်လေ…။

ဒီတုန်းက လည်မြို့ကို ညှစ်ထားခံရဆဲဖြစ်တဲ့ စီးပွားရေးပျက်ကပ် အခြေအနေကို သုံးသပ်ပြခဲ့ပါတယ်။ သူဟာ ‘အခြေအနေကို နေ့ချင်းညချင်း ပြောင်းလဲလို့ ရမှာမဟုတ်ဘူး၊ တဖြည်းဖြည်းချင်း ကိုင်တွယ်သွားရမှာသာ ဖြစ်တယ်၊ အစိုးရအခွန်ငွေတိုးဖို့နဲ့ အကောက်ခွန်တိုးကောက်ဖို့ပြီး အမျိုးသားကြွေးမြီတက်နေတာကို ရပ်ဆိုင်းသွားစေဖို့ရာ နောက်ဆုံးမှာ မက္ကင်လေက ထုတ်ကုန်လုပ်သူတွေကို ကူညီတဲ့ ဥပဒေတွေဟာ အားလုံးအကျိုးရှိဖို့သာပဲဖြစ်တယ်’ လို့ တင်ပြလိုက်ခဲ့လေတော့တယ်။



ကွန်ဂရက်အတွေ့အကြုံကြီးမားတဲ့ မက္ကင်လေဟာ သူပြဋ္ဌာန်းလိုတဲ့ ဥပဒေတွေနဲ့ ပတ်သက်ပြီး ဘယ်နည်းဘယ်ပုံ ကိုင်တွယ်ရမှာကို သူသိပါတယ်။ သူဟာ သူလိုရာကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါကြောင့် သူ့ရဲ့ သမ္မတသက်တမ်းမှာ ဗီတိုအာဏာကို ၁၄ ကြိမ်သာပဲ သုံးစွဲခဲ့ရသူလဲပဲ ဖြစ်ခဲ့ပါတယ်။

အီလီနွိုက်စ်ပြည်နယ်က ဆီးနိတ်အမတ် ရှယ်လ်ဘီကာဘွန်က ‘မက္ကင်လေလောက် ကွန်ဂရက်အပေါ် ဩဇာညောင်းတဲ့ သမ္မတမျိုး ကျွန်တော့်အနေနဲ့ တစ်ယောက်မှ မတွေ့ခဲ့ရသေးပါ’ လို့ မှတ်ချက်ချခဲ့လေတော့တယ်။

ဒီလိုနဲ့ ၁၈၉၇ ခု မတ်လမှာ မက္ကင်လေက ကွန်ဂရက် အထူးအစည်းအဝေးတစ်ရပ် ခေါ်ယူခဲ့ပါတယ်။

ဒီနောက် ဇူလိုင်လမှာ သူ့ပန်ကြားခဲ့တဲ့ အကောက်ခွန် တိုးကောက်ရေး ဥပဒေကို သူပြဋ္ဌာန်းလိုက်နိုင်ခဲ့ပါတယ်။ ဒီဥပဒေကြောင့်လေလား…၊ စီးပွားရေးလမ်းကြောင်း ပြန်လည်မှန်ကန်လာလို့လေလားတော့ မသိပါဘူး။ စီးပွားရေး အခြေအနေမှာ ပြန်ပြီး ကောင်းမွန်လာခဲ့လေတော့တယ် ဆိုပါတယ်။

သူ့နိုင်ငံသူ့နိုင်ငံသားတွေရဲ့ အာရုံမှာ စီးပွားရေး အရေးအခင်းဘက်ကနေ ကျူးဘားကျွန်းရဲ့ အရေးအခင်းဘက်သို့ ရောက်ရှိလာကြပြန်ပါတော့တယ်။ ၁၈၉၅ ခုနှစ်မှာ ကျူးဘားကျွန်းပေါ်မှာ စပိန်အုပ်စိုးမှုကို ဖြုတ်ချတဲ့ တော်လှန်ရေးတစ်ရပ် ဖြစ်ပေါ်လာခဲ့ပါတယ်။ ဒီအရေးတော်ပုံမှာ အမေရိကန်နဲ့ မပတ်သက်တာ သိသာထင်ရှားစေဖို့ရာ မက္ကင်လေက အလိမ္မာနဲ့ ရှောင်ရှားနိုင်ခဲ့ပါတယ်။

ဒါပေမဲ့ မက္ကင်လေဟာ တကယ်က ကျူးဘားကျွန်းတွေကို စာမှာ

www.burmeseclassic.com

www.burmeseclassic.com



ထောက်ထားခဲ့ပါတယ်။ ဒါကြောင့် သတိကြီးကြီး ထားပြီး ချဉ်းကပ်ကြည့်ခဲ့ပါတယ်။

၁၈၉၇ ခုနှစ် မေလသို့ ရောက်တော့ မက္ကင်လေက ကျူးဘားကျွန်းပေါ်က အမေရိကန်တွေအတွက် သက်သာချောင်ချိရေး အကြောင်းပြချက်နဲ့ ဒေါ်လာ ၅၀,၀၀၀ ကွန်ဂရက်သို့ တောင်းခံခဲ့ပါတယ်။

အဲဒီအချိန်မှာ စီးပွားပြိုင်ဘက်ဖြစ်တဲ့ သတင်းစာ နှစ်စောင်က ကျူးဘားကျွန်း အရေးအခင်းကို အသုံးချခဲ့ကြပြန်ပါတော့တယ်။

သူတို့မှာ နယူးယောက် သတင်းစာထုတ်ဝေတဲ့ ဝီလျံရင်ဒေါ့လ်ဖ် ဟာ့စ်တ်နဲ့ ဂျိုးဇက်ပူလစ်ဇာတို့ပဲ ဖြစ်ကြပါတယ်။

သူတို့ရဲ့ သတင်းထောက်တွေကို ကျူးဘားကျွန်းသို့ သွားရောက်စေခဲ့ပြီးတော့ စပိန်တို့ရဲ့ ရက်စက်မှုတွေကို တခမ်းတနား ရေးသားစေခဲ့ကြပါတယ်။

တချိန်တည်းမှာပဲ ဩဇာတိက္ကမရှိတဲ့ နိုင်ငံရေးခေါင်းဆောင်တွေကလဲ သမ္မတ ပုတ်ခ်လက်ထက်က နယ်မြေချဲ့ထွင်ရေးစိတ်ဓာတ်ကို လှုံ့ဆော်ခဲ့ကြပြန်ပါတော့တယ်။

သူတို့က ဒီအရေးအခင်းဟာ အမေရိကန်ရဲ့ လက်ရှိနယ်နိမိတ်တွေကို တိုးချဲ့ဖို့ ဖန်တီးလာတဲ့ ကံကြမ္မာလို့ ယူဆထားခဲ့ကြပါတယ်။ မက္ကင်လေကတော့ ကျူးဘားနဲ့ စပိန်ကြား ဝင်ရောက်ဖြန်ဖြေနေရာက ပါဝင်ရောက်စွက်ဖက်ဖို့ဆီကို မျှော်လင့်ခဲ့ကြပါတယ်။

အဲဒီလိုနဲ့ ကျူးဘားအရေးအခင်းနဲ့ ပတ်သက်ပြီး ဘာလုပ်မလဲ၊ ဘာလုပ်သင့်သလဲ ချီတုံချတုံ ဖြစ်နေချိန်မှာ အမေရိကန်တို့တွေ ပါဝင်ပတ်သက်ဖို့ရာ အချက်နှစ်ချက်က တွန်းပို့ပေးလိုက်ခဲ့ပါတော့တယ်။



၁၈၉၈ ခု၊ ဖေဖော်ဝါရီလ (၉)ရက်နေ့မှာ ဟာ့စ်တ်ရဲ့ ဂျာနယ်မှာ ဝါရှင်တန်က စပိန်သံအမတ်က သူ့မိတ်ဆွေတစ်ယောက်ဆီကို လျှို့ဝှက်ပေးလိုက်တဲ့ စာကို ဖော်ပြလိုက်ခဲ့တာပဲ ဖြစ်ပါတော့တယ်။ စာမှာတော့···

'မက္ကင်လေဆိုတာဟာ အားနည်းသူပဲ ဖြစ်တယ်။ လူတွေရဲ့ ချီးမွမ်းတာနဲ့ ဟောပနာပြုတာကိုသာ တောင်းခံနေသူဖြစ်တယ်။ နိုင်ငံရေးသမား ပီသသူ မဟုတ်ဘူး။ သူ့ပါတီက ပြင်းထန်မာကျောသူတွေနဲ့ အပေးအယူ လုပ်ထားသူလဲ ဖြစ်တယ်' လို့ ပါရှိခဲ့ပါတယ်။

နောက်ထပ် တစ်ပတ်အကြာ ဖေဖော်ဝါရီလ (၁၅)ရက်နေ့မှာ ဟားဗားနားဆိပ်ကမ်းကို ဆိုက်ကပ်တဲ့ အမေရိကန် စစ်သင်္ဘောကြီးဟာ ထူးထူးဆန်းဆန်း ပေါက်ကွဲနစ်မြုပ်တာ ခံလိုက်ရပါတော့တယ်။ သင်္ဘောသားအားလုံးလိုလိုပဲ သေဆုံးကြရပါတော့တယ်။

ဒါဟာ အမေရိကန်တဝှမ်းကို ပြင်းပြင်းထန်ထန် ဂယက်ရိုက်ခတ်သွားတော့တယ်။ ပေါက်ကွဲမှုအတွက် ကော်မရှင်ဖွဲ့ စုံစမ်းဖို့ စီစဉ်နေခိုက်မှာ မက္ကင်လေက ကွန်ဂရက်ကို ကာကွယ်ရေးစရိတ် ဒေါ်လာ ၅၅သန်း တောင်းခံလိုက်ပါတယ်။ ဥပဒေကြမ်းဟာ မတ်လ (၉)ရက်နေ့မှာ အလျှင်အမြန် အတည်ဖြစ်လာခဲ့ပါတော့တယ်။

လက်ရှိအခြေအနေမှာ တိုင်းပြည်က စစ်ရေးကို တောင်းဆိုနေလေတော့ရာ သမ္မတ မက္ကင်လေမှာ ရှောင်လွှဲဖို့ ခက်ခဲနေတော့တယ်။

ဒါကြောင့် အဖြစ်အပျက်နောက်ကို သူ့ခမျာမှာ လိုက်ရရှာပါလေတော့တယ်။ အဲဒီအချိန်မှာ စပိန်က ကျူးဘားကို တိုက်ခိုက်မှုကို ရပ်ပြီး ကျူးဘားကို ကိုယ်ပိုင်အုပ်ချုပ်ရေးပေးဖို့ရာ အသင့်ရှိနေပြီဖြစ်တာကို စပိန်က အမေရိကန်သံအမတ်က ဧပြီလ (၁၀)ရက်နေ့ရဲ့ အကြောင်းကြားခဲ့ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ မက္ကင်လေဟာ ပြည်သူကို မလွန်ဆန်နိုင်တော့ဘဲ ဧပြီလ (၁၁)ရက်နေ့မှာ ကျူးဘားကို ဝင်ရောက်စွက်ဖက်ဖို့ရာ ကြည်းတပ်၊ ရေတပ် သုံးစွဲခွင့်အာဏာကို ကွန်ဂရက်သို့ တောင်းခံလိုက်ပါတော့တယ်။ ကွန်ဂရက်ကလဲ (၉)ရက်အကြာမှာ ခွင့်ပြုလိုက်ပါတော့တယ်။

ဒါပေမဲ့ ကျူးဘားကျွန်း သိမ်းပိုက်တာကို တစ်စုံတစ်ရာ တားမြစ်ချက်၊ ပြင်ဆင်ချက်နဲ့ ခွင့်ပြုခဲ့တာသာ ဖြစ်ပါတယ်။ တဆက်တည်း မှာပဲ မက္ကင်လေဟာ စပိန်ကိုလဲ ဧပြီ (၂၅)ရက်နေ့မှာ စစ်ကြေညာ လိုက်ပါတော့တယ်။

တကယ်တော့ စပိန်၊ အမေရိကန်စစ်ပွဲဟာ လေးလတောင် မကြာ ခဲ့ပါဘူး။ မေလတစ်ရက်နေ့မှာ ရေကြောင်းဗိုလ်ချုပ်ကြီး ဂျော့ဂျ်ဒီးဝီးဟာ စပိန်ရေတပ်တစ်တပ်ကို မနီလာဆိပ်ကမ်းမှာ ဖျက်ဆီးပစ်လိုက်ခဲ့ပါတယ်။

ဇွန်လ (၁၀)ရက်နေ့ကျတော့ အမေရိကန် မရိန်းတပ်ဟာ ကျူးဘားအရှေ့ဘက်ကမ်းခြေက ဂွာတာနာမိ ပင်လယ်အော်ဆီ ဝင်ရောက် သွားခဲ့ပါတော့တယ်။

ဇူလိုင် (၃)ရက်နေ့မှာတော့ စန်တီယာဂိုမှာ စပိန်ရဲ့ ကယ်ရီဘီယံ ရေတပ်ကို ချေမှုန်းလိုက်နိုင်ခဲ့ပါတော့တယ်။

ဇူလိုင် (၂၅)ရက်နေ့မှာ ပွာတိုရီကိုနိုင်ငံကို အမေရိကန်ကြည်းတပ်က ဝင်ရောက်တိုက်ခိုက်ခဲ့ပါတယ်။ ဩဂုတ်လ (၁၅)ရက်နေ့ ရောက်တော့ ဖိလစ်ပိုင်ဟာ ခြွင်းချက်မရှိ လက်နက်ချလိုက်ပါတယ်။ အဲဒီမှာ စပိန်၊ အမေရိကန် စစ်ပွဲကြီး ပြီးဆုံးသွားလေခဲ့တော့တယ်။

စစ်ပွဲပြီးလို့ စာရင်းချုပ်လိုက်တော့ အမေရိကန် ရေတပ်နဲ့ ကြည်းတပ်က တပ်သားပေါင်း ၁၉၄၁ ယောက်ထိ ဒဏ်ရာအနာတရ



ဖြစ်ခဲ့ရပါတယ်။ ၂၈၈ယောက် ကျဆုံးခဲ့ရပါတယ်။ ရောဂါကြောင့် တပ်သား ၅၀၀၀မှာ သပ်သပ် သေဆုံးခဲ့ကြရပါတယ်။

ပြီး ၁၈၉၈ ခုနှစ်၊ ဒီဇင်ဘာလမှာပဲ မက္ကင်လေက ကွန်ဂရက်ကို ဒုတိယနှစ်ပတ်လည် သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့ပါတယ်။ စစ်အတွက် ဆင့်ခေါ်ခဲ့တဲ့ တပ်ဖွဲ့အားလုံး ဖျက်သိမ်းခဲ့ပြီးဖြစ်တာ၊ ကျူးဘား၊ ပွာတိုရီကို၊ ဖိလစ်ပိုင်နိုင်ငံ ၃ုမှာ အမေရိကန်အလံကို လွှင့်ထူထားပြီး ဖြစ်ခဲ့တာတွေ အစီရင် ခံထားလေခဲ့ပါတော့တယ်။

တစ်ဖန် ၁၈၉၈ ခု၊ ဇူလိုင်လ (၇)ရက်နေ့မှာတော့ ဟာဝိုင်ယီကျွန်း ကို သိမ်းပိုက်လိုက်တဲ့ ကွန်ဂရက် ဆုံးဖြတ်ချက်ကို မက္ကင်လေက အတည် ပြုလိုက်ပါတယ်။ တကယ်တော့ အမေရိကန် အင်ပါယာသစ်ရဲ့တွင်ရေး မှာ လှုပ်ရှားပေးခဲ့ပေမယ့်လဲ ထိန်းချုပ်ထားရန်မှာတော့ ခက်ခဲလှပါတယ်။

ဖိလစ်ပိုင်ဟာ အမေရိကန် အုပ်စိုးမှုကို တော်လှန်ပုန်ကန်ခဲ့ရာ တိုက်ပွဲမှာ ထင်တာထက် ပိုမိုကြာရှည်ခဲ့ရပါတော့တယ်။

ခုတော့ မက္ကင်လေဟာ နိုင်မာတဲ့ငွေစက္ကူ သမားလို့ ကြွေးကြော် ထားတာဟာ ပီပြင်သွားခဲ့ပြီလဲ ဖြစ်ပါတယ်။ ရွှေကို နိုင်ငံရဲ့ ငွေကြေး စနစ်အခြေခံအဖြစ် သတ်မှတ်ပြီး ရွှေနဲ့ ငွေပြဿနာကို ဖြေရှင်းဖို့ရာ ကွန်ဂရက်ကို မက္ကင်လေက ထပ်ခါတလဲလဲ တိုက်တွန်းနေလေခဲ့ပါတယ်၊

ဒါကြောင့် ကွန်ဂရက်က ၁၉၀၀ ပြည့်နှစ် ရွှေစံချိန်အက်ဥပဒေက် ပြဋ္ဌာန်းပေးခဲ့လေတော့တယ်။

တစ်ဖန် တရုတ်ပြည်မှာ ၁၉၀၀ ပြည့်နှစ်မှာ နိုင်ငံခြားသား ဆန့်ကျင်ရေး ဘောက်ဆာခေါ် လျှို့ဝှက်တော်လှန်ရေးတစ်ရပ် ဖြစ်ပွားပ ခဲ့တယ်။ မက္ကင်လေက အခြား ခုနစ်နိုင်ငံနဲ့အတူ အပြည်ပြည်ဆိုင်ရ

www.burmeseclassic.com

www.burmeseclassic.com



ကယ်ဆယ်ရေး တပ်ဖွဲ့မှာ ပါဝင်ဖို့ရာ အမေရိကန် မရိန်းတပ်ကို အမိန့်ပေး စေလွှတ်လိုက်ပါတယ်။ ဒီတပ်ဖွဲ့ဟာ ဩဂုတ်လထဲမှာ တရုတ်ပြည်ကို သိမ်းပိုက်နိုင်ခဲ့ပါတယ်။

တစ်ဆက်တည်းမှာပဲ တရုတ်အစိုးရကို အရေးတော်ပုံမှာ ပါဝင်တဲ့ နိုင်ငံခုနစ်နိုင်ငံကို စစ်လျော်ကြေးငွေပေးဖို့ရာ အကြပ်ကိုင်ခဲ့ပါတယ်။ ခုတော့ အမေရိကန်အစိုးရဟာ သူရရှိတဲ့ ဝေစုကို မယူဘဲ အမေရိကန်က တက္ကသိုလ်တွေမှာ တရုတ်ကျောင်းသားတွေ ပညာသင်စရိတ်အဖြစ် သုံးစွဲဖို့ရာ လွှဲပြောင်းပေးလိုက်ပါတယ်။

၁၉၀၀ ပြည့်နှစ် ဇွန်လမှာ ကျင်းပတဲ့ ဖီလာဒဲလ်ဖီယား ရီပတ်ဘလီကင် ပါတီညီလာခံကြီးက မက္ကင်လေကို ဒုတိယအကြိမ် သမ္မတလောင်းအဖြစ် တညီတညွတ်တည်းနဲ့ပဲ ထပ်မံရွေးချယ်လိုက်ကြပါတော့တယ်။

ဒုတိယသမ္မတကိုတော့ နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး သီအိုဒိုရုစဗဲ့ကို ရွေးကောက်လိုက်ကြပါတယ်။ ဒီမိုကရက်တစ်ပါတီက ဘရိုင်ယင်ကိုပဲ သမ္မတလောင်းအဖြစ် ရွေးကောက်ခဲ့ကြပါတယ်။ ဒုတိယ သမ္မတလောင်းကတော့ ဘက်ဒလေအီးစတီဗင်ဆင်ပဲ ဖြစ်ပါတယ်။

ဒီမိုကရက်တို့ဘက်က အကောက်ခွန်ကြီးမြင့်တာ၊ ငွေဒင်္ဂါး လွတ်လွတ်လပ်လပ် ထုတ်လုပ်မှုနဲ့ အခြားပြဿနာတွေကို ရှေ့တန်းတင်ပြီး မဲဆွယ်ခဲ့ကြပါတယ်။ မက္ကင်လေရဲ့ အုပ်ချုပ်ရေးကိုလဲ လုပ်ငန်းရှင်ကြီးတွေရဲ့ လက်ကိုင်တုတ်လို့ ပုတ်ခတ်ရှုံးချခဲ့ကြပါတယ်။ ပြီး... ဖိလစ်ပိုင် မငြိမ်သက်မှုကို စစ်တပ်သုံးပြီး နှိမ်တဲ့အတွက်လဲ မက္ကင်လေကို နယ်ချဲ့ ကိုလိုနီလက်သစ်လို့ ရှုတ်ချခဲ့ကြပါသေးတယ်။



ဒီလိုနဲ့ ဒီမိုကရက်တွေ ဘယ်လိုပဲပြောပြော မက္ကင်လေဟာ သူသေချာပေါက် နိုင်မယ်လို့ ယုံကြည်ထားတာကြောင့်ပဲ မဲဆွယ်ပွဲ တလျှောက်လုံးကို သူ့ရဲ့ ကန်တုန်နေအိမ်မှာပဲ အေးအေးဆေးဆေးနဲ့ ပြန်နေထိုင်ခဲ့ပါတယ်။ ပြီး... သူယုံကြည်တဲ့အတိုင်းပဲပါ။ မက္ကင်လေဟာ ဒုတိယအကြိမ် သမ္မတလောင်း'ရွေးကောက်ပွဲမှာလဲ ထပ်မံ အနိုင်ရခဲ့ပြန်ပါလေတော့တယ်လေ...။

| | လူထုမဲ | ကိုယ်စားလှယ်မဲ |
|---|---|---|
| * မက္ကင်လေ | ၇၂၁၈၄၉၁ | ၂၉၂ |
| * ဘရိုင်ယင် | ၆၃၅၆၇၃၄ | ၁၅၅ |

မက္ကင်လေဟာ ဒုတိယအကြိမ်မှာ ကိုယ်စားလှယ်မဲရော လူထုမဲပါ ပိုပြီး ရရှိခဲ့ပါသေးတော့တယ်လေ...။

၁၉၀၁ ခုနှစ်၊ ဧပြီလ (၂၉)ရက်နေ့ရဲ့ သီတင်း(၆)ပတ်မြောက်မှာ ပြည်တွင်းခရီးကို စတင်မို့ ဝါရှင်တန်က မက္ကင်လေ စတင်ထွက်ခွာလာခဲ့ပါတယ်။ ကာလီဖိုးနီးယားအရောက် နာတာရှည် ဖနီးဖြစ်သူက အထူးနေထိုင်မကောင်း ဖြစ်လာတာကြောင့် သူ ကန်တုန်သို့ တစ်နေ့လုံး ပြန်နေထိုင်ဖို့ ဆုံးဖြတ်မိခဲ့ပါတယ်။

ဒီနောက် စက်တင်ဘာ (၅)ရက်နေ့မှာ နယူးယောက် ဘူဖာလိုမှာ ကျင်းပတဲ့ အမေရိကန်နိုင်ငံလုံးဆိုင်ရာ ပြပွဲမှာ မိန့်ခွန်းပြောဖို့ရာ ရှိနေတာကြောင့် ကန်တုန်က သူ ထွက်ခွာခဲ့ပါတယ်။

မက္ကင်လေဟာ သတ္တဝါတို့ရဲ့ ထုံးစံအတိုင်း သူ့ရဲ့ ကံကြမ္မာကို မသိရှိနိုင်ကြရှာတာကြောင့် သူ့ရဲ့ နောက်ဆုံးမိန့်ခွန်း ဖြစ်လာမယ်

www.burmeseclassic.com

www.burmeseclassic.com



အဲဒီမိန့်ခွန်းကို ကန်တုန်မှာ အချိန်ကြာကြာကြီး ယူပြီး ရေးသားခဲ့ပါတယ်။

အဲဒီမိန့်ခွန်းဟာ ကမ္ဘာမှာ အမေရိကန်တို့ရဲ့ ကြီးထွားလာနေခဲ့တဲ့ အရေးပါမှုကို သူက ကြိုတင်လဲ နိမိတ်ဖတ်ထားတော့တာ ဖြစ်ခဲ့ပါတယ်။ ဒီလိုပါ…။

'အထီးကျန်နေတာဟာ တာရှည်တာများ မဖြစ်နိုင်တော့ပါဘူး။ ဒါမျိုး မလိုလားအပ်တော့ဘူး။ ကျွန်တော်တို့ ထုတ်လုပ်ခဲ့တဲ့ ပမာဏဟာ သိပ်ကို ကြီးကြီးမားမား တိုးတက်ဖြစ်ထွန်းနေခဲ့ပါပြီ…။ ကျွန်တော်တို့ရဲ့ ကုန်စည်တွေဟာ သိပ်ကို ကြာခဲ့ပါပြီ။ ဒါကြောင့် ဈေးကွက်တွေ ပိုမို ရရှိရေး ပြဿနာကို ကျွန်တော်တို့ အရေးတကြီးနဲ့ အမြန်ဆုံး အာရုံပြုဖို့ လိုအပ်လာခဲ့ပါတယ်။ ကျယ်ပြန့်ပြီး အမြင်ရှင်းတဲ့ မူဝါဒတစ်ရပ်ကသာပဲ ကျွန်တော်တို့ ပိုင်ဆိုင်သမျှကို ထိန်းသိမ်း ထားနိုင်ခဲ့တော့မှာလဲပဲ ဖြစ်ပါတော့တယ်' လို့ မက္ကင်လေက ဖော်ပြထားခဲ့ပါတယ်။

အထက်ပါ မိန့်ခွန်းကို ပြောဆိုပြီးတဲ့ နောက်တစ်နေ့ဖြစ်တဲ့ ၁၉၀၁ ခု၊ စက်တင်ဘာလ (၆)ရက်နေ့မှာ ပြပွဲရဲ့ တေးဂီတစင်မြင့်ပေါ်မှာ သူ နှုတ်ဆက်လို့ နေခဲ့ပါတယ်။ အဲဒီအချိန်မှာပဲ လက်ကိုင်ပဝါနဲ့ ညာဘက်ကို အုပ်ထားသူ တစ်ယောက်လဲ ချဉ်းကပ်ရောက်ရှိလို့ လာခဲ့ပါတယ်။ မက္ကင်လေက ထိုသူကို လက်ဆွဲနှုတ်ဆက်ဖို့ရာ လက်ကမ်းပေးလိုက်စဉ်မှာပဲ လက်ကိုင်ပဝါအောက်မှာ အသင့်ဖုံးအုပ်ထားတဲ့ ပစ္စတိုသေနတ်နဲ့ မက္ကင်လေကို အနီးကပ်ပြီး နှစ်ချက်ပစ်လိုက်လေတော့တယ်။

သွေးချင်းချင်း နီးသွားတဲ့ မက္ကင်လေကို ကုလားထိုင်ပေါ်မှာ နေရာချထားပေးလိုက်ကြပါတယ်။ အဲဒီမှာပဲ မက္ကင်လေက သူ့အတွင်းရေးမှူးကို



'သူ့ဇနီးဖြစ်သူကို အသိပေးဖို့ လူသတ်သမားကိုလဲ မနာကျင်ပါစေနဲ့' လို့ သတိပေးပြီးတော့ ဟန့်တားလိုက်ခဲ့ပါလေတော့တယ်။

အံ့ဖွယ်စိတ်ဓာတ်ပါလေ…။

ဒီနောက် မက္ကင်လေကို သီးသန့်အိမ်တစ်လုံးသို့ ရွှေ့ပြောင်းကုသရာ ရက်အနည်းငယ်အကြာမှာတော့ သက်သာသလိုလို ရှိလာခဲ့ပါတယ်။ ဒါပေမဲ့ စက်တင်ဘာလ ၁၄ရက်နေ့နံနက်မှာ အခြေအနေ ပြန်ဆိုးလာခဲ့ပါတယ်။ မက္ကင်လေက သူ့မသေဆုံးမီကလေးမှာပဲ အားလုံးကို နှုတ်ဆက် သွားကြောင်း၊ ဘုရားသခင် အလိုတော်အတိုင်းသာ ဖြစ်ရမယ်လို့ နော ်ဆုံး ပြောကြားသွားခဲ့ရှာပါတော့တယ်။

သူ့ကိုသတ်တဲ့ လူသတ်သမားမှာ စိတ်မနှံ့တဲ့ လီယွန်အက်ဖ်ကဇော်လ်ဂေါ့ဇ်ဆိုသူ သူငယ်တစ်ယောက်ပဲ ဖြစ်ပါတယ်။

ထိုသူဟာ အုပ်စိုးသူတစ်ဦးကို သတ်ဖြတ်လိုတာကြောင့် ယခုကဲ့သို့ သမ္မတကြီးကို ပစ်ခတ်ရတယ်လို့ တရားရုံးမှာ ထွက်ဆိုသွားခဲ့ပါတယ်။ တရားခံလူသတ်သမားကို လျှပ်စစ်ကုလားထိုင်မှာ ထိုင်စေပြီး သေဒဏ်စီရင်ခဲ့ပါတယ်။

ဒါဟာ တတိယအကြိမ်မြောက် အမေရိကန် တိုင်းသူပြည်သားတို့မှာ ကြေကွဲဝမ်းနည်းကြတာပဲ ဖြစ်ပါတယ်။

သူ့အလောင်းကို မီးရထားနဲ့ ဝါရှင်တန်သို့ သယ်ဆောင်လာခဲ့ကြပါတယ်။ လမ်းတစ်လျှောက်မှာ လူသန်းချီပြီး ဂါရဝပြုကြပါတယ်။ ဝါရှင်တန်မှာ နိုင်ငံတော် ဈာပနအခမ်းအနား ကျင်းပပြီးမှ သူ့ဇာတိမြေ ကန်တုန်မှာ တစ်ဖန် သင်္ဂြိုဟ်ခဲ့ကြပါလေတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



သူဟာ မီးကို မမွှေးခဲ့ပါ။ မီးကို အေးငြိမ်းစေခဲ့ပါတယ်။ ငြိမ်းချမ်းရေးဟာ အရာအားလုံးအနက် အကျိုးအရှိဆုံး အရာပဲ ဖြစ်တယ်ဆိုတာပါ။

လူတစ်ယောက်ကို ဒုက္ခပေးဖို့က လွယ်လှတယ်။ လူတစ်ယောက်ကို ကောင်းကျိုးပြုဖို့က ခက်လှတယ်။ လွယ်တာကို အလွယ်မလုပ်ပါဘဲ ခက်တာကို ဇွဲနပဲနဲ့ လုပ်ဆောင်ကြဖို့ပါလေ...။

စိတ်ဆွေးစိတ်ယုတ် အဟောင်းအမြင်း အပုပ်အပွဘဝတ သစ်လွင်နိုးထကြဖို့ရာပါလေ။

**'မြစ်ရေတသွင်သွင် စီးဆင်းနေသကဲ့သို့ လူ့ဘဝဟာလဲ အစဉ်ရွေ့လျားလှုပ်ရှားနေသင့်ပါတယ်'**

***(ရွှန်အားရှာဒီစ်)***

**** **** ****

# ၉။ ရွှေသွားခေါင်းဆောင်

'အောင်မြင်သူတွေဟာ အပြုသဘောဆောင်တဲ့ သဘောထား စေဖြာလို့ နေပါတယ်။

အဲဒီသဘောထားဟာ သူတပါးတွေကို သူတို့ရဲ့ အိပ်မက်အတိုင်း ဖြစ်မြောက်စေဖို့ရာ ကြိုးပမ်းလိုတဲ့ ဆန္ဒကို ပွားများစေကြပါတယ်'

***(ဆူးဇန်း-ချားဗင်း)***

မိမိတို့ရဲ့ မြန်မာတော်လှန်ရေးအတိတ်လမ်းကြောင်းဟာ ရှည်လျားခဲ့ပြီ ဖြစ်ပါတယ်။

ဒီကနေ့ကနေ ပြီးခဲ့တဲ့အတိတ်လမ်းကြောင်းကို မျှော်ကြည့်လိုက်ရင်လဲ သိပ်ကို ရှည်လျားလှတဲ့ တော်လှန်ရေးခရီးရှည်ကြီးပဲ ဖြစ်ပါတယ်။

တစ်ချိန်က ဆင်နွှဲခဲ့ပြီးတဲ့ ဖက်ဆစ်တော်လှန်ရေးတောင်မှ ကြာခဲ့ပြီပဲ ဖြစ်ပါတယ်။

မြန်မာသမိုင်းတစ်လျှောက်မှာ ဒီထက်စောတဲ့ တော်လှန်ရေးတွေလဲ အများအပြားရှိခဲ့ကြပါတယ် ဆိုတာပါ။

တစ်ခါက အရင်းရှင်နယ်ချဲ့တို့ မြန်မာနိုင်ငံကို အုပ်စိုးစဉ်မှာ နယ်ချဲ့ကျွန်ဘဝက လွတ်မြောက်ဖို့ရာအတွက် ကြိုးစားခဲ့ကြရတဲ့ တော်လှန်ရေး အမျိုးမျိုးတွေ ပေါ်ပေါက်ခဲ့ပါတယ်။

အဲဒီမှာ အလုပ်သမား၊ ပြီး လယ်သမား၊ ပြီးတော့ ကျောင်းသားနဲ့ ရဟန်းသံဃာတော်တွေနဲ့အတူ တိုင်းရင်းသားအားလုံးတို့ဟာ တော်လှန်ရေးမှာ



www.burmeseclassic.com

www.burmeseclassic.com



ပါဝင်ခဲ့ကြပါတယ်။ ဒီ့ထက်စောတဲ့ ပဒေသရာဇ်စနစ်ခေတ် အာဏာရှင်စနစ်တွေနဲ့ အုပ်စိုးခဲ့တဲ့ ခေတ်အဆက်ဆက်မှာလဲ တော်လှန်ရေးဟာ အမြဲပဲ ပေါ်ပေါက်နေခဲ့တာပဲ ဖြစ်ပါတယ်။

ဒီလိုစနစ်တစ်ခု လုပ်ရပ်တစ်ခုဟာ အများပြည်သူတွေရဲ့ အကျိုးကို မဖြစ်ထွန်းစေနိုင်ပါက ဖယ်ရှားကြရတာပဲ ဖြစ်ပါတယ်။

အများအကျိုးနဲ့ ဆန့်ကျင်ပါက ဒီအမှားကို ဖယ်ရှားကြရမြဲပဲ ဖြစ်ပါတယ်။

ဒီလို မှားယွင်းတဲ့စနစ် မှားယွင်းတဲ့ လုပ်ရပ်ကို လက်မခံဘဲ အများပြည်သူကလဲ တွန်းလှန်ရမြဲပဲ ဖြစ်ပါတယ်။

ဒီသဘောတရားအရပဲ ဖြစ်ပါတယ်။ မြန်မာ့သမိုင်းတလျှောက်မှာ တော်လှန်ရေးတွေဟာ အစဉ်အမြဲ ပေါ်ပေါက်နေလာခဲ့တာပဲ ဖြစ်ပါတယ်။

ဒီလို ဖြစ်ပေါ်ခဲ့မှုမှာ ပြည်သူလူထုချည်းသာမကပါဘူး။ မိမိတို့ ကိုးကွယ်နေတဲ့ သာသနာ့ဝန်ထမ်း ရဟန်းတော်တွေလဲ ပါဝင်ခဲ့ကြပါတယ် ဆိုပါတယ်။ ဒီလိုနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်းခုနစ်ရာကျော်သောက်က ပုဂံခေတ်မှာပဲ ဖြစ်ပါတယ်။

နရသူမင်းလက်ထက်မှာ ပုံသကူမထေရ်ဆိုတဲ့ ရဟန်းတော်တစ်ပါး ရှိခဲ့ပါတယ်။ အဲဒီရဟန်းဟာ လုပ်သင့်တဲ့ တော်လှန်ရေးတစ်ရပ်ကို ဆင်နွှဲခဲ့တယ် ဆိုတာပါ..။

ဒီလိုနဲ့ သက္ကရာဇ် ၅၁၉ ခုနှစ်မှာ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းကြီး နတ်ရွာစံခဲ့ပါတယ်။



အဲဒီမင်းမှာ သားတော်နှစ်ပါး ရှိခဲ့ပါတယ်။ မင်းရှင်စောနဲ့ နရသူ ဖြစ်ပါတယ်။ မင်းရှင်စောမှာ သားကြီးဖြစ်ပြီးတော့ နန်းမွေဆက်ခံဖို့ရာ ဖြစ်ပါတယ်။

ဒါပေမဲ့ သူဟာ ဖခမည်းတော် အလောင်းစည်သူရဲ့ အလိုမကျခဲ့မှု ကြောင့် ထွန်တုံးမှတက်အရပ်ကို သွားရောက်ပြီး နေထိုင်လို့ နေခဲ့ရပါတယ်။

အလောင်းစည်သူမင်းကြီး နတ်ရွာစံတော့ မင်းရှင်စောက နောက်လိုက်ဗိုလ်ပါ ခြွေရံသင်းပင်းတွေနဲ့တကွ ပုဂံသို့ ချီတက်ဖို့ရာ စီစဉ်ခဲ့လေတော့တယ်။

အဲဒီမှာ နရသူဟာ ပုံသကူမထေရ်ကို ပင့်ပြီးတော့ နောင်တော် မင်းရှင်စောထံ ကြွရောက်ခေါ်ယူပေးပါလို့ တောင်းပန်ခဲ့ပါတယ်။ စစ်သည် ဗိုလ်ပါတွေနဲ့အတူ ချီတက်ပြီး နေရင် ရက်ကြာနေမယ်။ ဒါကြောင့် လေးတစ်စင်း မြင်းတစ်စီးနဲ့သာပဲ သွားရောက်ပြီး အမြန်လာရောက်ပြီး ထီးနန်းကို သိမ်းပိုက် ဖို့ရာ ပြောကြားပေးပါလို့ စေလွှတ်တောင်းပန်ခဲ့ပါတယ်။

အဲဒီအခါမှာတော့ ပုံသကူမထေရ်က ‘ငါခေါ်လို့ ရောက်တဲ့အခါ သူ့ကို မင်းမမြှောက်ဘဲ နေခဲ့ရင်တော့.. အင်း.. ငါ့မှာတော့ ရဟန်းတရားနဲ့ မညီရှိတော့မယ်’လို့ ပြန်ပြောခဲ့ပါတယ်။

အဲဒီအခါမှာတော့ နရသူက ‘နောင်တော်ကို ခားထမ်းပြီး နန်းတင်ပါမယ်’လို့ သစ္စာပြုကတိစကား ဆိုပါတယ်။ ဒါကြောင့် ပုံသကူမထေရ်ဟာ နရသူရဲ့ သစ္စာစကားကို ယုံကြည်တာကြောင့် မင်းရှင်စောထံ ကြွသွားပြီးတော့ အပါခေါ်ဆောင်ခဲ့ပါတော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလို ပုဂံသို့ မင်းရှင်စော ရောက်တော့ နရသူပုကာဆိုခဲ့တဲ့ စကားအတိုင်း နန်းတင်ခဲ့ပါတယ်။ နန်းတင်ပြီး ဘိသိက်သွင်းပြီးတော့တဲ့ အဲဒီညမှာပဲ စားပွဲမှာ အဆိပ်ခတ်ပြီး ကျွေးခဲ့တာကြောင့် မင်းရှင်စော နတ်ရွာစံခဲ့ပါတော့တယ်။

အဲဒီအကြောင်းကို ပုံသကူမထေရ် ကြားသိရလေတော့ နန်းတော်သို့ ကြွလာခဲ့ပြီးတော့ နရသူကို 'ဟယ်.. မင်းဆိုး မင်းညစ် လောကမှာ သင့်ထက် ယုတ်တဲ့မင်းဆိုတာ မရှိတော့'လို့ ကဲ့ရဲ့ ရွတ်ချခဲ့ပါတယ်။ မကြောက်မလန့်နဲ့ပါပဲ…။

အဲဒီနောက်မှာလဲ ပုံသကူမထေရ်ကပဲ…

'လူ့ပြည်မှာလဲ သင့်ထက် ဆိုးသွမ်းညစ်ညမ်းတဲ့လူ မရှိ'လို့ ပြစ်တင် ရွတ်ချတော်မူခဲ့ပြန်ပါတော့တယ်။

အဲဒီနောက် ပုံသကူမထေရ်ဟာ မင်းဆိုးမင်းညစ် အုပ်စိုးတဲ့နေရာမှာ မနေလိုတော့တာကြောင့် သိန်းယိုကျွန်းသို့ ကြွသွားခဲ့ပါတော့တယ် ဆိုပါတယ်။

ပြီး.. ဒီပုံသကူမထေရ်ဟာတဲ့ နရပတိစည်သူမင်းလက်ထက်မှာလဲ လုပ်ဆောင်ချက်တစ်ရပ်ကို ဆင်နွှဲခဲ့ပြန်ပါတော့တယ်။

အဲဒီ နရပတိစည်သူမင်းဟာ စူဠာမဏိ ဘုရားတည်ဖို့ရာအတွက် ချောက်ကမ်းပါးကြီးကို ဖြေဖို့စေခဲ့တယ် ဆိုပါတယ်။

အဲဒီမှာ ပုဂံသူ ပုဂံသားတွေဟာ အဲဒီကြီးမားလှတဲ့ ချောက်ကမ်းပါးကြီးတွေကို ဖို့ညှိရာမှာ သိပ်ကို ပင်ပန်းဆင်းရဲကြကုန်ပါတယ်။ အဲဒီလို





လူသူအများ ဆင်းရဲပင်ပန်းနေကြတာကို သိရတော့ ပုံသကူမထေရ်က နရပတိစည်သူကို 'မင်းကြီး ယခုပြုသောအမှုဟာ ကောင်းမှုမဟုတ်ဘူး.. မကောင်းမှုသာပဲဖြစ်တယ်'လို့ ရဲရဲတောက် စကားဆိုလာခဲ့ပါတယ်။

အဲဒီခေတ်တုန်းက မင်းတွေဟာ တန်ခိုးအာဏာ သိပ်ကို ပြင်းထန်ကြပါတယ်။ သူတို့က သေစေဆိုရင် သေလိုက်ရတာပဲ ဖြစ်ပါတယ်။ မှားနေတဲ့အရာပဲ ဖြစ်နေပါစေတော့ ဒါကို ပြန်ပြောဖို့ရာ မဖြစ်နိုင်တဲ့ အာဏာရှင်တွေပဲ ဖြစ်ကြပါတယ်။

ဒါပေမဲ့ ပုံသကူမထေရ်ဟာ အာဏာပိုင်ကို နှုတ်..ရေးနဲ့ ရဲရဲတောက် တော်လှန်ခဲ့ပါတယ်။

အများပြည်သူတွေအတွက် ဝံ့ဝံ့စားစား ပေါ်လှန်ပြောဆိုခဲ့တာပဲ ဖြစ်ပါတယ်။ ဒီပုံသကူမထေရ်ဟာ အာဏာပိုင်မင်းကို ပြုမူရဲခဲ့တဲ့ လုပ်ရပ်ကို အလေးအနက် သုံးသပ်တော့ ဒါဟာ မှန်ကန်တဲ့ တော်လှန်ရေးအတွက် လမ်းညွှန်လုပ်ဆောင်ချက်ပဲ ဖြစ်ခဲ့တယ်လို့ ဆိုရတာပါပဲ…။

ချီးကျူးစံထားဖွယ်ရာပါ…။

ဒီလိုပဲ မိမိတို့မြန်မာသမိုင်းတစ်လျှောက်မှာ ပုံသကူမထေရ်ကဲ့သို့ပါပဲ ဖြစ်ပါတယ်။ အများပြည်သူတွေအတွက် ရဲဝံ့စွန့်စားရဲတဲ့ တော်လှန်ရေးကို ခေါင်းဆောင်ရဲခဲ့ကြတဲ့ ရဟန်းတော်တွေ အများအပြားပဲ ရှိခဲ့ကြပါသေးတယ် ဆိုတာပါပဲ…။

ဒီလို ကာလဒေသ ပယောဂအနေနဲ့ ရင်ဆိုင်ခဲ့ရတဲ့ အခြေအနေအမှုကို အတုတော်လှန် စွန့်စားခဲ့ကြတာပဲ ဖြစ်ပါတယ်။ ဒါကြောင့်

www.burmeseclassic.com

www.burmeseclassic.com

ထင်ပေါ်ကျော်ကြားမှုလဲ ရှိကြပါတယ်။ ဒါနဲ့အတူ တော်လှန်ရေးတာဝန် ကျေပွန်ခဲ့ကြတာလဲ အများအပြားပဲ ဖြစ်ကြပါတယ်။

အဲဒီမှာ ဆီးဘန်နီဆရာတော်ဆိုတာ ရှိခဲ့ပါတယ်။ သေသော်မှ တည့် ဩဘာကောင်း၏ တမ်းချင်းကဗျာနဲ့ သူ့ကျွန်မခံရေးကို တပ်လှန့် ပေးတဲ့ ရဟန်းတော်ပဲ ဖြစ်ပါတယ်။

ဒီလို ပုဂ္ဂိုလ်တွေလဲ အများအပြားပါပဲ..။ သူတို့ဟာ မိမိတို့ရဲ့ တပည့်လက်သားတွေကိုလဲ သူတို့ဟာ ခေါင်းဆောင်ပီပီ တော်လှန်ရေးရဲ့ မကြောက်တရားကို ဟောကြားခဲ့ကြတာပဲ ဖြစ်ကြပါတယ်။

တချို့ကလဲ အတွင်းကျိတ် စည်းရုံးပြီးတော့ နှိုးဆွခဲ့သူတွေလဲ ရှိခဲ့ကြပါတယ် ဆိုတာပါ...။

ဒီလိုနဲ့ ကျွန်ဘဝက လွတ်မြောက်ရေးအတွက် ခေါင်းဆောင်ပြီး တော့ တော်လှန်ရေးကို ကိုယ်တိုင်ပါဝင်ခဲ့တဲ့ ရဟန်းတော်တွေလဲ ရှိခဲ့ ကြပါတယ်။ ၁၃၀၀ ပြည့် တော်လှန်ရေးတိုက်ပွဲ အရေးတော်ပုံကြီးမှာ တော့ တစ်နိုင်ငံလုံးက ရဟန်းတော်တွေဟာ ပါဝင်ဆင်နွှဲခဲ့ကြပါတယ်။

အဲဒီထဲမှာ မန္တလေးမှာ ကျဆုံးခဲ့ရတဲ့ အာဇာနည် ဆယ့်ခုနစ်ဦး အနက်မှာ ရဟန်းတော် ခုနစ်ပါး ပါဝင်ခဲ့ပါတယ်။

ပြီး.. ထိန်ကိုက်ဒဏ်ရာရသူ ထောင်တန်းကျသူ ရဟန်းတော် အရေအတွက်မှာတော့ များပြားလှပါတယ်။ ပြီး.. ရခိုင်ရဟန်းတော် ဦးဝိစ္စရ၊ ဦးပညာသီဟတို့ဟာ မြန်မာ့တော်လှန်ရေး အဆက်ဆက်မှာ အလှမ်းမီသမျှ ပါဝင်ခဲ့ကြပါတယ်။



ဖက်ဆစ်တော်လှန်ရေးမှာလဲ ထူးထူးခြားခြား ပါဝင်ဆင်နွှဲခဲ့ကြ ပါတယ်။ အများပြည်သူတွေအတွက် လောကဓံရဲ့ ဒုက္ခအမျိုးမျိုးတို့ကို ရင်ဆိုင်ခဲ့ပြီးတော့ တော်လှန်ရေးနဲ့ အများအတွက် ခေါင်းဆောင် ရေ့ရှုက်တာဝန် ကျေပွန်ခဲ့ကြပါတယ်။

အဲဒီထဲမှာ ထင်ရှားသူက ဆရာတော် ဦးဥတ္တမ၊ ပြီး.. ဆရာတော် ဦးဝိစာရဆိုရင် တော်လှန်ရေးသမိုင်းမှာ မီးရှူးတန်ဆောင်ပမာ အလေးထား ခဲ့ကြရသူတွေသာပဲ ဖြစ်နေခဲ့ကြပါတယ် ဆိုတာပါ...။

အဲဒီမှာ စစ်တွေမြို့သား ဦးဥတ္တမ ကိုယ်တော်ကြီးဟာ ကမ္ဘာ့ အရှေ့တိုင်း၊ အနောက်တိုင်း နိုင်ငံအသီးသီးသို့လဲ လှည့်လည်ခဲ့ပါတယ်။

သူဟာ ဘာသာရပ် အများအပြားကိုလဲ သင်ကြားတတ်မြောက် ထားခဲ့သူပဲ ဖြစ်ပါတယ်။ ပြီး.. သူဟာ ကမ္ဘာ့ကျော်ခေါင်းဆောင် ပုဂ္ဂိုလ်ကြီးတွေနဲ့ နိုင်ငံအတွက် တွေ့ဆုံဆွေးနွေးခဲ့သူလဲပဲ ဖြစ်ခဲ့ပါတယ်။

ဆရာတော်ဟာ မြန်မာနိုင်ငံကို အခြားနိုင်ငံများလိုပဲ တိုးတက် ကြီးပွားစေလိုခဲ့ပါတယ်။

အဲဒီဆန္ဒနဲ့ပဲ အမျိုးသားရေး၊ နိုင်ငံရေးတရားတွေကို ဟောပြော ခဲ့ပါတယ်။

သူဟာ သတင်းစာဂျာနယ်တွေမှာလဲ စာပေတွေကို ရေးသားပြီး တော့ အမျိုးသား လွတ်မြောက်ရေးကို အစဉ်လှုံ့ဆော်နေခဲ့သူပဲ ဖြစ်ခဲ့ပါတယ်။

ပြီး.. ဝိုင်အမ်ဘီအေအသင်းကြီးတွေနဲ့ အခြားနိုင်ငံရေး အသင်း တွေမှာ ကိုယ်တိုင်ပါဝင် ဆောင်ရွက်ခဲ့လေတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီလိုနဲ့ ဆရာတော်ဦးဥတ္တမဟာ မြန်မာနိုင်ငံ သူ့ကျွန်ဘ၀က လွတ်မြောက်ရေးကို အစဉ်ကြိုးစား[illegible]ပါတယ်။

ပြီး.. တိုင်းရင်းသားအပေါင်းတို့ သွေးစည်းညီညွတ်ရေးနဲ့ နိုင်ငံခြားတိုင်းပြည်တွေနဲ့ ရင်ဘောင်တန်း ရပ်တည်နိုင်ရေးအတွက် အပြင်းအထန် ကြိုးစားဆောင်ရွက်ခဲ့ပါတယ်။

ဒီနောက် အင်္ဂလိပ်အစိုးရကို ဆန့်ကျင်တော်လှန်ရေးမှာ ရဲရဲဝံ့ဝံ့ ပြောကြားလုပ်ဆောင်ခဲ့တာကြောင့် ထောင်အကြိမ်ကြိမ် ကျခဲ့ရပါတယ်။

ဆရာတော်ဦးဥတ္တမဟာ 'ဆာရယ်ဂျီနယ်ကရက်ဒေါက်အသင် မြန်မာပြည်က ထွက်သွားပါ' ဆိုတဲ့ စာကို အဲဒီတုန်းက အင်္ဂလိပ်လူမျိုး ဘုရင်ခံထံ ပေးပို့ခဲ့ပါတယ်။

ပြီး.. အဲဒီစာကိုလဲ သတင်းစာမှာလဲ ဖော်ပြခဲ့ပါတယ်။ ဒါကြောင့် ပြည်သူတစ်ရပ်လုံးဟာ တော်လှန်ရေးစိတ်ဓာတ်မှာ နိုးကြားတက်ကြွစိတ်တွေ အထူးဖြစ်ပေါ် နိုးကြားလို့ လာခဲ့ကြပါတော့တယ်။ မကြောက်တရားတွေ ပွားများလို့ လာခဲ့ကြပါတော့တယ်။

ဒါကြောင့်ပဲ ဆရာတော်ဦးဥတ္တမဟာ မြန်မာ့တော်လှန်ရေး သမိုင်းမှာ မီးရှူးတန်ဆောင်သဖွယ် ဖြစ်ခဲ့ရပါတယ်။

ပြီး.. မြန်မာ့တော်လှန်ရေးသမိုင်းမှာ အထူး ထွန်းလင်းတောက်ပြောင်လို့ ရှိနေသေးတဲ့ ရဟန်းတော်တစ်ပါးကတော့ ဆရာတော်ဦးဝိစာရပဲ ဖြစ်ပါတယ်။



ဆရာတော်ဟာ နယ်ချဲ့လက်အောက်က မြန်မာနိုင်ငံ လွတ်မြောက်ရေးအတွက် တော်လှန်ရေး မကြောက်တရားကို မနားမနေ ဟောခဲ့ပြောခဲ့ လုပ်ဆောင်ခဲ့ပါတယ်။ မြန်မာတိုင်းရင်းသားတွေအဖို့ အင်္ဂလိပ်အစိုးရဟာ ကြောက်စရာ့ဟုတ်..၊ ရွံ့စရာလဲမဟုတ်..၊ လူလူချင်း အတူတူပဲ ဖြစ်တယ်။ တိုင်းပြည်လွတ်လပ်ရေးအတွက် ရဲရဲဝံ့ဝံ့ ပြောကြ၊ လုပ်ကြ၊ နောက်မဆုတ်ကြပါနဲ့ဆိုတဲ့ မကြောက်တရားကို တွင်တွင်ဟောကြားခဲ့ပါတယ်။

အဲဒီ မကြောက်တရားနဲ့ဘဲ အင်္ဂလိပ်အစိုးရကို ချောက်ချားစေခဲ့ပါတယ်။ အဲဒီ မကြောက်တရားနဲ့ဘဲ တိုင်းရင်းသားတွေကို တော်လှန်ရေး အမြင် ပေးခဲ့ပါတယ်။ အသိပေးခဲ့ပါတယ်။

ပြီး.. တော်လှန်ရေးသတ္တိကို မွေးခဲ့ကြပါတယ်။ အဲဒီအကြောင်းကြောင့်[illegible] ဆရာတော်ကို အင်္ဂလိပ်အစိုးရက ထောင်ထဲသို့ အကြိမ်ကြိမ် ပို့ခဲ့ပါတယ်။ ဆရာတော်ဟာ ထောင်နဲ့အပြင် ထောင်နဲ့တရားဟော စင်မြင့်ကို အလဲအလှယ် သီတင်းသုံးခဲ့ရပါတယ်။

မကြောက်တရား၊ တော်လှန်ရေးအတွက် လွတ်မြောက်ကြောင်း တရားတွေကို အစဉ်ဟစိုက် ဟောပြောခဲ့ပါတယ်။ အင်္ဂလိပ်အစိုးရ အဖို့မှာတော့ ဆရာတော်ဟာ အနှောင့်အယှက် ကြီးမားလာခဲ့ပါတယ်။ ဒါကြောင့် ဆရာတော်ကို စိတ်မနှံ့တော့ဘူးလို့ လုပ်ကြံခဲ့ပြီးတော့ (တံတားလေးစိတ္တဇ ဆေးရုံ) (စိတ်ရောဂါအထူးကု)ဆေးရုံသို့ ပို့လိုက်ခဲ့ကြပါတယ်။

ဒါပေမဲ့လဲ ဒီလမ်းလျှောက်ခဲ့တဲ့ ဦးဝိစာရပ[illegible] အလျှော့မပေးခဲ့ပါဘူး။ အစာငတ်ခံ ဆန္ဒပြခဲ့ပါတယ်။ အဲဒီလို ဆန္ဒ[illegible]ရင်းနဲ့ပဲ ပျံလွန်ေတ[illegible]

www.burmeseclassic.com



မှခဲ့ရပါတယ်။ ဦးဝိစာရ ပွဲလွှန်တော်မူကာနီးမှာတော့ ခုလို မှာကြားခဲ့ပါတယ်။ 'လိမ္မာရစ်ကြပါ'ပဲ ဖြစ်ပါတယ်။

ဆရာတော်ရဲ့ အဲဒီစကားဟာ ပြည်ထောင်စုသားအပေါင်းရဲ့ တော်လှန်ရေး ခရီးစဉ်မှာ ထွန်းပြောင်တောက်ပတဲ့ လမ်းညွှန်လမ်းပြပဲ ဖြစ်ခဲ့ကြရပါတယ်။

သမိုင်းရေစီးကြောင်းဟာ အများပြည်သူ တိုင်းရင်းသား အပေါင်းတွေအတွက် အကျိုးမပြုခဲ့တဲ့ စနစ်တို့ရဲ့ လုပ်ရပ်များတွေမှာ တော်လှန်တိုက်စားဖို့မှာ ရှိနေမြဲဘဲ ဖြစ်ခဲ့ကြရပါတယ်။

အမှန်တရား ရေစီးကြောင်းရဲ့ သမိုင်းဖြတ်သန်းရာ ခရီးတလျှောက်မှာ ရှင်သန်လှုပ်ရှားနေခဲ့တဲ့ မှန်ကန်တဲ့ တော်လှန်ရေးယန္တရားပဲ ဖြစ်ခဲ့ပါတယ်။

ခေတ်ရေစီးကြောင်းရဲ့ သမိုင်းစဉ်မှာ သာသနာ့ဝန်ထမ်းတွေနဲ့ အတူပါ။ ပါဝင်ဆင်နွှဲ လက်တွဲမဖြုတ်ခဲ့ဘူး ဆိုတာပါ..။ လက်တွဲမပျက် ချီတက်ခဲ့မြဲပဲ ဆိုတာပါ..။

သူတို့တွေဟာ ခုလို ဟောကြားပြောဆို ဦးဆောင်ဦးရွက် မြွက်ဟနေခဲ့ကြလို့သာပဲ နေမြဲနေဆဲနေကြမှာလဲပဲ ဖြစ်လို့နေခဲ့တယ်ပဲ ဆိုတာပါ..။

သူတို့တွေဟာ ဒီတာဝန်ကို ထမ်းဆောင်ခဲ့ ထမ်းဆောင်ဆဲ ထမ်းဆောင်မြဲ ထမ်းဆောင်ရွက်ဖို့ရာ ထမ်းဆောင်ကာ ကျေပွန်လို့နေမယ်သာ ဆိုတာပါ။ နို့မဟုတ်ရင်တော့ အမှန်တရားဆိုတာ ထိပါးခံနေကြရမှာပဲ ဖြစ်ပါတယ် ဆိုတာပါ။

ဒါကြောင့် မှန်တာဖွင့်ချ ဖွင့်ဟနေကြရမှာပဲ ဖြစ်ပါတယ် ဆိုတာပါလေ...။



## အရေးပါတာတစ်ခု

'အရေးပါတဲ့ ကိစ္စတစ်ခုခု ဖြစ်နေတဲ့အခါမှာ နှုတ်ဆိတ်နေတာဟာ တာဝန်မဲ့မှုသာပဲ...'

(အေ-အဲစ်-ပိုစန်ဘဲလ်)

## လင်းလုရောင်နီ

❖ မြရည်သိပ်သိပ် တောင်ညှိုရိပ်လည်း
တိတ်ဆိတ်ငြိမ်သက် စက်ပျော်လျက်တည့်..
ဟိုသည်ပျံ့လွှား ညငှက်များလည်း..
စကားမာဂထာ.. မြည်တမ်းကာလျှင်..
ဘာသာပျော်ပွဲ ဆင်ယင်ဆဲတည့်..

❖ လောက ကမ္ဘာ ဤအခါဝယ်..
ခြံလွှာမည်းနက်.. လွှမ်းခြုံလျက်လျှင်..
ကြောက်ါမက်ဖွယ်ရာ.. ဖန်လျက်သာတည့်..
စာဆိုသင်ကား မှောင်မိုက်ကြားမှ..
သွားမည်စိတ်မှန်း.. ရှေ့သို့လှမ်းသော်..
လမ်းမညီညာ တွေ့ရပါလည်း..
ဆည်းဆာနေဝန်း ထွက်ပြူထွန်းစ..

www.burmeseclassic.com

www.burmeseclassic.com


တင့်ရွှန်းရောင်ဝါ နံနက်ခါလျှင်..

မကြာမြင့်မီ ရှေ့ရပ်ဆီမှ..

လှည့်လည်လာဦးမည်သာတည်း...။

(နုယဉ်) တဈောများ မှ

ငြိုးပါငြီ

တျှန်းမောချမ်းသာကြပါစေ

ဖာန်ဒေအောင်(ရွှေဝတီ)

၂၇-၈-၂၀၁၀

နံနက် (၁၁း၄၅)မိနစ်

**** **** ****

www.burmeseclassic.com